# MTSH

## MYANMAR THILAWA SEZ HOLDINGS PUBLIC CO.,LTD



# 2020-2021

# ANNUAL REPORT

# CONTENTS

Annual Report 2020-2021


02 Chairman's Message

06 Corporate Profile

26 Corporate Governance

38 Group Financial Highlights

41 Sustainbility & SDGs Report

63 Directors' Report

67 Independent Auditor's Report

69 Financial Statements

73 Notes To The Financial Statements



# *Chairman's Message*

# DEAR SHAREHOLDERS,

We are navigating our businesses through global pandemic crisis, local political and economic crisis at the same time, since 2020-2021 Financial Year is the most challenging year within these two decades. In every crisis, there is an opportunity, if we know where to look. With the unity of MTSH's board of directors and strong hard working management teams and workforce have proved that we can overcome this challenging situation with positive result even during such challenging year. 2020-2021 earnings are up by 93 percent increased from 4.577 billion kyats to 8.846 billion. Our earnings per share this year is at 218 ks per share which is almost double of what it was last year due to our Company's good and swift financial management of our reserves. We have also managed to keep our costs down and become more productive workforce resulting in 24% savings from our selling and administrative expenses.

Our investments in Myanmar Japan Thilawa Development Company Limited (MJTD) for the development of Thilawa Special

## In every crisis, there is an opportunity, if we know where to look.

Economic Zone has managed to return a positive result due to its recurring income generate from utility businesses and rental factory business unit. However due to slow down in FDI in the country, new land leases have slow down dramatically resulting in share of income from MJTD 2.581 billion kyats compare to 8.628 billion kyats last year. Positive point is that 85% of 113 factories from 20 countries factories located in Thilawa SEZ have resume back their operations almost back to normal. We do expect some factories will take longer to resume their operations in such unprecedented times. For MJTD to become more resilient, we have made a direction to automate some of work flows and remote working. MJTD is also looking to replace some portion of our utilities with renewable energy source in the near future, so that not only it will bring financial benefits but also to contribute towards United Nations Sustainable Development Goals, contributing towards better social and environment benefits. Since MJTD started Thilawa SEZ eight years ago, we have attracted 2.1 billion dollar worth of investments and created over twelve thousand direct employment and we believe we will be able to continue attracting investments once international business environment has improved since Thilawa SEZ offers the best infrastructure for factories in Myanmar.

I would also like to report that, there is new Thilawa SEZ management committee Chairman, U Yan Naing Tun, who is working closely and facilitate for the needs of investors to create a more favorable business investment.

Thilawa SEZ have always been a symbolic friendship development between Myanmar and Japan in all asepcts of both economic and social development. I am confident that strong collaboration between the two nations will ensure our Thilawa SEZ development more prosperous and enjoy a fast recovery and continuous success of MJTD.

Our subsidiary company Thilawa Property Development Company Limited (TPD) also enjoy 21% increase in revenue deriving to 1.9 billion kyats and net profit of 1.79 billion kyats compare to net loss of 635 million kyats. It was achieve through 72% of land lease and 13% from rental income and balance 15% from utility and other services income. With the careful management, retraining and restructuring of TPD's organization structure, also contributed 39% reduction in administrative expense. We are working on plans to attract more residence and visitors to Thilawa Garden City by creating social amenities and beautiful landscape that can't be enjoy in busy Yangon City. Business Continuity Plan (BCP) is our highest priority especially during this disruptive time with COVID 19 pandemic. We have managed to vaccinate 98% of our 219 strong staffs in our Group. In addition to that, we have coordinated with the stakeholders to vaccinate 11,009 staffs and 645 family members working inside Thilawa SEZ, thanks to the kind arrangement of Thilawa SEZ Management Committee. MTSH have made a commitment to take care of all our staffs and their families with regards to COVID 19 infection. This has reassured our staffs and created a stress free environment. We are still maintaining shift work and work from home to safe guard and minimize the spread of COVID 19 within our working environment.

Although business is in downturn we have continue with our CSR activities as per normal to support our communities. In the education sector, we have donated school supplies to students and gave scholarship and contributed for skill development programs for high school students and young adults. For healthcare support, we have distributed oxygen cylinders and much needed medical supplies and

personal protective equipment to protect and combat COVID 19 Pandemic.

During this financially difficult time, it wasn’t an easy decision for us to propose a dividend for shareholder approval since we have many new projects in the pipeline which we needed to invest for the future benefit of our shareholders. However, our Board of Director recognizes the needs of our shareholders and decided (100 ks) per share as dividend after managing carefully of our future finances. I would like to express my deepest gratitude and thanks to our shareholders for their trust, understanding and promise to continuously develop the businesses that will benefit for our stakeholders

# လေးစားအပ်ပါသော အစုရှယ်ယာရှင်များခင်ဗျား

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်သည် ဆယ်စုနှစ်နှစ်ခုအတွင်း တစ်ကမ္ဘာလုံးဆိုင်ရာ ကူးစက်ရောဂါကပ်ဘေး၊ ဒေသတွင်းနိုင်ငံရေးနှင့်စီးပွားရေး အကျပ်အတည်းများ တချိန်တည်းကျရောက်လျက်ရှိသည့် ကာလများဖြစ်သည့်အတွက် ကျွန်တော်တို့၏လုပ်ငန်းများကို အောင်မြင်စွာ ဆက်လက်ဖော်ဆောင်နိုင်ရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော နှစ်တစ်နှစ်ဖြစ်ခဲ့ပါသည်။ ထိုကဲ့သို့ အကျပ်အတည်းများ မည်သို့ပင်ရှိစေကာမူ ကျွန်တော်တို့လျှောက်လမ်းရမည့်လမ်းကို မှန်ကန်စွာရွေးချယ်နိုင်ပါက အခက်အခဲများ စိန်ခေါ်မှုများမှ အခွင့်အရေးများဖြစ်လာအောင် စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ MTSH ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၏ စည်းလုံးမှု၊ စီမံခန့်ခွဲရေးကျွမ်းကျင်မှုနှင့် ကြိုးပမ်းအားထုတ်မှုတို့ကြောင့် စိန်ခေါ်မှုများ ရင်ဆိုင်ခဲ့ရသည့်နှစ်အတွင်း ထိုက်တန်သည့် အကျိုးရလဒ်ကောင်းများဖြင့် ကျော်လွှားနိုင်ခဲ့ပြီဖြစ်ရာ ၂၀၂၀- ၂၀၂၁ ခုနှစ် ဝင်ငွေမှာ အခွန်ဆောင်ပြီး ကျပ် ၄.၅၇၇ ဘီလီယံမှ ကျပ် ၈.၈၄၆ ဘီလီယံအထိဖြစ်လာပြီး ၉၃ % တိုးတက်လာခဲ့ပါသည်။ ကုမ္ပဏီ၏အရံငွေများအပေါ် ကောင်းမွန်လျင်မြန်သည့် စုပေါင်းဆုံးဖြတ်သည့် ငွေကြေးစီမံခန့်ခွဲမှုကြောင့် ယခုနှစ်တွင် ကျွန်တော်တို့၏ အစုရှယ်ယာတစ်စုလျှင် ဝင်ငွေ ၂၁၈ ကျပ် ရှိခဲ့ပြီး ယခင်နှစ်ထက် နှစ်ဆနီးပါးမြင့်တက်ခဲ့ပါသည်။ ကုမ္ပဏီတွင်း ကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်ခဲ့သည့်အားလျော်စွာ စီမံခန့်ခွဲမှုစရိတ်များမှ ၂၄ % သက်သာပြီး အကျိုးပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျွန်တော်တို့ MTSH သည် သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Myanmar Japan Thilawa Development Company Limited (MJTD) အဖြစ် ဖက်စပ်ကုမ္ပဏီ (JV Co) ဖွဲ့စည်းကာ ရင်းနှီးမြှုပ်နှံမှု သက်သက်သာမဟုတ်ဘဲ၊ စီမံခန့်ခွဲမှုများကိုပါ မိမိတို့ဒါရိုက်တာအဖွဲ့ဝင်အချို့နှင့် ဝန်ထမ်းအချို့ကိုပါ တာဝန်ပေးလုပ်ဆောင်လျှက်ရှိပါသည်။ MJTD တွင် လုပ်ငန်းသုံးဝန်ဆောင်မှုလုပ်ငန်း (Utility Service Businesses Unit) နှင့် အသေးစား၊ အလတ်စားစက်ရုံများ ဆောက်လုပ်ငှားရမ်းခြင်းလုပ်ငန်း (Rental Factory Business Unit) တို့မှ ဝင်ငွေများဆက်လက်ရရှိရေးအတွက် စီမံထားရှိပြီးဖြစ်ပါသည်။ COVID 19 ကပ်ဘေးနှင့် အခြေအနေအရပ်ရပ်ကြောင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု ကျဆင်းခဲ့ခြင်းကြောင့် မြေငှားရမ်းခြင်းလုပ်ငန်းအတွက် MJTD မှ ဝင်ငွေမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၈.၆၂၈ ဘီလီယံကျပ် မှ ၂.၅၈၁ ဘီလီယံကျပ်အထိ သိသိသာသာလျော့နည်းခဲ့ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ နိုင်ငံပေါင်း (၂၀) မှ စက်ရုံပေါင်း (၁၁၃) ရုံ လာရောက်ရင်းနှီးမြှုပ်နှံတည်ဆောက်လျှက်ရှိပြီး၊ လုပ်ငန်းလည်ပတ်နေသော စက်ရုံ၊ အလုပ်ရုံ (၉၃)ခု အနက်မှ ၈၅% ခန့် စက်ရုံများ ပုံမှန်နီးပါးလုပ်ငန်းလည်ပတ်လျက်ရှိပါသည်။ MJTD အနေဖြင့် မဝေးတော့သည့် အနာဂတ်တွင် မိမိတို့၏ဝန်ဆောင်မှုလုပ်ငန်းတချို့အား နိုင်ငံတော်၏ အားပေးလမ်းညွှန်မှုနှင့်အညီ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်ဖြင့် အစားထိုးရန် ကြိုးပမ်းလျက်ရှိပြီး ၎င်းမှ ငွေကြေးအကျိုးအမြတ်များသာမက ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (SDG)နှင့်အညီ လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးတို့ကို ပံ့ပိုးသွားနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ သီလဝါအထူးစီးပွားရေးဇုန်အား MJTD အနေဖြင့် လွန်ခဲ့သောရှစ်နှစ်ခန့်ကတည်းက စတင်တည်ထောင်ခဲ့ရာ အမေရိကန်ဒေါ်လာ ၂.၁ ဘီလီယံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ခဲ့ပြီး အလုပ်အကိုင်ပေါင်း (၁၃,၀၀၀)ခန့်ကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန်သည် နိုင်ငံတကာအဆင့်မီ အခြေခံအဆောက်အအုံများ တည်ဆောက်ထားခြင်းဖြစ်သောကြောင့် နိုင်ငံတကာစီးပွားရေးအခြေအနေများ ပိုမိုကောင်းမွန်လာသည့်အခါ ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ဆွဲဆောင်သွားနိုင်မည်ဟု ယုံကြည်ပါသည်။

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ (TSMC)၏ ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းသည် သီလဝါအထူးစီးပွားဇုန်အတွင်း ရင်းနှီးမြှုပ်နှံသူများ၊ စက်ရုံအလုပ်ရုံများ၏ လိုအပ်ချက်များကို အချိန်နှင့်တပြေးညီ ကြိုးကြပ်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ရင်းနှီးမြှုပ်နှံသူများ၊ စက်ရုံလုပ်ငန်းများ လုပ်ဆောင်ရာတွင် များစွာအဆင်ပြေချောမွေ့လျက်ရှိပါကြောင်း တင်ပြလိုပါသည်။

သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနှင့်ဂျပန်နိုင်ငံတို့ကြား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့၏ ပြယုဂ်တစ်ခုဖြစ်သည်နှင့်အညီ နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကများအကြား ခိုင်မာယုံကြည်စွာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျွန်တော်တို့ MJTD မှ ဖော်ဆောင်လျှက်ရှိသော သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်၍ လျင်မြန်စွာပြန်လည်ဦးမော့လာကာ စဉ်ဆက်မပြတ်အောင်မြင်မှုများရရှိလိမ့်မည်ဟု ခိုင်မာစွာယုံကြည်ပါသည်။

## အကျပ်အတည်းများ မည်သို့ပင်ရှိစေကာမူ ကျွန်တော်တို့လျှောက်လှမ်းရမည့်လမ်းကို မှန်ကန်စွာ ရွေးချယ်နိုင်ပါက အခက်အခဲများ၊ စိန်ခေါ်မှုများမှ အခွင့်အရေးများ ဖြစ်လာအောင် စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။

ကျွန်တော်တို့၏ နောက်ထပ်ကုမ္ပဏီတစ်ခုဖြစ်သည့် Thilawa Property Development Company Limited (TPD) သည် ယခုနှစ်ဝင်ငွေကျပ် ၁.၉ ဘီလီယံကျပ်ရရှိခဲ့ပြီး ယခင်နှစ် အရှုံးကျပ်သန်း ၆၃၅ နှင့်နှိုင်းယှဉ်ပါက ယခုနှစ်အသားတင်အမြတ်ငွေကျပ် ၁.၇၉ ဘီလီယံကျပ်အထိ ရရှိခဲ့သည့်အတွက် ဝင်ငွေ ၂၁% တိုးတက်လာခဲ့ပါသည်။ ရရှိသည့်ဝင်ငွေတွင် နှစ်ရှည်မြေငှားရမ်းခမှ ၇၂%၊ အဆောက်အဦးငှားရမ်းမှုများမှ ၁၃% နှင့်လုပ်ငန်းသုံးဝန်ဆောင်မှုလုပ်ငန်းနှင့် အခြားဝန်ဆောင်မှုများမှ ၁၅% အသီးသီးရရှိခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် စနစ်တကျစီမံခန့်ခွဲမှုဖြင့် TPD ၏ ဖွဲ့စည်းပုံအား ပြန်လည်ဖွဲ့စည်း၍ ဝန်ထမ်းများအား ကျွမ်းကျင်မှုသင်တန်းများပေးပြီး မိမိတို့ဝန်ထမ်းများဖြင့် လုပ်ငန်းတာဝန်များ ချထားပေးနိုင်ခဲ့ခြင်းတို့ကြောင့် စီမံခန့်ခွဲမှုကုန်ကျစရိတ်မှာ ၃၉% အထိ လျှော့ချနိုင်ခဲ့ပါသည်။ သီလဝါဥယျာဉ်မြို့တော်တွင် လာရောက်ရင်းနှီးမြှုပ်နှံနေထိုင်သူများနှင့် ရန်ကုန်မြို့မှ လူများ အပန်းဖြေ အနားယူနိုင်ရန်နှင့် စက်မှုဇုန်ထုတ် လူအသုံးအဆောင်ပစ္စည်းများကို ဈေးနှုန်းသင့်တင့်စွာဖြင့် လာရောက်ဝယ်ယူနိုင်ရေးအတွက် အစီအစဉ်များ ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရင်ဆိုင်ခဲ့ရသည့်အချိန်အတွင်း ကုမ္ပဏီဝန်ထမ်းများ၏ ကျန်းမာရေးလုံခြုံစိတ်ချရမှုအတွက် ဝန်ထမ်း (၂၇၅)ဦး ကာကွယ်ဆေးထိုးနိုင်ရန် စီစဉ်ပေးနိုင်ခဲ့သည့်အတွက် မိမိတို့ဝန်ထမ်းများ၏ ကျန်းမာရေးထိခိုက်မှု အန္တရာယ်အတွက် စိုးရိမ်ကြောင့်ကြမှုမရှိစေရန် ဖြည့်ဆည်းဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် သီလဝါအထူးစီးပွားရေးဇုန်အတွင်း အလုပ်လုပ်ကိုင်လျက်ရှိသည့် စက်ရုံဝန်ထမ်း (၁၁,၀၀၉) ဦးနှင့် ၎င်းတို့၏ ဆက်စပ်မိသားစုဝင် (၆၄၅) ဦးတို့အား ကာကွယ်ဆေးထိုးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည့်အတွက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ (TSMC) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ စီစဉ်ဆောင်ရွက်မှုများအပေါ် အထူးပင်ကျေးဇူးတင်ရှိပါသည်။ မိမိတို့ ကုမ္ပဏီလုပ်ငန်းဌာနများအားလုံး Business Continuity Plan (BCP) ဖြင့် လုပ်ငန်းများအရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် COVID 19 ကာလအတွင်း ကိုဗစ် - ၁၉ ကူးစက်ပျံ့နှံ့မှုကိုလျှော့ချကာကွယ်နိုင်ရန် (Work from Home) အစီအစဉ်များဖြင့် ဝန်ထမ်းများကို အိမ်မှ တာဝန်ထမ်းဆောင်စေခြင်း၊ အလှည့်ကျခွဲ၍ လုပ်ငန်းတာဝန်များထမ်းဆောင်စေခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိအခြေအနေတွင် စီးပွားရေးများ တုံ့ဆိုင်းမှုများရှိသော်လည်း ကျွန်တော်တို့၏ လူမှုဝန်းကျင်အား ပံ့မှန်ပံ့ပိုးကူညီရန်အတွက် CSR လှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိရာ ပညာရေးကဏ္ဍတွင် ကျောင်းသုံးပစ္စည်းများ လှူဒါန်းခြင်း၊ ပညာသင်ဆုများပေးအပ်ခြင်း၊ လူငယ်၊ လူရွယ်များ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအတွက် ပံ့ပိုးလှူဒါန်းပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် အောက်ဆီဂျင်ဆလင်ဒါအိုးများ၊ လိုအပ်သော ဆေးပစ္စည်းအထောက်အပံ့များပေးအပ်ခြင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်နိုင်ရန် တစ်ဦးချင်းလိုအပ်သော အကာအကွယ်ပစ္စည်းများကို ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျွန်တော်တို့အနေဖြင့် အစုရှယ်ယာရှင်များ၏ အနာဂတ်အကျိုးအမြတ်များ စဉ်ဆက်မပြတ်ရရှိနိုင်ရန်အလို့ငှာ စီမံကိန်းဖော်ဆောင်ရန် ရင်းနှီးမြှုပ်နှံခွင့်ရရှိထားသောလိုအပ်လျက်ရှိသည့် စီမံကိန်းအသစ်များရှိသော်လည်း ကျွန်တော်တို့၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များသည် အနာဂတ်တွင် လိုအပ်မည့် ငွေကြေးလိုအပ်ချက်များကို စနစ်တကျစီမံခန့်ခွဲပြီး၊ အစုရှင်များအတွက် အမြတ်ဝေစုခွဲဝေပေးရန် ဒါရိုက်တာအဖွဲ့ဝင်များအနေဖြင့် အလေးထားဆုံးဖြတ်ခဲ့ပါသည်။ လွယ်ကူသောဆုံးဖြတ်ချက်တစ်ခုမဟုတ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။ အစုရှယ်ယာရှင်များ ရင်ဆိုင်ကြုံတွေ့နေရသော ငွေကြေးလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန် အလေးထားကာ အစုရှယ်ယာတစ်စုလျှင် (၁၀၀ ကျပ်)ကို အမြတ်ဝေစုအဖြစ်ပေးအပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ကျွန်တော်တို့အနေဖြင့် မိမိတို့အစုရှင်များနှင့် ကုမ္ပဏီအတွက် အကျိုးရှိစေမည့်လုပ်ငန်းများအား အစဉ်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အစုရှယ်ယာရှင်များ၏ တာဝန်ပေးမှု၊ ယုံကြည်အားထားမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း အလေးအနက်တင်ပြအပ်ပါသည်။



ဝင်းအောင်

ဥက္ကဋ္ဌ

# CORPORATE PROFILE

Our company, Myanmar Thilawa SEZ Holdings Public Co., Ltd. was incorporated on 3 May 2013 in Myanmar under the Companies Act as a public limited company. Our company was initially established by a Myanmar Consortium comprising of nine founding shareholders initially for participating in the Zone A industrial park development within the Thilawa Special Economic Zone, which the Myanmar Government and the Japanese Government have co-invested to develop pursuant to the Cooperation Memorandum. On the 20th of May 2016, our company's shares commenced trading on the Yangon Stock Exchange. Our company is the second company to be listed on the Yangon Stock Exchange and the first developer of a Special Economic Zone of Myanmar to do so.

Out of nine founding shareholders, remaining seven founders of the Company are as follow:

1. First Myanmar Investment Public Company Limited
2. Golden Land East Asia Development Public Company Limited
3. Myanma Agricultural & General Development Public Company Limited
4. Myanmar Edible Oil Industrial Public Company Limited
5. Myanmar Technologies and Investment Corporation Public Company Limited
6. National Development Company Group Public Company Limited
7. New City Development Public Company Limited

With ( 17, 259 ) of shareholders, MTSH is the public listed company with the highest number of shareholders in Myanmar.

Company Registration Number : 151830293
Certificate of Commencement : 66 of 2013-2014
of Business

၂၀၁၃ ခုနှစ်၊မေလ (၃)ရက်နေ့တွင် မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်ကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ်ဖွဲ့စည်းတည်ထောင် ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်အတွင်းရှိ သီလဝါဒေသတွင် မြန်မာ-ဂျပန်နှစ်နိုင်ငံအစိုးရ ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာအရ တည်ဆောက်အကောင်အထည်ဖော်မည့် အထူးစီးပွားရေးဇုန်စီမံကိန်းကို မြန်မာ - ဂျပန်ကုမ္ပဏီများဖြင့် ဖက်စပ်ကုမ္ပဏီထူထောင်၍ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။ အများပိုင်ကုမ္ပဏီ (၉) ခုမှ ဦးဆောင်ဦးရွက်ပြု၍ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို စတင်တည်ထောင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ (၂၀)ရက်နေ့တွင် ကုမ္ပဏီ၏ အထင်ကရအောင်မြင်မှုတစ်ခုအဖြစ် ရန်ကုန်စတော့အိပ်ချိန်းတွင် အောင်မြင်စွာစာရင်းဝင်နိုင်ခဲ့သည်။ ထို့ပြင် ရန်ကုန်စတော့အိပ်ချိန်းတွင် စာရင်းဝင်နိုင်ခဲ့သည့် ပထမဦးဆုံးသော အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံထားသည့်ကုမ္ပဏီဖြစ်ပါသည်။ မူလကမကထပြုသူ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (၉)ခုအနက် လက်ရှိအချိန်တွင် အောက်ပါကမကထပြုသူ ကုမ္ပဏီ (၇) ခု ကျန်ရှိပါသည် -

၁။ ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီလီမိတက်

၂။ ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

၃။ မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (အမ်အေဂျီဒီပီအယ်လ်)

၄။ မြန်မာအယ်ဒီဘယ်(လ်)အွိုင်း(လ်) အင်ဒတ်စထရီရယ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (အမ်အီးအိုင်စီအို)

၅။ မြန်မာနည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်း အများပိုင် ကုမ္ပဏီလီမိတက်

၆။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်

၇။ မြို့တော်သစ်ဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက် တို့အပါအဝင် အစုရှယ်ယာရှင်ပေါင်း (၁၇,၂၅၉) ဦးရှိလာပြီး၊ ယခုအချိန်ထိ မြန်မာနိုင်ငံတွင် အစုရှယ်ယာရှင်အများဆုံးပါဝင်သည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီဖြစ်ပါသည်။

ကုမ္ပဏီမှတ်ပုံတင်အမှတ် : ၁၅၁၈၃၀၂၉၃
လုပ်ငန်းစတင်ဆောင်ရွက်သည့် : ၆၆ (၂၀၁၃-၂၀၁၄)
လက်မှတ်အမှတ်

# VISION . MISSION . VALUES




## VISION

To invest in the development of Thilawa SEZ, Yangon Region, for all around socio and economic growth of the Republic of the Union of Myanmar and to become a regional leader attracting foreign direct investments

## မျှော်မှန်းချက်

ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါအထူးစီးပွားရေးဇုန်မှတဆင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တစ်ဝှမ်း လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အခြေခံအဆောက်အအုံများ ပေါ်ထွန်းတိုးတက်လာမှုနှင့် ဒေသတွင်းနိုင်ငံများအတွင်း နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုအများဆုံး လက်ခံရရှိသည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်။

## MISSION

To create value for all our shareholders, investors, partners, employees and communities by investing and providing reliable, sustainable business environment through the development of world class industrial and commercial infrastructure with responsible international practices and good governance ensuring long term growth

## ရည်ရွယ်ချက်

ကျွန်ုပ်တို့၏ အစုရှယ်ယာဝင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ဝန်ထမ်းများနှင့် ဒေသတွင်းအဖွဲ့အစည်းများအားလုံး ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရန် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရန်အတွက် နိုင်ငံတကာအဆင့်တာဝန်ခံသည့် လုပ်ထုံးလုပ်နည်းများ၊ ယုံကြည်စိတ်ချကောင်းမွန်သော စီမံခန့်ခွဲမှုများနှင့် ရေရှည်တည်တံ့မည့် စီးပွားရေးအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံပြီး အကျိုးစီးပွားအခွင့်အလမ်းများ ဖော်ဆောင်ရန်။

# Corporate Value

## SUSTAINABILITY
ရေရှည်တည်တံ့နိုင်ရေး

The process followed diligently to manage financial, social and environmental risks, obligations and opportunities.

## TRANSPARENCY
ပွင့်လင်းမြင်သာမှုရှိရေး

There is a real need for the business to be open with all stakeholders.

## RESPONSIBILITY
တာဝန်ခံမှုရှိရေး

Beyond normal CSR with a responsibility to prevent human rights harms, whilst ensuring corrective avenues are available for infringements.

## EFFICIENCY
အမြင့်မားဆုံးစွမ်းဆောင်နိုင်ရေး

Maximize outputs from given inputs, and in doing so, minimize costs.

## NOTABLE
မှတ်ကျောက်တင်နိုင်ရေး

Significant, memorable and worthy of attention.

## GOAL ORIENTED
မဆုတ်မနစ်သည့် ရည်ရွယ်ချက်ပန်းတိုင် ရောက်ရှိရေး

Focus on tasks and the end results of those tasks.

## TRAINING
လေ့ကျင့်သင်ကြားပေးရေး

Develop employee skills to keep the business competitive.

## HEALTH AND SAFETY
ကျန်းမာရေးစောင့်ရှောက်မှုနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး

Identify workplace health and safety risks and put together comprehensive risk mitigation measures.

# CORPORATE STRUCTURE




**Note** : Out of 9 Founding Shareholders, 7 founders are remaining
: MMS Thilawa Development Co.,Ltd owned by
(1) Mitsubishi Corporation, (2) Marubeni Corporation, (3) Sumitomo Corporation
(4) Sumitomo Mitsui Banking Corporation, (5) Mizuho Bank and, (6) MUFG Bank

# MTSH BOARD STRUCTURE



# BOARD OF DIRECTORS' PROFILE



## U WIN AUNG
**Chairman**

**Date of Appointment : 8 July 2013**

**Last Re-elected : 24 June 2020**

U Win Aung is the Chairman of the Myanmar Thilawa SEZ Holdings Public Co., Ltd. He is one of the initiators and the lead negotiator between Japan and Myanmar Government leaders as well as founder Chairman for Myanmar private sector's involvement in the implementation of the Thilawa SEZ jointly with the Japanese investors, to create investment opportunities for Myanmar Citizens.

U Win Aung founded and continues as the Chairman of the Dagon Group of Companies since its establishment in 1990. Since 1993, Dagon Group of Companies has successfully implemented property development projects. Dagon Group of Companies engages in wide range of business in general trading, residential and commercial development such as shopping malls, hotel development, integrated agricultural development, value added food industry, logistics and distribution, automobile distribution, petroleum distribution, and in other business sectors. He is the Chairman of Myanmar Agro Exchange Public Limited (MAEX) which specializes in agri value chain & infrastructure development such as Danyingon vegetables, fruits and flower wholesale market. He is also founder and Chairman of Golden Land East Asia Development Limited (GLAD), which is one of the founding public companies of MTSH. U Win Aung was elected as President of Union of Myanmar Federation of Chamber of Commerce and Industries from 2011 to 2016.

He was also Chairman of ASEAN Business Advisory Council (ABAC) (2013-2014) and Chairman of Greater Mekong Sub-region Business forum (GMS-BF) (2012-2014). He was also one of the members of National Economic and Social Advisory Council (NESAC) & UNESCAP Advisory Council.

ဦးဝင်းအောင်သည် Myanmar Thilawa SEZ Holdings Public Co., Ltd ၏ ဥက္ကဋ္ဌဖြစ်ပါသည်။ ဦးဝင်းအောင်သည် မူလအစ သီလဝါ အထူးစီးပွားရေးဇုန် အကောင်အထည်ပေါ် ပေါက်လာနိုင်ရေးအတွက် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအစိုးရအဖွဲ့အကြီးအကဲများအကြား ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပြီး ဂျပန်နိုင်ငံမှလုပ်ငန်းရှင်များနှင့်တွဲဖက်၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံခွင့်ရရှိရန်နှင့် အများပြည်သူများမှ အစုရှယ်ယာထည့်ဝင်နိုင်ရန် ပုဂ္ဂလိကကဏ္ဍမှ ဦးဆောင်ညှိနှိုင်း ကမကထပြုခဲ့သူတစ်ဦးဖြစ်ပါသည်။

ဦးဝင်းအောင်သည် Dagon Group of Companies ကို ၁၉၉၀ ခုနှစ်တွင် ဦးဆောင်တည်ထောင်ခဲ့ပါသည်။ Dagon Group of Companies သည် အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းများကို ၁၉၉၃ ခုနှစ်ကပင် စတင်၍ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်း၊ shopping mall များ၊ ဘက်စုံလယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ၊ တန်ဖိုးမြှင့်စား သောက်ကုန်ထုတ်လုပ်ငန်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ကုန်စည်ဖြန့်ဖြူးခြင်း၊ မော်တော်ယာဉ်နှင့် စက်သုံးဆီဖြန့်ဖြူးရေး လုပ်ငန်းများကို ဖော်ဆောင်လျက်ရှိသော စီးပွားရေးလုပ်ငန်းစုကြီးကို ဦးဆောင်နေသူတစ်ဦးလည်းဖြစ်ပါသည်။ နိုင်ငံတကာအဆင့်မီ တည်ငြင်းကုန်း ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန် လက်ကားဈေးကြီး၊ အခြေခံ အဆောက်အဦးများနှင့် ပွဲရုံများ၊ လူနေအဆောက်အအုံများကို တည်ဆောက် အကောင်အထည်ဖေါ်ခြင်း စီမံကိန်းကို ဖော်ဆောင်လျက်ရှိသည့် မြန်မာ အက်ဂရိုအိတ်(စ်)ချိန်း အများပိုင်လီမိတက် (Myanmar Agro Exchange Public Ltd.- MAEX) ကိုဦးဆောင်တည်ထောင်သူဥက္ကဋ္ဌတစ်ဦးဖြစ်ပါသည်။ ဦးဝင်းအောင်သည် MTSH တွင် ကနဦး ဦးဆောင်ပါဝင်တည်ထောင်သော အများပိုင်ကုမ္ပဏီများတွင် တစ်ခုအပါအဝင်ဖြစ်သော Golden Land East Asia Development Limited (GLAD) ၏ ဥက္ကဋ္ဌတစ်ဦးလည်းဖြစ်ပါသည်။

ဦးဝင်းအောင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၏ ဥက္ကဋ္ဌအဖြစ် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် အာဆီယံစီးပွားရေးအကြံပေးကောင်စီ (ABAC) ၏ ဥက္ကဋ္ဌအဖြစ် ၂၀၁၃ ခုနှစ် မှ ၂၀၁၄ ခုနှစ် အထိ၊ မဲခေါင်ဒေသခွဲစီးပွားရေးဖိုရမ် (GMS-BF)၏ ဥက္ကဋ္ဌအဖြစ် ၂၀၁၂ ခုနှစ် မှ ၂၀၁၄ ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါသည်။ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီ (NESAC) နှင့် ကုလသမဂ္ဂအရှေ့အာရှနှင့် ပစိဖိတ်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး UN-ESCAP တို့၏ အကြံပေးကောင်စီတွင် အဖွဲ့ဝင်တစ်ဦးအဖြစ်လည်း တာဝန်ယူခဲ့ပါသည်။



# U THEIM WAI

## Vice Chairman

**Date of Appointment : 8 July 2013**

**Last Re-elected : 30 March 2021**

U Theim Wai @ Serge Pun ("U Theim Wai") is the Vice Chairman of the Board of Directors and one of the Principal Shareholders of the Company. He is a Myanmar national and the Executive Chairman of FMI. In 1983, he founded Serge Pun & Associates Limited in Hong Kong SAR and eventually returned to Myanmar, the country of his birth, to establish Serge Pun & Associates (Myanmar) Limited ("SPA") in 1991.

In 1992, U Theim Wai established FMI as one of the earliest (unlisted) public companies in Myanmar. In 2006, he led Yoma Strategic to a successful listing on the Mainboard of the SGX-ST. In 2016, he also led FMI to be the first company to be listed on the YSX. He was also instrumental in listing Memories Group on the Catalist Board of the SGX-ST in 2018.

U Theim Wai is a member of the ASEAN Regional Business Council. He is a standing member of the Chinese People's Political Consultative Conference of Dalian and a member of the Asia Business Council. He is also the Chair of the International Advisory Board of Singapore Management University for Myanmar. U Theim Wai is a frequent speaker in international forums in Myanmar and ASEAN Region.

ဦးသိမ်းဝေသည် ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်ပြီး ကျွန်ုပ်တို့ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများအနက် တစ်ဦးအပါအဝင်ဖြစ်ပါသည်။ သူသည် မြန်မာနိုင်ငံသားတစ်ဦးဖြစ်ပြီး FMI ၏ အမှုဆောင်ဥက္ကဋ္ဌ ဖြစ်ပါသည်။ ၁၉၈၃ ခုနှစ်တွင် ဦးသိမ်းဝေသည် Serge Pun & Associates လီမိတက်အား ဟောင်ကောင်မြို့ (အထူးအုပ်ချုပ်ရေးဒေသ) တွင် တည်ထောင်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် အမိမြေမြန်မာနိုင်ငံသို့ပြန်လာကာ Serge Pun & Associates (Myanmar) Limited (SPA) ကို တည်ထောင်ခဲ့သည်။

၁၉၉၂ ခုနှစ်တွင် SPA ၏ အဓိကမှတ်တိုင်ဖြစ်သော FMI ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ၂၀၀၆ ခုနှစ်တွင် ဦးသိမ်းဝေ၏ ဦးဆောင်မှုဖြင့် Yoma Strategic ကို စင်္ကာပူစတော့အိတ်ချိန်း Main Board တွင် အောင်မြင်စွာစာရင်းသွင်းနိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် FMI သည် စတော့အိတ်ချိန်း၌ ပထမဦးဆုံးစာရင်းတင်သွင်းနိုင်သော ကုမ္ပဏီတစ်ခုဖြစ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် Memories Group လီမိတက်ကိုလည်း စင်္ကာပူစတော့အိတ်ချိန်း Catalist Board တွင် အောင်မြင်စွာစာရင်းတင်သွင်းနိုင်ခဲ့ပါသည်။

ဦးသိမ်းဝေသည် လက်ရှိတွင် အာဆီယံ ဒေသဆိုင်ရာစီးပွားရေးကောင်စီတို့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ သူသည် တရုတ်ပြည်၊ တာလျန်မြို့ရှိ ပြည်သူ့အကြံပေးညီလာခံ၏ အမြဲတမ်းအဖွဲ့ဝင်နှင့် အာရှစီးပွားရေးကောင်စီ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။ သူသည် Singapore Management University ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာအကြံပေးအဖွဲ့၏ ဥက္ကဋ္ဌတစ်ဦးလည်း ဖြစ်ပါသည်။ သူသည် မြန်မာနိုင်ငံနှင့်အာဆီယံဒေသတစ်ဝန်း အပြည်ပြည်ဆိုင်ရာဖိုရမ်များတွင် မကြာခဏပါဝင်တက်ရောက် ဆွေးနွေးဟောပြောသူတစ်ဦးလည်း ဖြစ်ပါသည်။



## PROF. DR. AUNG TUN THET
## INDEPENDENT DIRECTOR

**Date of Appointment : 1 November 2014**
**Last Re-appointed : 30 March 2021**

Prof. Dr. Aung Tun Thet is an Independent Director of the Company. He serves as member of the Peace Commission, Honorary Professor at the University of British Columbia, in Vancouver, Canada, Chairman of the UN Global Compact Myanmar Network, Advisor to the Union of Myanmar Federation of Commerce and Industries, Visiting professor at Yangon University and Yangon University of Economics and National Contact Point for the Organization for Economic Co-operation and Development (OECD) Responsible Business Conduct, Chief Coordinator of Union Enterprise of Humanitarian Assistance, Resettlement and Development in Rakhine (UEHRD) , Member of Myanmar Investment Commission.

Prof. Dr. Aung Tun Thet holds a Bachelor of Commerce from Yangon University, a Post-Graduate Diploma in Management Studies from the University of Brighton, M.Sc. in Operations Research from the University of Warwick and a Ph.D. in Management Sciences from the University of Manchester and a Post-doctoral Research Fellow from University of Marburg. He was awarded an Honorary Doctorate D.Litt. Degree by the Yangon University of Economics in 2015.

ပါမောက္ခဒေါက်တာအောင်ထွန်းသက်သည် ကုမ္ပဏီ၏ လွတ်လပ်သော ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ သူသည် ငြိမ်းချမ်းရေးကော်မရှင်၏ အဖွဲ့ဝင်တစ်ဦး အနေဖြင့်လည်းကောင်း၊ ကနေဒါနိုင်ငံဗန်ကူးဘား မြို့ရှိ University of British Columbia တွင် ဂုဏ်ထူးဆောင်ပါမောက္ခအနေဖြင့် လည်းကောင်း၊ UN Global Compact Myanmar Network တွင် ဥက္ကဋ္ဌအနေဖြင့် လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ အကြံပေးအဖြစ်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့၏ ဧည့်ပါမောက္ခတစ်ဦးအနေဖြင့်လည်းကောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တာဝန်သိအဖွဲ့အစည်းတစ်ခုဖြစ်သည့် Organization for Economic Co-operation and Development (OECD) အဖွဲ့တွင် National Contact Point အနေဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)တွင် Chief Coordinator အဖြစ်လည်ကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) တွင် အဖွဲ့ဝင်တစ်ဦးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ပါမောက္ခဒေါက်တာ အောင်ထွန်းသက်သည် ရန်ကုန်တက္ကသိုလ်မှ ဂါဏိဇ္ဇဘွဲ့အားလည်းကောင်း၊ University of Brighton မှ စီမံခန့်ခွဲမှုဆိုင်ရာ ဘွဲ့လွန်ဒီပလိုမာအားလည်းကောင်း၊ University of Warwick မှ သိပ္ပံမဟာဘွဲ့ (Operations Research) အား လည်းကောင်း၊ University of Manchester မှ ပါရဂူဘွဲ့ (Management Sciences) အား လည်းကောင်း၊ University of Marburg မှ Post-Doctoral Research Fellow တို့အား ရရှိခဲ့ပါသည်။ သူသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ချီးမြှင့်သည့် ဂုဏ်ထူး ဆောင်ပါရဂူဘွဲ့ (D.Litt. Degree) ကိုလည်း ၂၀၁၅ ခုနှစ်တွင် ရရှိခဲ့ပါသည်။



# U AUNG NYUNT
## Independent Director

**Date of Appointment : 23 October 2016**

**Last Re-appointed : 30 March 2021**

U Aung Nyunt is an Independent Director of the Company. He was appointed in October 2016. From 1966 to 2007, nearly (41) years of services at Myanmar Timber Enterprise – Finance/ Account Department, Planning Department and retired as a General Manager (Planning). As an attached duty in 1991, he served as a Director (Finance) for two years at National Industrial Holding Company Limited (NIHL) (Public Company). From 1995 to 1996, he was a part time Director of Myanmar Forest Products Joint Venture Company Limited (Forest J.V), Myanmar Korea Timber International Company Limited (MKTI), Myanmar Seal Company Limited (M.S.L) and International Business Centre (I.B.C) Co., Ltd. Starting from 2008 to 2013, he was an Independent Auditor for the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI), Myanmar Engineering Society (MES), NGO-Japan Seeds Asia Project, Trustee Board of Pyi Shwe San Taw Pagoda and International Business Centre Company Limited (I.B.C) under the name of Aung Nyunt and Associates (Auditors). During his service at the Ministry, he has joined and attended various Financial Management Seminars in (9) different countries. He attended the Audit Committee Master Programme in April 2018 jointly sponsored by International Finance Corporation and Myanmar Institute of Directors. He was born in 1944 and studied at Myoma National High School. He graduated with B.Com (Accounting) in 1964 and Registered Accountant (Full-fledge) (now CPA) in 1965 respectively.

ဦးအောင်ညွန့်သည် ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှစ၍ လွတ်လပ်သောဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပါသည်။ ၁၉၆၆ မှ ၂၀၀၇ ခုနှစ်အထိ (၄၁)နှစ်ခန့် မြန်မာ့သစ်လုပ်ငန်း-ဘဏ္ဍာရေး/ ငွေစာရင်းဌာနနှင့် စီမံကိန်းဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အထွေထွေမန်နေဂျာ (စီမံကိန်း) ရာထူးဖြင့် အငြိမ်းစားရယူခဲ့ပါသည်။ တွဲဖက်တာဝန်ဖြင့် ၁၉၉၁ ခုနှစ်တွင် နေရှင်နယ်အင်ဒတ်စ်ထရီရယ်ဟိုလ်ဒင်းကုမ္ပဏီလီမိတက် (NIHL) (အများပိုင်ကုမ္ပဏီ) တွင် (၂) နှစ်ခွဲခန့် ဒါရိုက်တာ (ဘဏ္ဍာရေး) တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ မြန်မာ့သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက် (Forest J.V) (အများပိုင်ကုမ္ပဏီ)၊ နိုင်ငံခြားဖက်စပ်မြန်မာ - ကိုရီးယားအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကုမ္ပဏီ (MKTI) မြန်မာဆီးလ်ကုမ္ပဏီလီမိတက် (M.S.L)နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန ကုမ္ပဏီလီမိတက် (I.B.C) တို့တွင် မြန်မာ့သစ်လုပ်ငန်း၏ အချိန်ပိုင်းဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ် မှစ၍ ၂၀၁၃ခုနှစ်အထိ အောင်ညွန့်နှင့်အဖွဲ့ စာရင်းစစ်အမည်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES)၊ NGO-Japan Seeds Asia Project၊ ပြည်မြို့ရွှေဆံတော်ဂေါပကဘဏ္ဍာတော်ထိန်းအဖွဲ့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာနလီမိတက် (I.B.C) တို့တွင် လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး စာရင်းစစ်အစီရင်ခံစာများထုတ်ပြန်ခဲ့ပါသည်။ အစိုးရတာဝန်ဖြင့် နိုင်ငံ (၉)နိုင်ငံတွင် ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပညာဆွေးနွေးပွဲများတက်ရောက်ခဲ့ပါသည်။ သူသည် ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် IFC နှင့် Myanmar Institute of Director (MIoD) တို့မှကျင်းပသည့် Audit Committee Master Programme သင်တန်းကိုလည်း တက်ရောက်ခဲ့ပါသည်။ သူသည် ၁၉၄၄ခုနှစ်တွင် မွေးဖွားပြီး၊ မြို့မအမျိုးသားအထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့ပါသည်။ ၁၉၆၄ ခုနှစ်တွင် B.Com (Accounting)၊ ၁၉၆၅ ခုနှစ်တွင် Registered Accountant (Full-fledge) (ယခု C.P.A) ဘွဲ့အသီးသီး ရရှိခဲ့ပါသည်။



# U TOE AUNG MYINT
## Independent Director

**Date of Appointment : 30 March 2021**

**Last Re-appointed : Not Applicable**

U Toe Aung Myint is an Independent Director of the company. He served in Ministry of Mining in 1980 and served as officer in Ministry of Defense from 1981 to 1985. From 1985 to 2018, he worked in Ministry of Commerce for 33years and retired as Permanent Secretary in August 2018. As an attached duty, from August 2016 to August 2018 he participated as Member of Myanmar Special Economic Zone Central Working Body and served as Joint Secretary in Myanmar Special Economic Zone Central Body. He was Member of Myanmar Investment Commission from 2016 to January 2021. He is Chairman of Board of Director in Myanmar Citizens Bank since 2013 to until now.

He was born in 1958 and graduated with Bachelor of Science in Geology from Rangoon Arts and Sciences University in 1979. He got Certificate of Administration Course from Yangon Institute of Economic in 1987 and Certificate of Export Market Development Programme from Japan -Singapore (AOIS/TDB) in 1999. He attended Mekong Institute in Thailand and got Certificate of Enterprise Reform for the GMS in 2002 and Certificate of Leadership for Competitive Enterprise System in the GMS in 2004. He received Certificate of Global Supply Chain Policy for Senior Officer Course from Temasek Foundation International in 2012, Diploma in International Economic Relations and Development (IERD) from Graduate School of Administration and Development of Ministry of Planning, Finance and Industry in 2017 and Certificate of Temasek Foundation International Governance and Public Administration Programme from Civil Service College (Singapore) in 2017.

ဦးတိုးအောင်မြင့်သည် ကုမ္ပဏီ၏ လွပ်လပ်သောဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ သူသည် သတ္တုတွင်းဝန်ကြီးဌာနတွင် ၁၉၈၀ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးဌာန၌ အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၈၅ ခုနှစ်မှစ၍ ၂၀၁၈ ခုနှစ်အထိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် နှစ်ပေါင်း (၃၃)နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့ပြီး အမြဲတမ်းအတွင်းဝန်ရာထူးဖြင့် ဩဂုတ်လ ၂၀၁၈ ခုနှစ်တွင် အငြိမ်းစားယူခဲ့ပါသည်။ တွဲဖက်တာဝန်များအနေဖြင့် ဩဂုတ်လ ၂၀၁၆ ခုနှစ်မှ ဩဂုတ်လ ၂၀၁၈ ခုနှစ်အထိ မြန်မာအထူးစီးပွားရေးဇုန်ဗဟိုလုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြန်မာအထူးစီးပွားရေးဇုန်ဗဟိုအဖွဲ့တွင် တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်တွင်လည်း ၂၀၁၆ ခုနှစ်မှ ဇန်နဝါရီလ ၂၀၂၁ ခုနှစ်အထိ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၃ ခုနှစ်မှစ၍ ယခုလက်ရှိအချိန်အထိ မြန်မာနိုင်ငံသားများဘဏ်တွင် ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေဆဲဖြစ်ပါသည်။ သူသည် ၁၉၅၈ ခုနှစ်တွင် မွေးဖွားခဲ့သူဖြစ်ပြီး ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ကြီးမှ ဘူမိဗေဒဆိုင်ရာ သိပ္ပံဘွဲ့အား ၁၉၇၉ ခုနှစ်တွင် ရရှိခဲ့ပါသည်။ ၁၉၈၇ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှပေးအပ်သော စီမံခန့်ခွဲမှုလေ့ကျင့်ရေး သင်တန်းဆင်းလက်မှတ်ကိုလည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် ဂျပန်-စင်္ကာပူ (AOIS/TDB) မှ ပေးအပ်သော Certificate of Export Market Development Programme ကိုလည်းကောင်း ရရှိခဲ့ပါသည်။ Mekong Institute တွင် တက်ရောက်ခဲ့ပြီး Certificate of Enterprise Reform for the GMS အား ၂၀၀၂ ခုနှစ်တွင်လည်းကောင်း၊ Certificate of Leadership for Competitive Enterprise System in the GMS အား ၂၀၀၄ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့ပါ သည်။ ၂၀၁၂ခုနှစ်တွင် Temasek Foundation International မှ Certificate of Global Supply Chain Policy for Senior Officer Course၊ ၂၀၁၇ ခုနှစ်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှပေးအပ်သော Diploma in International Economic Relations and Development (IERD) နှင့် Civil Service College (Singapore) မှ ပေးအပ်သော Certificate of Temasek Foundation International Governance and Public Administration Programme တို့ကို ရရှိခဲ့ပါသည်။



# U TUN LWIN
## Non-Executive Director

**Date of Appointment : 8 July 2013**

**Last Re-elected : 24 June 2020**

U Tun Lwin is a Director of the Company. He has been the Chairman of MAGDPL since 2012, which is one of the biggest shareholders of our Company. MAGDPL is a public company and is currently developing container and general cargo handling International Terminal at plot number 29 of the Thilawa Port Area, among other business operations.

He is the director of MAPCO and he is also the Director of Myanmar Citizens Bank Limited. He is serving as the Vice Chairman of National Resources Development Company Limited too.

He is presently the Managing Director of Shwe Me Group of Companies. He is the Chairman of SCG – Shwe Me Logistics (Myanmar) Co., Ltd, Director of Betagro (Myanmar) Co., Ltd and ICP Shwe Me Fertilizer Co., Ltd.

He is currently serving as the Chairman of Myanmar Pulses, Beans and Sesame Seeds Merchants Association, the Executive Committee Member of UMFCCI and the Treasurer of Myanmar-Japan Association.

The companies he is associating are currently exporting agricultural products, importing construction materials and general cargo, providing logistics services, developing terminal at Thilawa port area, growing teak plantations and involving in other business sectors too. He attended the Audit Committee Master Programme in April 2018 jointly sponsored by International Finance Corporation and Myanmar Institute of Directors.

ဦးထွန်းလွင်သည် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့ ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများအနက်မှ တစ်ဦးဖြစ်သည့် MAGDPL ၏ ဥက္ကဋ္ဌအဖြစ် ၂၀၁၂ ခုနှစ်ကတည်းက တာဝန်ထမ်းဆောင်ပါသည်။ MAGDPL သည် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ကာ (အခြားလုပ်ငန်းများ အပါအဝင်) ကွန်တိန်နာများနှင့် အထွေထွေကုန်စည်ကိုင်တွယ်ခြင်း လုပ်ကိုင်သည့် သီလဝါဆိပ်ကမ်းအကွက် (၂၉)ရှိ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားအား ဆောက်လုပ်ခြင်းနှင့် စီမံဆောင်ရွက်ခြင်းကို လုပ်ကိုင်နေပါသည်။

သူသည် MAPCO တွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်နေပါသည်။ သူသည် Myanmar Citizens Bank Limited ၏ ဒါရိုက်တာတစ်ဦးလည်းဖြစ်ပါသည်။ သူသည် National Resources Develop-ment Company Limited ၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

သူသည် Shwe Me Group of Companies ၏ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးလည်း ဖြစ်ပါသည်။

သူသည် SCG – Shwe Me Logistics (Myanmar) Co., Ltd. ၏ ဥက္ကဋ္ဌ၊ Betagro (Myanmar) Co., Ltd. နှင့် I C P Shwe Me Fertilizer Co., Ltd. တို့၏ ဒါရိုက်တာလည်းဖြစ်ပါသည်။ သူသည် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ ဥက္ကဋ္ဌလည်းဖြစ်ပြီး၊ UMFCCI တွင် အလုပ်အမှုဆောင်နှင့် Myanmar-Japan Association တို့တွင်လည်း ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ယူထားပါသည်။

သူပါဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပတင်ပို့ခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် အထွေထွေကုန်စည်များ တင်သွင်းဖြန့်ဖြူးခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုများပေးခြင်း၊ သီလဝါဆိပ်ကမ်းတွင် ဆိပ်ခံတံတားတည်ဆောက်ရေး ဆောင်ရွက်ခြင်းနှင့် ကျွန်းသစ်စိုက်ပျိုးရေးအပါအဝင် စီးပွားရေးကဏ္ဍမျိုးစုံတွင် လုပ်ငန်းများ ဆောင်ရွက်ပါသည်။

သူသည် ၂၀၁၈ ခုနှစ် ဧပြီလတွင် IFC နှင့် Myanmar Institute of Director (MIoD)တို့မှ ကျင်းပသည့် Audit Committee Master Programme သင်တန်းကိုလည်း တက်ရောက်ခဲ့ပါသည်။



# U THAUNG HAN

## Non - Executive Director

**Date of Appointment : 29 June 2021**

**Last Re-elected : Not Applicable**

U Thaung Han is a Director of the Company. He is the Board member of New City Public Company Limited, which is one of the founding shareholders of MTSH. He is Co-Founder and Managing Director of CB Life Insurance Company which was established in 2021. He is also Secretary of Myanmar Insurance Association which was established in October 2017 and Joint Secretary of Myanmar Pulses, Beans & Sesame Seeds Merchant Association.

He is also the Managing Director of CB Securities Limited and Management Committee Member of CB Bank. He was in Agriculture Commodity Trading/ Export & Import before he joined CB Financial group.

He graduated from Rangoon Institute of Technology in 1987 and achieved Master of Business Administration from Jinan University Guanzhou, China in 2013.

ဦးသောင်းဟန်သည် ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ သူသည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ကနဦးရှယ်ယာအများဆုံးပိုင်ဆိုင်သူများအနက် တစ်ဦးဖြစ်သည့် New City Public Company Limited ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါသည်။ သူသည် ၂၀၂၁ ခုနှစ်ကတည်းက တည်ထောင်ခဲ့သည့် CB Life Insurance Company ၏ တည်ထောင်သူနှင့် အုပ်ချုပ်မှုဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။ သူသည် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံအာမခံအသင်း၏ အတွင်းရေးမှူးအနေဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပြီး၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း၏ တွဲဖက်အတွင်းရေးမှူးအဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ဦးသောင်းဟန်သည် CB Securities Limited ၏ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးဖြစ်ပြီး၊ CB Bank ၏ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်လည်းဖြစ်ပါသည်။ သူသည် CB Financial Group သို့ မဝင်ရောက်မီ စိုက်ပျိုးရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်ပါသည်။

ဦးသောင်းဟန်သည် ၁၉၈၇ ခုနှစ်တွင် Rangoon Institute of Technology မှ ဘွဲ့ရရှိခဲ့ပြီး၊ ၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံ Guanzhou မြို့ Jinan တက္ကသိုလ်မှ Master of Business Administration (MBA) ဘွဲ့ကို ရရှိထားသူတစ်ဦးလည်း ဖြစ်ပါသည်။



# DR. NYAN THIT HLAING

## Non-Executive Director

**Date of Appointment : 2 August 2013**

**Last Re-elected : 24 June 2020**

Dr. Nyan Thit Hlaing is a Director of Myanmar Thilawa SEZ Holdings Public Company Limited. He is one of Director in Myanmar Japan Thilawa Development Limited (MJTD) and Thilawa Property Development Limited (TPD) as well. He is currently Managing Director of the National Development Company Group Limited (NDCG), which is one of the Principal Shareholders of our Company. NDCG is a Public Company engaged primarily in the business of construction, trading and general services. He is a Director of Proven Technology Industrial Co., Ltd (TOYO Battery). He is also the Executive Director of SME-Development Bank which is established to provide financial assistance to small and medium enterprises (SME) in the country. He is Joint Secretary of Myanmar Construction Entrepreneur Association. Dr. Nyan Thit Hlaing graduated with a Bachelor of Medicine from the University of Medicine (1) Yangon in 1995.

ဒေါက်တာညာဏ်သစ်လှိုင်သည် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ ဒါရိုက်တာတစ်ဦး ဖြစ်ပါသည်။ သူသည် MJTD ၏ ဒါရိုက်တာတစ်ဦးဖြစ်သကဲ့သို့ သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် (TPD)၏ ဒါရိုက်တာတစ်ဦးလည်း ဖြစ်ပါသည်၊ သူသည် လက်ရှိ တွင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စု လီမိတက် (NDCG) ၏ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ NDCG သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများအနက်မှ တစ်ဦးဖြစ်ပြီး၊ အဓိကအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်း၊ ကုန်သွယ်ခြင်းလုပ်ငန်းနှင့် အထွေထွေဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်သည့် အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်သည်။ သူသည် Proven Technology Industrial Co., Ltd ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ သူသည် ပြည်တွင်းရှိ အသေးစားနှင့်အလတ်စား လုပ်ငန်းများ၌ ငွေကြေးဆိုင်ရာထောက်ပံ့မှုပေးနေသည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်တွင်လည်း အမှုဆောင်ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်လျှက်ရှိပြီး Myanmar Construction Entrepreneur Association ၏ တွဲဘက်အတွင်းရေးမှူးလည်းဖြစ်ပါသည်။ ဒေါက်တာညာဏ်သစ်လှိုင်သည် ၁၉၉၅ ခုနှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ် (၁) မှ Bachelor of Medicine ဘွဲ့ဖြင့် အောင်မြင်ခဲ့ပါသည်။



# U TIN MAUNG HLAING

## Non-Executive Director

**Date of Appointment : 2 August 2013**

**Last Re-elected : 1 September 2019**

U Tin Maung Hlaing is a Director of the Company. He is Executive Director of MAPCO, which is one of the founding shareholders of our Company. MAPCO is a Public Company formed to mobilize public savings and to foster broader investment in agriculture and agro-based industries of Myanmar. He served as an Executive Director in the Myanmar Automobile Development Public Company Limited that manufactures and distributes of motor vehicles. He has also been working as a Managing Director in Evergreen Autos Co., Ltd since the founding of the company.

U Tin Maung Hlaing is also actively involved in Myanmar Japan Association as Central Executive Committee member. He graduated with a Bachelor of Science in Physics from the Yangon University in 1988. He attended the Audit Committee Master Programme in April 2018 jointly sponsored by International Finance Corporation and Myanmar Institute of Directors. He is fluent in the Japanese language.

ဦးတင်မောင်လှိုင်သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ သူသည် MAPCO ၏ အမှုဆောင်ဒါရိုက်တာတစ်ဦးလည်း ဖြစ်ပါသည်။ MAPCO သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ ရှယ်ယာအများဆုံးပိုင်ဆိုင်သူများအနက်မှ တစ်ဦးဖြစ်ပြီး၊ အများပြည်သူ၏ စုဆောင်းငွေများအားစုစည်း၍ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံသော စက်မှုလက်မှုလုပ်ငန်းများတွင် ကျယ်ပြန့်စွာရင်းနှီးမြှုပ်နှံခြင်းကို အားပေးရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ထားသည့် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

သူသည် မော်တော်ယာဉ်များထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်သည့် Myanmar Automobile Development Public Company Limited တွင် အမှုဆောင်ဒါရိုက်တာတစ်ဦးအနေဖြင့် ထမ်းဆောင်ခဲ့ပါသည်။ သူသည် Evergreen Autos Co., Ltd တွင် ကုမ္ပဏီစတင်တည်ထောင်ကတည်းက အုပ်ချုပ်မှုဒါရိုက်တာအနေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ဦးတင်မောင်လှိုင်သည် Myanmar-Japan Association တွင်လည်း ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်အဖြစ် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပါသည်။ သူသည် ၁၉၈၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ရူပဗေဒသိပ္ပံဘွဲ့ဖြင့် အောင်မြင်ခဲ့ပါသည်။ သူသည် ၂၀၁၈ ခုနှစ် ဧပြီလတွင် IFC နှင့် Myanmar Institute of Director (MIOD) တို့ကျင်းပသည့် Audit Committee Master Programme သင်တန်းကိုလည်းတက်ရောက်ခဲ့ပါသည်။ သူသည် ဂျပန်ဘာသာစကားကိုလည်း ကျွမ်းကျင်စွာပြောဆိုနိုင်ပါသည်။



# U MYINT ZAW
## Managing Director

**Date of Appointment : 29 September 2018**

**Last Re-elected : 30 March 2021**

U Myint Zaw is the Managing Director of the Myanmar Thilawa SEZ Holdings Public Co., Ltd (MTSH) and its subsidiary company, Thilawa Property Development Limited (TPD). He joined the company since founded in 2013. U Myint Zaw has over 20 years of experience in the sales and marketing & trading of commodity like agriculture products and palm oil, manufacturing of automotive spare parts, hospitality and services, construction and property development industry. He is a trading and investment veteran with background in the development of rental factory, condominium project, hotel and auto parts manufacturing. His primary responsibility is the new business development and sales and marketing at MTSH. He is also responsible to set up the new standard operation procedure (SOP), new company rules and procurement policy together with Admin and HR department matter and general affairs at MJTD. He is the coordinator between Japanese and Myanmar Officers, Shareholders, Directors and also between MJTD and TSMC (Thilawa SEZ Management Committee).

U Myint Zaw qualifies with a Bachelor of Science (Chemistry) degree from Yangon University, Master of Business Administration (MBA) from University of Thai Chamber of Commerce, Diploma of Business Law (DBL) from Yangon University and Myanmar Directorship Certification which is a first DCP course in Myanmar designed by Myanmar Institute of Director (MIoD) and Singapore Management University (SMU).

ဦးမြင့်ဇော်သည် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ် အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် (MTSH)နှင့် လက်အောက်ခံကုမ္ပဏီခွဲ တစ်ခုဖြစ်သော သီလဝါပရော့ပါးတီး ဒတ်ဗလော့မန့်လီမိတက်တို့တွင် အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ဦးမြင့်ဇော်သည် ၂၀၁၃ ခုနှစ် ကုမ္ပဏီစတင်တည်ထောင်စဉ် ကနဦးအစကပင် စတင်ကာ တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။ ဦးမြင့်ဇော်သည် လယ်ယာထွက်ကုန်နှင့် စားအုန်းဆီ စသည့်လူသုံးကုန်ပစ္စည်းကုန်သွယ်မှုလုပ်ငန်း၊ ယာဉ်အပိုပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးနှင့် မြေယာဖွံ့ဖြိုးရေးလုပ်ငန်းများ စသည့် လုပ်ငန်းများတွင် အရောင်းနှင့်ဈေးကွက် ဖော်ဆောင်မှု အတွေ့အကြုံ နှစ် (၂၀)ကျော် ရှိသူတစ်ဦးဖြစ်ပါသည်။ ထို့အပြင် စက်ရုံငှါးရမ်းခြင်းလုပ်ငန်း၊ လူနေအဆောက်အအုံစီမံကိန်းလုပ်ငန်းများ၊ ဟိုတယ်နှင့် ယာဉ်အပိုပစ္စည်းများ၊ ထုတ်လုပ်ခြင်းလုပ်ငန်း စသည်တို့နှင့်ပတ်သက်၍ ကုန်သွယ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းတို့တွင် ဦးမြင့်ဇော်သည် အတွေ့အကြုံ ရင့်သန်သူတစ်ဦးလည်း ဖြစ်ပါသည်။ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH) တွင် ဦးမြင့်ဇော်၏ အဓိက လုပ်ငန်းတာဝန်များမှာ စီးပွားရေးလုပ်ငန်းသစ်များ ရှာဖွေရန်နှင့် ရင်းနှီးမြှုပ်နှံသူများ တိုးတက်လာစေရန် အရောင်းပိုင်းနှင့် ဈေးကွက်ဖော်ဆောင်ရေးတို့ကို ဆောင် ရွက်ရန်တို့ဖြစ်ပါသည်။ MJTD တွင် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စံနှုန်းမီ လုပ်ထုံးလုပ်နည်းများ (SOP) သတ်မှတ်ခြင်း၊ ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းများ၊ အဝယ်တော်ကိစ္စရပ်များနှင့်ပတ်သက်သော မူဝါဒများ ချမှတ်ခြင်းများနှင့်အတူ လူ့စွမ်းအားအရင်းအမြစ်နှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များတွင်လည်း ဦးမြင့်ဇော်သည် တာဝန်ရှိသူတစ်ဦးအနေဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ဦးမြင့်ဇော်သည် လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဂျပန်၊ မြန်မာအရာရှိများအကြားတွင်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများနှင့် ဒါရိုက်တာများအကြားတွင် လည်းကောင်း၊ မြန်မာဂျပန်သီလဝါ ဒီဗလော့မန့်လီမိတက် (MJTD) နှင့် သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ (TSMC) တို့အကြားတွင်လည်း ညှိနှိုင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဦးမြင့်ဇော်သည် ရန်ကုန်တက္ကသိုလ်မှ BSc (Chemistry) ဘွဲ့၊ University of Thai Chamber of Commerce မှ Master of Business Administration ဘွဲ့၊ ရန်ကုန်တက္ကသိုလ်မှ Diploma in Business Law (DBL) တို့ကိုရရှိခဲ့ပြီး Singapore Management University (SMU) နှင့် မြန်မာဒါရိုက်တာများအင်စတီကျု (MIoD) တို့မှ ပူးပေါင်းဖွဲ့စည်းထားသော မြန်မာနိုင်ငံတွင် ပထမဦးဆုံးကျင်းပသည့် Myanmar Directorship Certification ကို တက်ရောက်ထားသူတစ်ဦးလည်း ဖြစ်ပါသည်။



# U THURANE AUNG
## Executive Director

**Date of Appointment : 1 September 2019**
**Last Re-elected : 30 March 2021**

U Thurane Aung is the Project Director of our Company and Vice President of Myanmar Japan Thilawa Development Limited (MJTD). His diversify experiences came from more than 17 years of service in Dagon Group, which is one of the leading conglomerates in Myanmar with diversified businesses in sectors that include property development and construction, hospitality, timber, agriculture, commodity trading, plantation, retail and distribution, petroleum, automobile and food processing.

His primary responsibility in MTSH is to coordinate among the stakeholders for the smooth running of existing business as well as develop new opportunities and investment within Thilawa SEZ and beyond.

He also contribute much of his time for the development of the different business sectors he is in by joining the Executive Committee Member of Myanmar Construction Entrepreneur Association (MCEA), Vice-President of Yangon Region Young Entrepreneur Association (YRYEA). He holds a Bachelor of Arts (Honors) in Business Information Management & Finance, which he obtained from the University of Westminster, United Kingdom in 2004. He is also a winner of the esteemed title of "Asia's Most Admirable Young Leaders" at the prestigious Asia Corporate Excellence & Sustainability Awards (ACES) 2021.

ဦးသူရိန်အောင်သည် ကျွန်ုပ်တို့ကုမ္ပဏီ၏ စီမံကိန်းဒါရိုက်တာဖြစ်ပြီး မြန်မာ-ဂျပန်သီလဝါဒီဗလော့မန့် လီမိတက် (MJTD) ၏ ဒုတိယဥက္ကဋ္ဌ (Vice President) ဖြစ်ပါသည်။ ဦးသူရိန်အောင်၏ များပြားကျယ်ပြန့်လှသော လုပ်ငန်းအတွေ့အကြုံများမှာ ဒဂုန်ကုမ္ပဏီများအုပ်စုတွင် လုပ်သက် ၁၇ နှစ်ကျော် ဦးဆောင်လုပ်ကိုင်မှုများမှ ရရှိလာခြင်းဖြစ်ပါသည်။

ဦးသူရိန်အောင်သည် ဒဂုန်ကုမ္ပဏီများအုပ်စု၏ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်နေစဉ်တွင် နိုင်ငံတကာကုမ္ပဏီပေါင်းများစွာနှင့် ချိတ်ဆက်၍ ဖက်စပ်လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းအသစ်များကို အောင်မြင်စွာ ညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ဦးသူရိန်အောင်၏ ဖြစ်နိုင်ခြေများ လေ့လာဆန်းစစ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ခြင်းစသည့်အတွေ့အကြုံကောင်းများသည် မြန်မာသီလဝါအက်(စ်) အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH) ၏ ကနဦးအစမှပင် MTSH နှင့် ဂျပန်လုပ်ငန်းစုတို့၏ ဖက်စပ်လုပ်ငန်းဖြစ်သော မြန်မာ - ဂျပန်သီလဝါဒီဗလော့မန့်လီမိတက် (MJTD) ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းများတွင် လွန်စွာ အထောက်အကူပြုခဲ့ပါသည်။

ဦးသူရိန်အောင်၏ မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ် အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် (MTSH) ရှိအဓိက လုပ်ငန်းတာဝန်များမှာ လက်ရှိလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံသူများနှင့် ညှိနှိုင်းခြင်းလုပ်ငန်းများအပြင် သီလဝါ SEZ အတွင်းနှင့် အခြားနေရာများတွင်ပါ စီးပွားရေးလုပ်ငန်းအခွင့်အလမ်းသစ်များ ရှာဖွေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးတက်စေရန် ဆောင်ရွက်ခြင်းများ ဖြစ်ပါသည်။

ဦးသူရိန်အောင်သည် စီးပွားရေးလုပ်ငန်းကဏ္ဍမျိုးစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်ကော်မတီဝင်အဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ ဒု-ဥက္ကဋ္ဌအဖြစ် လည်းကောင်း ပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။

ဦးသူရိန်အောင်သည် ၂၀၀၄ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့ရှိ Westminster တက္ကသိုလ်မှ စီးပွားရေးဆိုင်ရာသတင်းအချက်အလက် စီမံခန့်ခွဲမှုပညာနှင့် ဘဏ္ဍာရေးဘာသာရပ် (Business Information Management & Finance) ဖြင့် ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ကို ရရှိခဲ့သူဖြစ်ပါသည်။ ဦးသူရိန်အောင်သည် Asia Corporate Excellence & Sustainability Awards (ACES) 2021 တွင် "အာရှ၏ အထင်ကြီးလေးစားဖွယ်အကောင်းဆုံး လူငယ်ခေါင်းဆောင်များ" ဘွဲ့ကို ရရှိထားသူလည်းဖြစ်ပါသည်။



# U MIN OO
## Non-Executive Director

**Date of Appointment : 1 September 2019**
**Last Re-elected : Not Applicable**

U Min Oo is a Director of the Company. He is the Board member of Myanmar Technologies and Investment Corporation Public Company Limited (MTI), which is one of the founding shareholders of MTSH. He is the Vice President of Myanmar Computer Professionals Association and President of Myanmar Business Executives Association. He also serves as the Executive Committee member of Myanmar Computer Federation. He graduated with a Master of Computer Science from Yangon Computer University in 1999 and achieved Master of Business Administration from Yangon Institute of Economic in 2005. He holds Post Graduate Diploma in Law, Diploma in Political Science and enhanced Diplomatic Skill from Ministry of Foreign Affairs.

ဦးမင်းဦးသည် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ် ပါသည်။ သူသည် MTSH ကုမ္ပဏီ၏ ကနဦးရှယ်ယာ အများဆုံးပိုင်ဆိုင်သူများအနက် တစ်ဦးဖြစ်သည့် Myanmar Technologies and Development Public Company Limited (MTI) ၏ ဒါရိုက်တာ အဖွဲ့ဝင်အဖြစ်လည်းကောင်း Myanmar Computer Professionals Association ၏ဒုတိယဥက္ကဌ၊ Myanmar Business Executives Association ၏ ဥက္ကဌအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် ဦးမင်းဦးသည် မြန်မာကွန်ပျူတာ အဖွဲ့ချုပ်၏ အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ သူသည် ၁၉၉၉ ခုနှစ်တွင် ရန်ကုန် ကွန်ပျူတာတက္ကသိုလ်မှ Master of Computer Science ဘွဲ့၊ ၂၀၀၅ ခုနှစ်တွင် ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ Master of Business Administration (MBA) ဘွဲ့များ ရရှိခဲ့ပါသည်။ သူသည် Post Graduate Diploma in Law, Diploma in Political Science လက်မှတ်တို့ကိုရရှိခဲ့ပြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှဖွင့်လှစ်သည့် အဆင့်မြင့် သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းကို တတ်မြောက်အောင်မြင်ထားသူ တစ်ဦးလည်း ဖြစ်ပါသည်။



# DAW AYE AYE AUNG

## Non-Executive Director

**Date of Appointment : 1 September 2019**

**Last Re-elected : 30 March 2021**

Daw Aye Aye Aung is a Director of the Company. She is the Managing Director of Asia Mega Link Co., Ltd. She is the Director of Asia Mega Link Services Co., Ltd and Yatanarpon Teleport Public Co., Ltd as well. She is also a Central Executive Committee Member of Yangon International Airport Information Technology Communication Center and the Director of Myanmar Agro Exchange Public Limited (MAEX). She graduated with a B.E (Electronic) and also a professional Engineer (P.E) recognized by the Myanmar Engineering Council. She was awarded the ASEAN Engineer Certificate of AFEO Governing Board in 2014. She achieved the Master of Business Administration from Yangon Institute of Economic in 2002.

ဒေါ်အေးအေးအောင်သည် ကုမ္ပဏီ၏ ဒါရိုက်တာ အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ သူမသည် Asia Mega Link Co., Ltd ၏ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးဖြစ်ပြီး၊ Asia Mega Link Services Co., Ltd နှင့် Yatanarpon Teleport Public Co., Ltd ၏ ဒါရိုက်တာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ ဒေါ်အေးအေးအောင်သည် Yangon International Airport Information Technology Communication Center၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ Myanmar Agro Exchange Public Limited (MAEX) ၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးလည်း ဖြစ်ပါသည်။ ဒေါ်အေးအေးအောင် သည် B.E ( Electronic) ဖြင့် ဘွဲ့ရရှိကာ မြန်မာ နိုင်ငံအင်ဂျင်နီယာများကောင်စီမှ အသိအမှတ်ပြု သည့် Professional Engineering (P.E) တစ်ဦး ဖြစ်ပါသည်။ သူမသည် ၂၀၁၄ ခုနှစ်တွင် AFEO Governing Board ၏ အသိအမှတ်ပြုသည့် ASEAN Engineer လက်မှတ်အား ဘရူနိုင်းနိုင်ငံမှ ချီးမြှင့်ခြင်း ခံရပါသည်။ သူမသည် ၂၀၀၂ ခုနှစ်တွင် ရန်ကုန် စီးပွားရေးတက္ကသိုလ်မှ Master of Business Administration (MBA) ဘွဲ့ကိုရရှိထားသူတစ်ဦးလည်းဖြစ်ပါသည်။

# KEY MANAGEMENT



## U MYINT ZAW
**Managing Director**

The profile of U Myint Zaw is on page no (19). Please refer to the Page for the detail.

ဦးမြင့်ဇော်၏ ကိုယ်ရေးအကျဉ်းအား စာမျက်နှာ(၁၉) တွင် ဖော်ပြထားပြီးဖြစ်ပါသဖြင့် အဆိုပါစာမျက်နှာ တွင် ကြည့်ရှုနိုင်ပါသည်။



## U THURANE AUNG
**Project Director**

The profile of U Thurane Aung is on page no (20). Please refer to the Page for the detail.

ဦးသူရိန်အောင်၏ ကိုယ်ရေးအကျဉ်းအား စာမျက်နှာ (၂၀) တွင် ဖော်ပြထားပြီးဖြစ်ပါသဖြင့် အဆိုပါ စာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။





# DAW YU WAR TUN
## Head of Finance

Daw Yu War Tun is the Head of Finance of Myanmar Thilawa SEZ Holding Public Company Limited and con-currently the Chief Financial Officer of Myanmar Japan Thilawa Development Limited.

Daw Yu War Tun has over 15 years of experience in Accounting, Auditing, Financial Reporting and analysis, Taxation and Internal Controls.

She has been working in Myanmar from 2005 to 2010 and subsequently moved to Singapore, and gained experience in Singapore registered companies, including in the CMG Group (Singapore) Pte Ltd. which is 100% subsidiaries of the Interpublic Group of Companies (a company listed on New York Stock Exchange). And then she joined MTSH in December 2017 as Group Finance Manager.

Daw Yu War Tun holds Bachelor of Science degree in applied accounting from Oxford Brookes University (UK) and member of Institute of Singapore Chartered Accountant (ISCA). She is also admitted Chartered Certified Accountant (ACCA) and Certified Public Accountant of Myanmar.

ဒေါ်ယုဝါထွန်းသည် MTSH ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာအကြီးအကဲတစ်ဦးဖြစ်ပြီး မိမိတို့၏ ဖက်စပ်ကုမ္ပဏီဖြစ်သည့် MJTD တွင်လည်း ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

သူမသည် စာရင်းဆိုင်ရာ ဆောင်ရွက်ခြင်း၊ စစ်ဆေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲခြင်း၊ အခွန်နှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲခြင်းတို့တွင် (၁၅) နှစ်ကျော် အတွေ့အကြုံရှိသူတစ်ဦးဖြစ်ပါသည်။ သူမသည် ၂၀၀၅ခုနှစ်မှ ၂၀၂၀ခုနှစ်အထိ မြန်မာနိုင်ငံစာရင်းအင်းလောက၊ စင်္ကာပူနိုင်ငံစာရင်းအင်း လောကတို့တွင် အတွေ့အကြုံများရယူခဲ့ပါသည်။ New York စတော့အိတ်ချိန်းစာရင်းဝင် Interpublic Group of Companies ၏ စင်္ကာပူအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်သည့် CMG Group တွင် တာဝန်များထမ်းဆောင်ခဲ့ပြီး၊ 2017 December မှ စတင်၍ MTSH တွင် Group Finance Manager အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဒေါ်ယုဝါထွန်းသည် အသုံးချစာရင်းအင်းပညာ Bachelor of Science ဘွဲ့ကို Oxford Brookes University (UK) မှ ရရှိခဲ့ပါသည်။ သူမသည် Institute of Singapore Chartered Accountant (ISCA) ၏ အဖွဲ့ဝင်၊ Association of Chartered Certified Accountant (ACCA) နှင့် Certified Public Accountant Myanmar ကိုလည်း ရရှိအောင်မြင်ပြီးဖြစ်ပါသည်။



# U TIN MYO NAING
## General Manager of Admin & Human Resources

U Tin Myo Naing is the General Manager of Administration & Human Resources, of this company and is the General Manager of Human Resources and Management at our joint venture, MJTD. He is responsible for human resource management; Systematic implementation of office processes; management of procurement and transforming management practice to the digitalization process.

U Tin Myo Naing has more than 15 years of experience in human resources and administration management. From 2009 to 2016, he was as Sr. Manager for Barons Group of Companies, from 2016 to 2018, he was the Head of Administration & Facilities at Asia Beverages Co., Ltd and from 2018 to 2020, KBZ Bank Ltd, he also served as the Head of Shared Services.

U Tin Myo Naing holds a BA (Economics) degree in Economics from the Yangon University of Distance Education and currently working on an MBA Thesis from Lincoln University College, Malaysia. He has attended management courses of domestic and overseas training. He is also a Senior Certified Professional in Administration and Certified Professional Management Trainer of the Chartered Association of Business Administration (USA). And as a part-time instructor at PSM International College.

ဦးတင်မျိုးနိုင်သည် ဤကုမ္ပဏီ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် စီမံရေးရာဆိုင်ရာ အထွေထွေမန်နေဂျာဖြစ်ပြီး မိမိတို့၏ ဖက်စပ်ကုမ္ပဏီဖြစ်သည့် MJTD တွင်လူ့စွမ်းအားအရင်းအမြစ်နှင့်စီမံရေးရာဆိုင်ရာအထွေထွေမန်နေဂျာအဖြစ်တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ သူသည် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲခြင်း၊ ရုံးလုပ်ငန်းဆိုင်ရာလုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ခြင်း ဝယ်ယူရေးဆိုင်ရာကြီးကြပ်စီမံခြင်းနှင့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအား ဒီဂျစ်တယ်လိုက်ဇေးရှင်းသို့ ကူးပြောင်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို စီမံဆောင်ရွက်လျက်ရှိပါသည်။

ဦးတင်မျိုးနိုင်သည် လူ့စွမ်းအားအရင်းအမြစ်နှင့် စီမံရေးရာဆိုင်ရာတို့တွင် (၁၅)နှစ်ကျော် အတွေ့အကြုံရှိသူတစ်ဦးဖြစ်ပြီး ၂၀၀၉ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ Barons Group of Companies တွင် စီမံရေးရာဌာန၏ Sr. Manager အဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ Asia Beverages Co., Ltd တွင် စီမံရေးရာဌာန၏ Head of Administration & Facilities အဖြစ်လည်းကောင်း နှင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ KBZ Bank Ltd. တွင် Head of Shared Services အဖြစ်လည်းကောင်း တာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။

ဦးတင်မျိုးနိုင်သည် စီးပွားရေးပညာအထူးပြုဖြင့် BA (Economics) ဘွဲ့ကို ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ရရှိခဲ့ ပြီး လက်ရှိတွင် Lincoln University College, Malaysia, မှ MBA ဘွဲ့အတွက် Thesis ပြုလုပ်လျက်ရှိပါသည်။ စီမံခန့်ခွဲမှုဆိုင်ရာ ပြည်တွင်း၊ ပြည်ပ သင်တန်းများကို လေ့လာဆည်းပူးခဲ့ပြီး Chartered Association of Business Administration (USA) ၏ Senior Certified Professional in Administration နှင့် Certified Professional Management Trainer တစ်ဦးအဖြစ် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများကို PSM International College အချိန်ပိုင်းနည်းပြအဖြစ် ပို့ချပေးနေသူဖြစ်ပါသည်။

# CORPORATE GOVERNANCE

## Corporate Governance Mission

1. To realize the achievement of corporate sustainability through governance based upon the principles of transparency, accountability, responsibility, independence and fairness.
2. To realize the empowerment of the function and independence of each corporate body: the general shareholder's meeting, the Board of Directors and the executive management.
3. To realize a condition in which all corporate bodies make their decisions and implement them on the basis of high moral values and adherence to existing laws and regulations.

## ရည်မှန်းချက်

၁။ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် မျှတမှုစသည့် သဘောတရားများအား အခြေခံ၍ စီမံအုပ်ချုပ်မှုမှတစ်ဆင့် ကော်ပိုရိတ်ဆိုင်ရာ ရေရှည်တည်တံ့နိုင်မှု ရရှိနိုင်ရန်။

၂။ အစုရှယ်ယာရှင် အထွေထွေအစည်းအဝေး၊ ဒါရိုက်တာများဘုတ်အဖွဲ့နှင့် အမှုဆောင်အဆင့် စီမံခန့်ခွဲမှု အစရှိသည့် ကော်ပိုရိတ် အစုအဖွဲ့တစ်ဖွဲ့စီ၏ လုပ်ငန်းဆောင်တာနှင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်မှုတို့အတွက် လုပ်ပိုင်ခွင့်ပေးခြင်းကို အားပေးရန်။

၃။ ကော်ပိုရိတ်အစုအဖွဲ့များအားလုံးအနေဖြင့် ဆုံးဖြတ်ချက်များချမှတ်ခြင်းနှင့် ယင်းဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်ရာတွင် မြင့်မားသည့် ကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုးများ၊ တည်ဆဲဥပဒေများနှင့် စည်းမျဉ်းများပေါ်မူတည်၍ ဆောင်ရွက်သည့် အခြေအနေတစ်ရပ် ပေါ်ပေါက်လာစေရန်။

## Corporate Governance Goals

1. To improve our Company's performance through the creation of decision-making processes, improving operational efficiency and improving services to stakeholders.
2. To improve corporate value by improving financial performance and minimizing investment decision risks that contains conflicts of interest.
3. To improve investor trust.
4. To achieve stakeholder satisfaction resulting from corporate values and company dividends.

## ဦးတည်ချက်များ

၁။ ပိုမိုကောင်းမွန်သည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ လုပ်ငန်းလည်ပတ်ခြင်းဆိုင်ရာကျွမ်းကျင်မှု ပိုမိုတိုးတက်စေရန် ဆောင်ရွက်ခြင်းနှင့် အကျိုးစီးပွား သက်ဆိုင်သူများထံ ပေးအပ်သည့်ဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်ရန်ဆောင်ရွက်ခြင်း စသည်တို့ကို အကောင်အထည်ဖော်ခြင်းဖြင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ စွမ်းဆောင်ရည်အား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်။

၂။ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းနှင့် အကျိုးစပ်ဆိုင်မှု ပဋိပက္ခများပါဝင်သည့် ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများအား လျှော့ချခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ကော်ပိုရိတ်ဆိုင်ရာ တန်ဖိုးအား ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန်။

၃။ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုအား ပိုမို ခိုင်မြဲစေရန်။

၄။ ကော်ပိုရိတ်ဆိုင်ရာ တန်ဖိုးများနှင့် ကုမ္ပဏီ၏ အစုရှယ်ယာ အမြတ်ငွေများ ရရှိခြင်းတို့ကြောင့် အကျိုးစပ်ဆိုင်သူများ ကျေနပ်မှု ရရှိစေရန်။

# CORPORATE GOVERNANCE
# ROADMAP & IMPLEMENTATION

As Myanmar Thilawa SEZ Holdings Public Co., Ltd. (MTSH) is a publicly listed company, it is committed to build good corporate governance on the foundations of accountability, fairness and transparency. To be a sustainable and responsible business. MTSH has made a great effort to promote the long-term benefits for shareholders and have public trust by shaping up well in our management and performance of our company. Accordingly, the board of directors and key management set standard of operating procedure (SOP) and the norms of integrity and ethical behavior, which will be applied in the respective tasks of employees and officers. In addition, the Board of Directors has fully responsibility to serve as a prudent fiduciary for shareholders through the best practice in good corporate governance.

In Annual General meeting, the shareholders elect and designate the Board members year on year with the aim of overseeing their interest in the long-term success of the business. Afterward, the Board serves as the ultimate decision-making body of the company, with the exception of the matters that is concerned with Shareholders' decision. The Board chooses the most suitable members of senior management who will operate and implement the business plans according to the Board of Directors' guidelines.

The Board of Directors has established Corporate Governance Guidelines which provide a framework for the effective governance of the Company. The guidelines address matters such as the Board's mission, Director responsibilities, Director qualifications, Board Committee structure, Managing Director performance evaluation and management succession.

As one more significant step towards a sustainable and responsible business, MTSH has participated into the United Nations Global Compact and has become one of the members of it since June, 2015. Since then, MTSH has complied with ten principles in the four main areas of Human Rights, Labor Rights, Environmental Rights and Anti-Corruption guided by the United Nations Global Compact (UNGC), and then those principles are well integrated into our business strategy, culture and daily operations.

In line with our aim, “to deliver a long-term and sustainable benefit to all shareholders, employees and community”, the Board frequently reviews and updates the related guidelines in order to achieve strong corporate governance of the Company.

We have benchmarked our score against average score of listed companies by using ASEAN Corporate Governance Scorecard, private and public companies and ASEAN average available from an assessment jointly published by International Finance Corporation (IFC), Securities and Exchange Commission of Myanmar (SECM), Directorate of Investment and Company Administration (DICA) and Yangon Stock Exchange (YSX). Even though our score fare better than Myanmar average, we acknowledge there are potentials to improve our corporate governance practices to catch up with ASEAN average.

# စီးပွားရေးလုပ်ငန်းဆိုင်ရာ အုပ်ချုပ်မှု

မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ရန်ကုန်စတော့အိပ်ချိန်းစာရင်းဝင် ကုမ္ပဏီတစ်ခု ဖြစ်သည့်အတွက် တာဝန်ခံမှု၊ တာဝန်ယူမှု၊ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုတို့အပေါ်တွင်အခြေခံ၍စီးပွားရေးလုပ်ငန်းဆိုင်ရာကောင်းမွန်သည့် အုပ်ချုပ်မှုတစ်ခုကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိပါသည်။ ရေရှည်တည်တံ့၍ တာဝန်သိသောစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်လာစေရန်ရည်ရွယ်၍ လုပ်ငန်းများကို ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် အများပြည်သူများ၏ယုံကြည်ချက်ကို တည်ဆောက်ရယူရန်အတွက် ကုမ္ပဏီ၏ စီမံအုပ်ချုပ်သူများမှ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အကြီးတန်းစီမံခန့်ခွဲသူများမှ မိမိတို့၏ဝန်ထမ်းများ၊ အမှုဆောင်များ၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် ဖြောင့်မတ်မှန်ကန်မှုရှိစေရန်နှင့် ကျင့်ဝတ်ဆိုင်ရာစောင့်ထိန်းမှုကောင်းမွန်စေရန်အတွက် စံနှုန်းများကို သတ်မှတ်ထားရှိပေးသည့်အပြင် ဒါရိုက်တာအဖွဲ့အနေဖြင့်လည်း ကောင်းမွန်ပြည့်စုံသောစီးပွားရေးလုပ်ငန်းဆိုင်ရာအုပ်ချုပ်မှုအား လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကုမ္ပဏီ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် လုပ်ငန်းများအောင်မြင်တိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် မိမိတို့၏အစုရှယ်ယာရှင်များမှ ဒါရိုက်တာအဖွဲ့ဝင်များကို ရွေးချယ်ခန့်အပ်ထားလေ့ရှိပါသည်။ အစုရှယ်ယာရှင်များထံမှ ဆုံးဖြတ်ချက် ရယူရန်လိုအပ်သည့်ကိစ္စများမှအပ ကုမ္ပဏီ၏အရေးကြီးဆုံးဖြတ်ချက်များကို ဒါရိုက်တာအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဒါရိုက်တာအဖွဲ့၏လမ်းညွှန်မှုဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သင့်လျော်သည့်အကြီးတန်း စီမံခန့်ခွဲသူများကို ရွေးချယ်ခန့်အပ်၍ လုပ်ငန်းတာဝန်များကို ဆောင်ရွက်စေလျက် ရှိပါသည်။

ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီအတွက် ကောင်းမွန်ထိရောက်သည့်စီမံအုပ်ချုပ်မှုတစ်ခုဖြစ်ပေါ်လာရေးအတွက် အုပ်ချုပ်မှုလမ်းညွှန်ကို ရေးဆွဲပြဋ္ဌာန်းထားပါသည်။ အဆိုပါလမ်းညွှန်တွင် ဒါရိုက်တာအဖွဲ့၏ရည်မှန်းချက်၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်၊ ဒါရိုက်တာအဖွဲ့ဝင်ဖြစ်ရန်လိုအပ်သည့် အရည်အချင်း၊ ဒါရိုက်တာအဖွဲ့ကော်မတီဖွဲ့စည်းမှု၊ အုပ်ချုပ်မှုဒါရိုက်တာ၏ ဆောင်ရွက်ချက်များအား အကဲဖြတ်မည့်နည်းလမ်းနှင့် စီမံအုပ်ချုပ်သူများအား ဆက်ခံမည့်အစီအစဉ် စသည်တို့ကို ပြည့်စုံစွာဖော်ပြထားပါသည်။

ရေရှည်တည်တံ့၍ တာဝန်သိသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက် အရေးပါသောခြေလှမ်းတစ်လှမ်းအနေဖြင့် မိမိတို့၏ ကုမ္ပဏီသည် ၂၀၁၅ ခုနှစ်တွင် United Nations Global Compact ၏ အဖွဲ့ဝင်တစ်ဦးဖြစ်လာခဲ့ပြီးနောက် UNGC မှ ချမှတ်ထားသည့် အခြေခံမူလေးရပ်ဖြစ်သည့် (၁)လူ့အခွင့်အရေးကို လေးစားအသိအမှတ်ပြုထိန်းသိမ်းကာကွယ်ခြင်း၊ (၂)ဝန်ထမ်းရေးရာ ဥပဒေများအားလေးစားလိုက်နာခြင်း၊ (၃) ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ (၄) အဂတိလိုက်စားမှုကို လုံးဝရှောင်ရှားခြင်း စသည်တို့ကို ကုမ္ပဏီ၏စီးပွားရေးမဟာဗျူဟာ အလေ့အထနှင့် နေ့စဉ်လုပ်ဆောင်မှုများထဲတွင် ကောင်းမွန်စွာပေါင်းစပ်၍ လိုက်နာဆောင်ရွက်လျက် ရှိပါသည်။

အာဆီယံကော်ပိုရေးရှင်းဆိုင်ရာ စီမံအုပ်ချုပ်မှု၏ အမှတ်ပေးစည်းမျဉ်းအား စံအဖြစ်အသုံးပြု၍ စာရင်းဝင်ကုမ္ပဏီများ၏ ရမှတ်များနှင့်နှိုင်းယှဉ်ကာ ကုမ္ပဏီ၏ရမှတ်များအား သုံးသပ်ပါသည်။ စတော့ရှယ်ယာစာရင်းဝင် ကုမ္ပဏီများ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများအတွက် သတ်မှတ်ထားသော ပျမ်းမျှရမှတ်ထက် ကျွန်ုပ်တို့၏ရမှတ်သည် စံအမှတ်တစ်ခုတွင်ရှိပါသည်။ အာဆီယံနိုင်ငံများနှင့် သက်ဆိုင်သော ပျမ်းမျှရမှတ်များကို International Finance Corporation(IFC), Securities and Exchange Commission of Myanmar (SECM), Directorate of Investment and Company Administration (DICA) and Yangon Stock Exchange (YSX) တို့မှ ပူးတွဲထုတ်ဝေထားသည့် အကဲဖြတ်သုံးသပ်ချက်တွင် လေ့လာသိရှိနိုင်ပါသည်။

မြန်မာနိုင်ငံ၏ ပျမ်းမျှရမှတ်နှင့်ယှဉ်ပါက ကျွန်ုပ်တို့၏ရမှတ်သည် သာလွန်ကောင်းမွန်သော အနေအထားတွင်ရှိသော်လည်း အာဆီယံ၏ပျမ်းမျှရမှတ်အတွင်းရရှိနိုင်ရန် ကျွန်ုပ်တို့၏ ကော်ပိုရေးရှင်းဆိုင်ရာ စီမံအုပ်ချုပ်ဆောင်ရွက်ချက်များကို တိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



# NOMINATION COMMITTEE (NC)

Chairman – Prof. Dr. Aung Tun Thet
(Independent Director)
Members – U Tun Lwin, U Thurane Aung

The Nomination Committee consists of the Chairman (an Independent Director of the Board) and a minimum of 2 other members. The Nomination Committee currently consists of 3 members.

The purpose of the Nomination Committee is to consist the Board in ensuring that it maintains the appropriate balance of skills, knowledge and diversity to support the Company's strategic objectives, and that a clear and transparent appointment process for directors is in place. The principal responsibilities of the Committee are to;

(A) Review the size, structure and composition of the Board, including the skills, knowledge, experience and diversity of Board Members and make recommendation accordingly;

(B) Identify and nominate candidates for appointment to the Board, based on merit and against objective criteria;

(C) Make recommendations to the membership of the Audit, Remuneration and Nomination Committees in consultation with the chairmen of those committees; and

(D) Develop and periodically review, any objectives established for the implementation of diversity on the Board and minority progress toward the achievements of those objectives.

လူမှန်နေရာမှန်ရရှိရေးကော်မတီကို အနည်းဆုံးအဖွဲ့ဝင် (၃)ဦးဖြင့် ဖွဲ့စည်းထားပြီး၊ ကော်မတီ၏ဥက္ကဋ္ဌအဖြစ် လွတ်လပ်သောဒါရိုက်တာတစ်ဦးမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်ရာတွင် ကုမ္ပဏီ၏ မဟာဗျူဟာမြောက် ရည်မှန်းချက်များကို ဖော်ဆောင်ရန်အတွက် ဒါရိုက်တာအဖွဲ့ဝင်များအတွင်း အသိဉာဏ် ပညာကြွယ်ဝမှု၊ ကျွမ်းကျင်မှုနှင့် ကွဲပြားသောအတွေ့ အကြုံရှိမှုတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းနိုင်ရန်နှင့် ရွေးချယ် ခန့်အပ်သည့် လုပ်ငန်းစဉ်ကို ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ရန်ရည်ရွယ်ပြီး လူမှန်နေရာမှန်ရရှိရေး ကော်မတီကို ဖွဲ့စည်းထားပါသည်။

ကော်မတီ၏ အဓိကတာဝန်များမှာ-

(က) ဒါရိုက်တာအဖွဲ့၏ အရွယ်အစား၊ ဖွဲ့စည်းပုံနှင့် ပေါင်းစပ်မှုတို့အား သုံးသပ်ရန်၊ ထိုသို့ သုံးသပ်ရာတွင် ဒါရိုက်တာအဖွဲ့အတွင်း အဖွဲ့ဝင်များ၏ အသိဉာဏ် ပညာကြွယ်ဝမှု၊ တစ်ဦးချင်း ကျွမ်းကျင်မှု၊ ကွဲပြားသော အတွေ့အကြုံရှိမှုတို့ကို ထည့်သွင်းသုံးသပ်ရန်နှင့် သုံးသပ်ချက်အား ဒါရိုက်တာအဖွဲ့သို့ တင်ပြရန်။

(ခ) ဒါရိုက်တာအဖွဲ့ဝင်ဖြစ်ရန် လိုအပ်သည့် အရည်အသွေး၊ သတ်မှတ်ချက်များနှင့်ကိုက်ညီသူအား စီစစ်၍ အမည်စာရင်းတင်သွင်းရန်။

(ဂ) စာရင်းစစ်၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် စည်းကမ်း လိုက်နာမှုကော်မတီ၊ အခကြေးငွေကော်မတီ၊ လူမှန် နေရာမှန်ရရှိရေး ကော်မတီဝင်များကို သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် ညှိနှိုင်းတိုင်ပင်၍ အဆိုပြု တင်သွင်းရန်။

(ဃ) အစုရှယ်ယာရှင်များအကျိုးအတွက် ချမှတ်ထားသော ရည်ရွယ်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒါရိုက်တာအဖွဲ့အနေဖြင့် ဖြစ်ပေါ် တိုးတက်မှုကို မျက်ခြေမပြတ်သိရှိနိုင်ရန် လိုအပ်သည့် မူဝါဒများ သတ်မှတ်ရန်နှင့် ကာလအလိုက်သုံးသပ်ရန်။

# REMUNERATIONCOMMITTEE (RC)

Chairman – U Toe Aung Myint
(Independent Director)
Members – Dr. Nyan Thit Hlaing,
Daw Aye Aye Aung, U Thaung Han



The Remuneration Committee supports the Board of Directors in establishing and periodically reviewing MTSH's compensation strategy, guidelines and performance criteria as well as preparing the proposals to the General Meeting regarding the compensation of the members of the Board of Director and of Key Management personnel.

The Remuneration Committee consists of the Chairman (an Independent Director of the Board) and a minimum of 3 other members. The Remuneration Committee currently consists of 4 members including the committee chairman.

The success of MTSH is dependent on its ability to attract, retain and incentivize the right talented employees. MTSH employee remuneration comprises of fixed and variable components, with the variable components directly correlated with Key Performance Indicators aligned with the Company's Business Plan.

ဒါရိုက်တာ အဖွဲ့ဝင်များနှင့် အဓိကကျသော အမှုဆောင်များအတွက် အခကြေးငွေဆိုင်ရာမူဝါဒများ လိုက်နာဆောင်ရွက်ရန်များနှင့် စွမ်းဆောင်ရည်အား အကဲဖြတ်ရန်တို့ကို သတ်မှတ်ရန်နှင့် အချိန်နှင့်တစ်ပြေးညီ သုံးသပ်၍ လိုအပ်သည်များကို အထွေထွေအစည်းအဝေးများတွင် အဆိုပြုနိုင်ရန်အတွက် အခကြေးငွေကော်မတီသည် ဒါရိုက်တာအဖွဲ့သို့ အကြံပြုတင်ပြမည်ဖြစ်ပါသည်။

ကော်မတီဥက္ကဋ္ဌအဖြစ်လွတ်လပ်သော ဒါရိုက်တာတစ်ဦးနှင့် အနည်းဆုံးအဖွဲ့ဝင် (၃) ဦးပါရှိမည့် အခကြေးငွေကော်မတီသည် လက်ရှိတွင်အဖွဲ့ဝင် (၄) ဦးဖြင့် ဖွဲ့စည်းထားပါသည်။

နေရာအနှံ့အပြားမှကျွမ်းကျင်သူများ၊ပညာရှင်များအား ကောင်းမွန်မျှတသည့်အကျိုးခံစားခွင့်များပေး၍ ရှာဖွေခန့်ထားခြင်းကြောင့် ကုမ္ပဏီ၏ အောင်မြင်မှုကို ခိုင်မာအားကောင်းစေပါသည်။

ဝန်ထမ်းများ၏ လစာခံစားခွင့်များကိုလည်း ပုံသေခံစားခွင့်အပြင် တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်နှင့် ကုမ္ပဏီ၏ စီးပွားရေးအစီအမံများအပေါ် အကောင်အထည်ဖော်နိုင်မှုများပေါ် မူတည်၍ အပိုချီးမြှင့်ခြင်းများခံစားနိုင်ရန် စီစဉ်ထားရှိပါသည်။

# AUDIT, RISK & COMPLIANCE COMMITTEE (ARCC)

Chairman – U Aung Nyunt
(Independent Director)
Members – U Tin Maung Hlaing, U Min Oo

The Audit, Risk & Compliance Committee consist of the Chairman (an Independent Director of the Board) and a minimum of 2 other members. The ARCC currently consists of 3 members.

At least member has to have recent and relevant financial expertise; the other must be familiar with the issues of accounting and audit. In discharging its responsibilities, it has unrestricted access to the Company's management, books and records. The ARCC supports the Board of Directors in its supervision of financial controls through a direct link to Win Thin & Associates (external auditors) and the internal audit department.

The ARCC regularly reports to the Board on its findings and proposes appropriate actions. The responsibility for approving the Annual and Semi-Annual Financial Statements remains with the Board of Directors.

စာရင်းစစ်၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် စည်းကမ်းလိုက်နာမှုကော်မတီတွင် အဖွဲ့ဝင် (၃)ဦးပါဝင်မည်ဖြစ်ပြီးလွတ်လပ်သော ဒါရိုက်တာတစ်ဦးမှ ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူမည်ဖြစ်ပါသည်။ လက်ရှိတွင် ကော်မတီအား အဖွဲ့ဝင် (၃) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ဘဏ္ဍာရေးနှင့်သက်ဆိုင်သည့်လုပ်ငန်းကျွမ်းကျင်သူ အနည်းဆုံး တစ်ဦးကော်မတီတွင်ပါရှိပြီး၊ ကျန်သူများမှာ စာရင်းကိုင်၊ စာရင်းစစ်ကိစ္စများတွင် အတွေ့အကြုံရှိသူများဖြစ်ပါသည်။

စာရင်းစစ်၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် စည်းကမ်းလိုက်နာမှုကော်မတီသည် တာဝန်အရ ကုမ္ပဏီ၏စီမံအုပ်ချုပ်သူများနှင့် စာရင်းဇယား၊ မှတ်တမ်းမှတ်ရာများကို လိုအပ်သလို စိစစ်နိုင်မည်ဖြစ်ပါသည်။ ပြင်ပစာရင်းစစ်မှ စာရင်းစစ်ဆေးခြင်းကို ဆောင်ရွက်ရာတွင် ဒါရိုက်တာအဖွဲ့၊ စီမံအုပ်ချုပ်သူများနှင့် အတွင်းစာရင်းစစ်တို့အကြား စာရင်းစစ်ကော်မတီမှ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။

စာရင်းစစ်ကော်မတီအနေဖြင့် စာရင်းစစ်ဆေးတွေ့ရှိချက်များနှင့် တွေ့ရှိချက်များအပေါ် သုံးသပ်အကြံပြုချက်များကို စဉ်ဆက်မပြတ် ဒါရိုက်တာအဖွဲ့သို့ တင်ပြပေးလျက်ရှိပါသည်။ သို့ရာတွင် ဘဏ္ဍာရေးရှင်းတမ်း၊ နှစ်ဝက်ဘဏ္ဍာရေး ရှင်းတမ်းတို့ကို ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ဆောင်ရွက်မည်ဖြစ်ပါသည်။

# MANAGEMENT & BUSINESS DEVELOPMENT COMMITTEE (MBDC)

Chairman - U Thurane Aung (Executive Director)
Members - Dr. Nyan Thit Hlaing,
U Min Oo, Daw Aye Aye Aung

The Management & Business Development Committee (MBDC) currently consist of 4 members and U Thurane Aung (Executive Director) has been acting as the Chairman with a minimum of 3 other members in this Committee.

This Committee has senior management oversight of the planning and strategy, financial and business, and infrastructure operations of the Company.

Furthermore, the committee shall seek and evaluate for new business development opportunities and propose Board of Directors for investment decision for long term growth of the Company.

In this committee, the members contribute with the best of their local & international knowledge and experiences to guide and direct the activities of MTSH as well as ensuring the effective management and new business activities and project.

စီမံအုပ်ချုပ်မှုနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်မှု ကော်မတီကို ဦးသူရိန်အောင်မှ ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ကာ အဖွဲ့ဝင် (၃)ဦးဖြင့် ဖွဲ့စည်းထားပါသည်။

ကော်မတီသည် ကုမ္ပဏီ၏မဟာဗျူဟာမြောက်သော စီမံကိန်းများရေးဆွဲခြင်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေးအပြင် အခြေခံအဆောက်အဦးလုပ်ငန်းများအတွက် စီမံခန့်ခွဲမှု၊ အကောင်အထည်ဖော်မှုများကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင်ကော်မတီသည် ကုမ္ပဏီ၏ ရေရှည်တိုးတက်ရေးအတွက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့်အလမ်းအသစ်များကို ရှာဖွေလေ့လာကာ ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်များအား ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များထံ အဆိုပြုသွားမည်ဖြစ်ပါသည်။

MTSH ၏ စီးပွားရေးလုပ်ငန်းအသစ်များနှင့် စီမံကိန်းအသစ်များ၊ လုပ်ငန်းများဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များကို ကော်မတီတွင်ပါဝင်သောအဖွဲ့ဝင်များ၏ ဒေသတွင်းနှင့် နိုင်ငံတကာအသိပညာနှင့် အတွေ့အကြုံများ ပေါင်းစပ်ကာ ထိရောက်သောလမ်းညွှန်မှုများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

# BOARD OF DIRECTORS' INTEREST IN SHARES

Directors shareholdings comparing between record date 30.9.2021 and 4.2.2022 are as below :

| Sr. | Name | Holdings Registered in name of Director as at | | Holdings in which Director is deemed to have an interest as at | |
|---|---|---|---|---|---|
| | | 30.9.2021 | 4.2.2022 | 30.9.2021 | 4.2.2022 |
| 1 . | U Win Aung | 256,340 | 256,340 | 2,029,046 | 2,029,046 |
| 2 . | U Theim Wai @ Serge Pun | - | - | 643,503 | 643,503 |
| 3 . | Prof. Dr. Aung Tun Thet | - | - | - | - |
| 4 . | U Aung Nyunt | - | - | - | - |
| 5 . | U Toe Aung Myint | - | - | - | - |
| 6 . | U Tun Lwin | 523,850 | 523,850 | 1,921,010 | 1,921,010 |
| 7 . | U Thaung Han | - | - | 2,206,990 | 2,206,990 |
| 8 . | Dr. Nyan Thit Hlaing | - | - | 1,149,122 | 1,149,122 |
| 9 . | U Tin Maung Hlaing | 10,100 | 10,100 | - | - |
| 10 . | U Myint Zaw | 11,210 | 11,210 | 1,900,000 | 1,900,000 |
| 11 . | U Thurane Aung | 493,540 | 493,540 | 143,150 | 143,150 |
| 12 . | U Min Oo | - | - | 1,592,101 | 1,592,101 |
| 13 . | Daw Aye Aye Aung | - | - | 1,513,583 | 1,513,583 |

Executive Officer shareholdings comparing between record date 30.9.2021 and 4.2.2022 are as below :

| Sr. | Name | Holdings Registered in name of Executive Officer as at | | Holdings in which Executive Officer is deemed to have an interest as at | |
|---|---|---|---|---|---|
| | | 30.9.2021 | 4.2.2022 | 30.9.2021 | 4.2.2022 |
| 1 . | U Tin Myo Naing | - | - | - | - |
| 2 . | Daw Yu War Tun | - | - | - | - |

# BOARD OF DIRECTORS, EXECUTIVE DIRECTORS, SENIOR MANAGEMENT AND COMPLIANCE OFFICER REMUNERATION

Kyat in Million

| | BOARD OF DIRECTORS | | | In capacity as management Salary | Honorarium | In capacity as director FY 2020-21 Proposed Bonus | Total remuneration in all capacity |
|---|---|---|---|---|---|---|---|
| 1 | U Win Aung | Chairman - MTSH, MJTD & TPD | NED | - | | 8.50 | 8.50 |
| 2 | U Theim Wai | Vice Chairman - MTSH & TPD | NED | - | | 7.65 | 7.65 |
| 3 | Prof. Dr. Aung Tun Thet | Independent Director - MTSH | NED | - | 24.00 | 6.80 | 30.80 |
| 4 | U Tin Htut Oo | Independent Director - MTSH | NED | - | 10.00 | 3.40 | 13.40 |
| 5 | U Aung Nyunt | Independent Director - MTSH | NED | - | 24.00 | 6.80 | 30.80 |
| 6 | U Toe Aung Myint | Independent Director - MTSH | NED | | 12.00 | 3.40 | 15.40 |
| 7 | U Tun Lwin | Director - MTSH & TPD | NED | - | | 7.65 | 7.65 |
| 8 | U Thaung Han | Director - MTSH, MJTD & TPD | NED | | | 6.80 | 6.80 |
| 9 | Dr. Nyan Thit Hlaing | Director - MTSH, MJTD & TPD | NED | - | | 6.80 | 6.80 |
| 10 | U Tin Maung Hlaing | Director - MTSH & TPD | NED | - | | 6.80 | 6.80 |
| 11 | U Myint Zaw | Director - MTSH, MJTD & TPD | ED | - | | 6.80 | 6.80 |
| 12 | U Thurane Aung | Director - MTSH, MJTD & TPD | ED | - | | 6.80 | 6.80 |
| 13 | U Min Oo | Director - MTSH & TPD | NED | - | | 6.80 | 6.80 |
| 14 | Daw Aye Aye Aung | Director - MTSH, MJTD & TPD | NED | | | 6.80 | 6.80 |
| | **SUBTOTAL** | | | | **70.00** | **91.76** | **161.76** |

| | Executive Directors for Management Role | | Salary | Honorarium | Bonus | Total |
|---|---|---|---|---|---|---|
| 1 | U Myint Zaw | Managing Director - MTSH & TPD (Oct 2020 - Sep 2021) | 196.03 | | 14.19 | 210.22 |
| 2 | U Thurane Aung | VP - MJTD, Project Director - MTSH & TPD (Oct 2020 - Sep 2021) | 75.38 | | 10.69 | 86.07 |
| | **SUBTOTAL** | | **271.41** | **0.00** | **24.88** | **296.29** |

| | Senior Management | | Salary | Honorarium | Bonus | Total |
|---|---|---|---|---|---|---|
| 1 | Daw Yu War Tun | Head of Finance - MTSH, CFO - MJTD (Oct 2020- Sep 2021) | 69.98 | | 6.68 | 76.66 |
| 2 | U Tin Myo Naing | GM of Admin & HR - MTSH &TPD, Admin & HR Officer - MJTD (Oct 2020- Sep 2021) | 52.71 | | 4.00 | 56.71 |
| | **SUBTOTAL** | | **122.69** | | **10.68** | **133.37** |

| | Compliance Officer | | Salary | Honorarium | Bonus | Total |
|---|---|---|---|---|---|---|
| 1 | U Win Thinn | Compliance Officer(Oct 2020- Sep 2021) | 12.00 | | | 12.00 |
| | **SUBTOTAL** | | 12.00 | | | 12.00 |
| | **GRAND TOTAL** | | **406.10** | **70.00** | **127.33** | **603.43** |

Legend:

VP - Vice-President, NED - Non-Executive Director, ED - Executive Director, CEO - Chief Executive Officer, CFO - Chief Financial Officer, Admin & HR Officer, GM - General Manager

# BOARD MEETINGS

Our Board and Board Committees have held the meetings to assess and evaluate Company's business performance, key activities and strategic policies. The company has held the meetings in 1st October 2020 to 30th September 2021 are as follows:



| 9 TIMES | 0 TIME | 1 TIME | 4 TIMES | 2 TIMES |
|---|---|---|---|---|
| MTSH BOD Meeting | Nomination Committee Meeting | Remuneration Committee Meeting | Audit, Risk and Compliance Committee Meeting | Management & Business Development Committee Meeting |

## ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးကျင်းပမှုအခြေအနေ

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ (၁) ရက်နေ့မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလ (၃၀) ရက်နေ့အထိ ဒါရိုက်တာအဖွဲ့ အနေဖြင့် ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်ချက်များအား စီရင်သုံးသပ်ရန်နှင့် မဟာဗျူဟာများချမှတ်နိုင်ရန်အတွက် -

ဒါရိုက်တာအဖွဲ့ အစည်းအဝေးကို (၉)ကြိမ်၊ ကော်မတီ (၄)ရပ်တွင် စာရင်းစစ်၊ ဆုံးရှုံးနိုင်ခြေရှိမှုနှင့် စည်းကမ်းလိုက်နာမှုကော်မတီမှ အစည်းအဝေး (၄)ကြိမ်၊ အခကြေးငွေကော်မတီမှ အစည်းအဝေး (၁)ကြိမ်နှင့် စီမံအုပ်ချုပ်မှုနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ အစည်းအဝေး (၂)ကြိမ်စီ ကျင်းပနိုင်ခဲ့ပါသည်။

| Director | Board Meeting | | | | | | | | | AGM |
|---|---|---|---|---|---|---|---|---|---|---|
| | 4/2020-2021 (7.10.20) | 5/2020-2021 (24.12.20) | 6/2020-2021 (20.1.21) | 7/2020-2021 (8.3.21) | 8/2020-2021 (26.3.21) | 1/2021-2022 (30.3.21) | 2/2021-2022 (26.4.21) | 3/2021-2022 (29.6.21) | 4/2021-2022 (29.9.21) | 8th AGM (30.3.21) |
| U Win Aung | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| U Theim Wai @ Serge Pun (or his Alternate Director, U Tun Tun) | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| [1]U Khin Maung Aye (or his Alternate Director, U Thaung Han) | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | - | - |
| Prof. Dr. Aung Tun Thet | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| [2]U Tin Htut Oo | - | ✓ | ✓ | - | - | - | - | - | - | - |
| U Aung Nyunt | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| [3]U Toe Aung Myint | - | - | - | - | - | ✓ | ✓ | ✓ | ✓ | ✓ |
| U Tun Lwin | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| [4]U Thaung Han | - | - | - | - | - | - | - | - | ✓ | ✓ |
| Dr. Nyan Thit Hlaing | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| U Tin Maung Hlaing | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| U Myint Zaw | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| U Thurane Aung | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| U Min Oo | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| Daw Aye Aye Aung | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |

[2] U Tin Htut Oo, Independent Director of the Company retired his role with effective from 4 February 2021.

[3] U Toe Aung Myint, Independent Director of the Company was appointed with effective from 30 March 2021.

[4] U Thaung Han, Director of the Company was appointed in the place of [1] U Khin Maung Aye, Vice Chairman with effective from 29 June 2021.

## Nomination Committee

| Sr. | Director | Designation | Meeting Date |
|---|---|---|---|
| 1 . | Prof. Dr. Aung Tun Thet | Chairman | There is no meeting during reported financial year. |
| 2 . | U Tun Lwin | Member | There is no meeting during reported financial year. |
| 3 . | U Thurane Aung | Member | There is no meeting during reported financial year. |

## Remuneration Committee

| Sr. | Director | Designation | 3/2020-2021 (24.12.2020) |
|---|---|---|---|
| 1 . | [1] U Tin Htut Oo | Chairman | ✓ |
| 2 . | [2] U Toe Aung Myint | Chairman | - |
| 3 . | Dr. Nyan Thit Hlaing | Member | ✓ |
| 4 . | U Thaung Han | Member | - |
| 5. | Daw Aye Aye Aung | Member | ✓ |

[1] U Tin Htut Oo,Independent Director of the Company retired his role with effective from 4 February 2021.
[2] U Toe Aung Myint, Independent Director of the Company was appointed with effective from 30 March 2021.

## Audit, Risk & Compliance Committee

| Sr. | Director | Designation | 2/2020-2021 (13.10.2020) | 1/2021-2022 (3.5.2021) | 2/2021-2022 (28.5.2021) | 3/2021-2022 (29.6.2021) |
|---|---|---|---|---|---|---|
| 1 . | U Aung Nyunt | Chairman | ✓ | ✓ | ✓ | ✓ |
| 2 . | U Tin Maung Hlaing | Member | ✓ | ✓ | - | ✓ |
| 3 . | U Min Oo | Member | ✓ | ✓ | ✓ | ✓ |

## Management & Business Development Committee

| Sr. | Director | Designation | 1/2021-2022 (14.5.2021) | 2/2021-2022 (28.5.2021) |
|---|---|---|---|---|
| 1 . | U Thurane Aung | Chairman | ✓ | ✓ |
| 2 . | Dr. Nyan Thit Hlaing | Member | ✓ | - |
| 3 . | U Min Oo | Member | ✓ | ✓ |
| 4 . | Daw Aye Aye Aung | Member | ✓ | ✓ |



# HOLDING OF 8$^{TH}$ ANNUAL GENERAL MEETING

On 30th March 2021, 8th Annual General Meeting of Myanmar Thilawa SEZ Holdings Public Co., Ltd (MTSH) was held online-based event. Due to the Covid-19 Global Pandemic, AGM event was held virtually via ZOOM Webinar platform instead of regular physical annual meeting which almost 3,000 attendees were recorded every year.

In the meeting, U Win Aung, Chairman of MTSH stated the significant progress of the company, its financial data, future potential business projects for MTSH and the success of Thilawa Special Economic Zone in Myanmar. As the following agenda, U Myint Zaw, one of the BOD members reported to the shareholders on the Company's F2019-2020 Financial Report and Directors' Report to be approved. In the 8th Annual General Meeting, shareholders approved the meeting resolutions of (1) to approve Company's FY 2019-2020 Financial Statements and Directors' Report, (2) to announce the dividend payment that was proposed by the Company for FY 2019-2020, (3) to appoint (i) the elected directors in the election: U Theim Wai, U Myint Zaw, U Thurane Aung, Daw Aye Aye Aung (ii) to appoint the incumbent Independent Directors: Prof. Dr. Aung Tun Thet, U Aung Nyunt and U Toe Aung Myint, (4) to re-appoint Win Thin and Associates as external auditor for FY 2021-2022 and (5) to get approval of rewarding 1% of net profit of FY 2019-2020 as BOD Bonus to members of the Board.

The event was held successfully with the shareholders of 39% shareholding registered for their voting rights.

# အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ၂၀၂၁ ခုနှစ်၊ မတ်လ (၃၀)ရက်နေ့တွင် Online မှ တစ်ဆင့် ကျင်းပခဲ့ပါသည်။ နှစ်စဉ် အစုရှယ်ယာရှင်ပေါင်း (၃,၀၀၀)ခန့်တို့မှ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ခဲ့ကြသည့် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ Covid 19 ဖြစ်ပေါ်ခဲ့ခြင်းကိစ္စရပ်များကြောင့် Zoom Webinar မှတစ်ဆင့် ကျင်းပခဲ့ပါသည်။

MTSH ၏ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင်မှ ကုမ္ပဏီ၏လက်ရှိလုပ်ငန်းဆိုင်ရာတိုးတက်နေမှုအခြေအနေများ၊ ကုမ္ပဏီ၏ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ၊ သီလဝါအထူးစီးပွားရေးဇုန်၏ အောင်မြင်နေမှုအခြေအနေများ၊ မိမိတို့ကုမ္ပဏီမှ ရှေ့အနာဂတ်တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စီးပွားရေးအခွင့်အလမ်းကောင်းများနှင့်ပတ်သက်၍ အစုရှယ်ယာရှင်များသို့ အသိပေးတင်ပြပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး ကုမ္ပဏီ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာကို အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်ဇော်မှ ဖတ်ကြားတင်ပြခဲ့ပါသည်။ အဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏ ဆုံးဖြတ်ချက်များအဖြစ် (၁) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာအား အတည်ပြုရန်၊ (၂) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီမှအဆိုပြုထားသော အမြတ်ဝေစုအား အတည်ပြုရန်၊ (၃) ဒါရိုက်တာအဖွဲ့ဝင် ရွေးကောက်ပွဲတွင် (က) ရွေးချယ်ခြင်းခံရသည့် ဦးသိမ်းဝေ၊ ဦးမြင့်ဇော်၊ ဦးသူရိန်အောင်၊ ဒေါ်အေးအေးအောင်တို့အား ဒါရိုက်တာများအဖြစ် ခန့်အပ်ရန်၊ (ခ) လွတ်လပ်သောဒါရိုက်တာများအဖြစ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ ဦးအောင်ညွှန့်နှင့် ဦးတိုးအောင်မြင့်တို့ကို လာမည့်သက်တမ်းအတွက် ခန့်အပ်ရန်၊ (၄) ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွက် ဝင်းသင်နှင့် အဖွဲ့စာရင်းစစ်များအား ပြန်လည်ခန့်အပ်ရန်နှင့် (၅) ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အသားတင်အမြတ်၏ (၁) ရာခိုင်နှုန်းကို ဒါရိုက်တာအဖွဲ့ဝင်များအား ချီးမြှင့်သွားရန်တို့ကို အစုရှယ်ယာရှင်များမှ သဘောတူ အတည်ပြုပေးခဲ့ကြပါသည်။

နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် မဲပေးခွင့်အတွက် အစုရှယ်ယာစုစုပေါင်း၏ (၃၉) ရာခိုင်နှုန်းပိုင်ဆိုင်သော အစုရှယ်ယာရှင်များမှ Register ပြုလုပ်၍ မဲပေးခဲ့ကြပြီး၊ အစည်းအဝေးအား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

# MTSH 8TH ANNUAL GENERAL ZOOM MEETING






# GROUP FINANCIAL HIGHLIGHTS
(FY 2020-2021)


















# GYOGONE
## Housing Redevelopment Project

(Ground Breaking Ceremony)






# GYOGONE

## Housing Redevelopment Project



# SUSTAINBILITY & SDGs REPORT



MTSH, our associate and subsidiary companies have been working diligently in areas of sustainability since inceptions. Our leaders are some of the largest supporters of philanthropic causes and our company has led the industry in good corporate governance and ethics practices for some time.

Our biggest opportunity lies in taking a strong position in support of environmental sustainability. Recent studies have shown that buildings account for as much as 40% of the earth's greenhouse gas emissions, which are believed to contribute to climate change. As a leading real estate services firm in Myanmar, our ability to influence how real estate is built, sourced, occupied, and sold, is unsurpassed.

Climate change is a significant risk for Myanmar; extreme weather may impact our operations. We believe we can make a tangible impact on our environment by improving energy efficiency, reducing greenhouse gas emissions. We will work with our tenants and business partners to make greener environment, and contribute to the fight against climate change.

MTSH recognizes the value of aligning with the international standards for sustainable and responsible business practices. MTSH is a member of the United Nations Global Compact (UNGC) since 2015. The UNGC was initiated in 2,000 to promote global corporate responsibility with 10 guiding principles. We support the Sustainable Development Goals (‘SDGs’), adopted in 2015, a plan to tackle the world’s most pressing social, economic and environmental challenges. SDGs cover 17 topics and propose appropriate targets for 2030. We are also dedicated to complying with the United Nations Universal Declaration of Human Rights.

MTSH is commitments to the United Nations Global Compact (UNGC), the United Nations Sustainable Development Goals, and strive to improve the integration principles into our culture, strategy and operations as an ongoing commitment to being a responsible business.

## ရေရှည်တည်တံ့ခိုင်မြဲရေး မူဝါဒ

MTSH နှင့် ၎င်း၏ ဖက်စပ်ကုမ္ပဏီ၊ လက်အောက်ခံကုမ္ပဏီခွဲတို့သည် စတင်တည်ထောင်ချိန်မှစ၍ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အားထုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ ဦးဆောင်သူများသည် အများအကျိုးသယ်ပိုးရွက်ဆောင်နေကြသူများဖြစ်ပြီး ကျွန်ုပ်တို့ကုမ္ပဏီသည်လည်း ကောင်းမွန်စနစ်ကျသောစီမံအုပ်ချုပ်မှုနှင့် ကျင့်ဝတ်လိုက်နာစောင့်ထိန်းသော စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရှေးရှုဆောင်ရွက်လျက်ရှိပါသည်။

ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ထိန်းသိမ်းရေးအတွက် ဝိုင်းဝန်းကူညီပေးခြင်းသည် ကျွန်ုပ်တို့အတွက် အခွင့်ထူးတစ်ရပ်ပင်ဖြစ်သည်။ လတ်တလော လေ့လာတွေ့ရှိချက်များအရ ရာသီဥတုအခြေအနေများကို ပြောင်းလဲစေနိုင်သော ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှု (၄၀)ရာခိုင်နှုန်းသည် ကမ္ဘာပေါ်ရှိ အဆောက်အဦးများကြောင့် ဖြစ်ပေါ်လျက်ရှိသည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံရှိ အိမ်ရာမြေဖော်ဆောင်သည့်လုပ်ငန်းများတွင် ဦးဆောင်နေသည့် လုပ်ငန်းစုတစ်စုဖြစ်သည်နှင့်အညီ အိမ်ရာအဆောက်အဦး တည်ဆောက်ရေးလုပ်ငန်းများတွင်လည်းကောင်း၊ နေရာချထားရေးတွင်လည်းကောင်း၊ ရောင်းချမှုများတွင်လည်းကောင်း ဩဇာသက်ရောက်မှုရှိသည့်အတွက် ပတ်ဝန်းကျင်ထိခိုက်မှုအခြေအနေများကို ကူညီတားဆီးနိုင်မည်ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်းသည် ကျွန်ုပ်တို့မြန်မာနိုင်ငံအတွက် ကြီးမားသောအန္တရာယ် အရင်းမြစ်တစ်ခုဖြစ်ပြီး ပြင်းထန်သောရာသီဥတုသည် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများအပေါ်တွင်လည်း သက်ရောက်မှုရှိမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ စွမ်းအင်များကို အကျိုးရှိရှိ ထိရောက်စွာ အသုံးချခြင်းဖြင့်လည်းကောင်း၊ ဖန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချခြင်းဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့၏သဘာဝပတ်ဝန်းကျင်အတွက် ထိရောက်သောကောင်းကျိုးသက်ရောက်မှုရှိစေမည်ဟု ယုံကြည်ပါသည်။ ကျွန်ုပ်တို့သည် ရင်းနှီးမြှုပ်နှံသူများ စီးပွားရေးမိတ်ဖက်များနှင့်အတူ ပိုမိုစိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဆန့်ကျင်တိုက်ဖျက်ရေးတွင်လည်း ပါဝင်ကူညီသွားမည်ဖြစ်ပါသည်။

ရေရှည်တည်တံ့ပြီးတာဝန်သိသောစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ထွန်းပေါ်ပေါက်ရေးအတွက်နိုင်ငံတကာ၏စံချိန်စံညွှန်းများနှင့်အညီပေါင်းစည်းထားသည့်တန်ဖိုးကို MTSH မှ လက်ခံအသိအမှတ်ပြုသည်နှင့်အညီ MTSH သည်လည်း ၂၀၁၅ ခုနှစ်မှစ၍ UNITED NATIONS GLOBAL COMPACT (UNGC) ၏ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခဲ့ပါသည်။ UNGC ကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လမ်းညွှန်မူဝါဒ (၁၀)ချက်ဖြင့် အဖွဲ့အစည်းဆိုင်ရာ တာဝန်ယူမှုများအတွက် တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာပေါ်တွင် ဖိအားပေးအခံရဆုံးသော လူမှုရေး၊ စီးပွားရေး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများကို ကိုင်တွယ်ဖြေရှင်းပေးနိုင်မည့် အစီအစဉ်တစ်ရပ်အဖြစ် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးရည်မှန်းချက်များ (SDGs) ကို ၂၀၁၅ ခုနှစ်တွင် အတည်ပြုခဲ့ပါသည်။ ကျွန်ုပ်တို့အဖွဲ့အစည်းမှ အဆိုပါ SDGs

ရည်မှန်းချက်များကို အပြည့်အဝထောက်ခံအားပေးလျက်ရှိပါသည်။ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးရည်မှန်းချက်များ (SDGs)တွင် အကြောင်းအရာ ခေါင်းစဉ်(၁၇)မျိုး ပါဝင်ပြီး သင့်တော်သောရည်မှန်းချက်များဆီသို့ ၂၀၃၀ ခုနှစ်တွင် အရောက်လှမ်းနိုင်ရန်အတွက် ရည်ရွယ်ထားရှိပါသည်။ လူ့အခွင့်အရေးနှင့်ပတ်သက်၍လည်း UNITED NATIONS UNIVERSAL DECLARATION OF HUMAN RIGHTS နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

MTSH သည် UNGC နှင့် SDGs တို့မှ ချမှတ်ထားသောမူဝါဒ၊ ရည်မှန်းချက်များကို စီးပွားရေး၊ မဟာဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်မှုများတွင် ပေါင်းစပ်အသုံးပြုလျက်ရှိပြီး တာဝန်သိတတ်သော စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် ရပ်တည်သွားရန် ဆက်လက်ကြိုးစားအားထုတ်သွားမည် ဖြစ်ပါသည်။





# SDG GOAL 3. GOOD HEALTH AND WELL-BEING

- Social welfare, Health and Environmental Support (Nutrition program, Kahtina robe offering, Myanmar New Year Festival, Health awareness program, Hygiene and sanitation program, Free health check program, Drug abuse awareness program, Clinical equipment donation, Trash collection activity, Schools sport program, Thilawa Community Run event)
- Fair compensation, training support, safe working environment, subsidy of medical cost
- Assisting the Covid-19 Vaccination program of TSEZ workers 11,009 employees and their family members of 645 people
- Employee support initiatives during WFH and lockdown during Covid-19 outbreak
- Blood donation activity

## ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး

- ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် လူမှုရေးအထောက်အပံ့များ (အာဟာရတိုက်ကျွေးရေး အစီအစဉ်၊ ကထိန်သင်္ကန်းဆက်ကပ်ပွဲ၊ မြန်မာ့ရိုးရာနှစ်ကူးပွဲ၊ ကျန်းမာရေးအသိပညာပေး အစီအစဉ်၊ တစ်ကိုယ်ရေသန့်ရှင်းရေးအစီအစဉ်၊ အခမဲ့ကျန်းမာရေးစစ်ဆေးခြင်းအစီအစဉ်၊ မူးယစ်ဆေးဝါး အလွဲသုံးစားမှု ပညာပေးအစီအစဉ်၊ ဆေးရုံ/ဆေးခန်းသုံးကိရိယာများလှူဒါန်းခြင်း၊ အမှိုက်သိမ်းလှုပ်ရှားမှုအစီအစဉ်၊ ကျောင်းအားကစားအစီအစဉ်၊ သီလဝါဒေသအတွင်း အပြေးပြိုင်ပွဲကျင်းပခြင်း)။
- သင့်တင့်သည့်လစာပေးချေခြင်း၊ ကျွမ်းကျင်မှုသင်တန်းများ ထောက်ပံ့ပေးခြင်း၊ လုံခြုံမှုရှိသောလုပ်ငန်းခွင်ဖြစ်စေခြင်း၊ နာမကျန်းမှုအတွက် ထောက်ပံ့ငွေပေးခြင်း။
- သီလဝါအထူးစီးပွားရေးဇုန်ရှိ ဝန်ထမ်း ၁၁,၀၀၉ ဦးနှင့် သူတို့၏ မိသားစုဝင် ၆၄၅ ဦးတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်များဆောင်ရွက်ပေးခြင်း။
- ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ်နှင့် LOCK DOWN ကာလတို့တွင် ဝန်ထမ်းများအား နေအိမ်မှနေ၍ အလုပ်လုပ်နိုင်ရန် ပံ့ပိုးကူညီမှုများဆောင်ရွက်ပေးခြင်း။
- သွေးလှူဒါန်းခြင်း အစီအစဉ်။

# SDG GOAL 4. QUALITY EDUCATION

- Supporting land compensation, resettlement, Income Restoration Program, Vulnerable Support Program, Vocational Training Program
- Education support (Free English class, Stationery Donation "4th Back to school program" for 2,700 students, Furniture & computers donation to schools, Scholarship for Primary, Secondary and University Students)
- Infrastructure support (Library, School building and Road construction, Drainage repair in villages)
- Fair compensation, training support, safe working environment, subsidy of medical cost
- Participate in various seminars, workshop and events organized by YSX and Securities Companies
- Support data to researchers working for master degree thesis
- Internship program for students from Technical University

## အရည်အချင်းပြည့်ဝသော ပညာရေးရရှိရေး

- မြေယာဆုံးရှုံးမှု လျော်ကြေးငွေပေးခြင်းနှင့် ထောက်ပံ့ရေးအစီအစဉ်၊ ပြန်လည်နေရာချထားရေး လုပ်ငန်းများ၊ ဒေသခံလူထု၏ဝင်ငွေ မူလအခြေနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ ကူညီစောင့်ရှောက်ရေးအစီအစဉ်၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ လေ့ကျင့်သင်ကြားပေးခြင်းအစီအစဉ်များ ဆောင်ရွက်ခြင်း။
- ပညာရေးအထောက်အပံ့များ (ပဥ္စမအကြိမ်မြောက် ကျောင်းသုံးပစ္စည်းများထောက်ပံ့လှူဒါန်းခြင်းအစီအစဉ်အရ ကျောင်းသားများအတွက် စာရေးကိရိယာများလှူဒါန်းခြင်း၊ သန်လျင်နှင့် ကျောက်တန်းတွင်ရှိသော ကျောင်းသား/ သူများကို ပညာသင်ထောက်ပံ့ဆုပေးအပ်ခြင်း၊ အခြေခံပညာမှ ကျောင်းသား/ သူများနှင့် အစိုးရနည်းပညာတက္ကသိုလ်မှ ကျောင်းသား/ သူများအတွက် စက်မှုဇုန်ရှိ စက်ရုံများသို့ လေ့လာရေးအစီအစဉ်ပြုလုပ်ပေးခြင်း၊ အစိုးရနည်းပညာတက္ကသိုလ်မှ ကျောင်းသားများအတွက် INTERNSHIP PROGRAM ပြုလုပ်ပေးခြင်း)။
- အခြေခံအဆောက်အအုံအထောက်အပံ့များ (စာကြည့်တိုက်၊ ကျောင်းဆောင်ဆောက်လုပ်ပေးခြင်းနှင့် လမ်းဖောက်လုပ်ခြင်း၊ ကျေးရွာများတွင် ရေမြောင်းများ ပြုပြင်ပေးခြင်း)။
- သင့်တင့်သည့် လစာပေးချေခြင်း၊ ကျွမ်းကျင်မှုသင်တန်းများထောက်ပံ့ပေးခြင်း၊ လုံခြုံမှုရှိသောလုပ်ငန်းခွင်ဖြစ်စေခြင်း၊ နာမကျန်းမှုအတွက် ထောက်ပံ့ငွေပေးခြင်း။
- ရန်ကုန်စတော့အိပ်ချိန်းနှင့် SECURITIES ကုမ္ပဏီများမှ ကြီးမှူးကျင်းပသော ဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အခမ်းအနားများတွင် ပူးပေါင်းပါဝင်ခြင်း။
- ဘွဲ့လွန်စာတမ်းများအတွက် လိုအပ်သောအချက်အလက်များ ပံ့ပိုးပေးခြင်း။
- နည်းပညာတက္ကသိုလ်များမှ ကျောင်းသားကျောင်းသူများအတွက် အလုပ်သင်အစီအစဉ်များ ပြုလုပ်ပေးခြင်း။






5 GENDER EQUALITY

# SDG GOAL 5. GENDER EQUALITY

- Equal employment opportunity and gender equality in hiring, training and promotion
- Committed equal employment opportunity, gender equality
- 1 Woman on our Board of Directors of 13
- 1 out of 4 Senior Management is a woman.
- More than 45 % of middle management are women.

## ကျား - မ တန်းတူညီမျှမှုရရှိရေး

- ဝန်ထမ်းငှားရမ်းခြင်း၊ သင်တန်းပေးခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းများတွင် ကျားမခွဲခြားမှုမရှိဘဲတန်းတူ အခွင့်အရေးရစေခြင်း။
- တန်းတူညီမျှသော အလုပ်အကိုင်အခွင့်အလမ်း၊ ကျား-မ တန်းတူညီမျှမှုကို ကတိသစ္စာပြုခြင်း။
- ဘုတ်အဖွဲ့ဝင် ဒါရိုက်တာ (၁၃) ဦးတွင် အမျိုးသမီးဒါရိုက်တာတစ်ဦး ပါဝင်ခြင်း။
- Senior Management (၄) ဦး တွင် (၁) ဦးမှာ အမျိုးသမီးဖြစ်ခြင်း။
- Middle Management ၏ (၄၅) ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးဖြစ်ခြင်း။

# SDG GOAL 6. CLEAN WATER AND SANITATION

- Treatment of used water before discharge into creek.
- Wastewater to be properly discharged into the environment.
- Sewage treatment plant with daily capacity of 4,800 $m^3$ treats consumed water before discharging.

## သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် စနစ်ကျသော မိလ္လာစနစ်ရရှိရေး

- သုံးစွဲပြီးရေဟောင်းများကို မြစ်ချောင်းများအတွင်း မစွန့်ပစ်မီ ပြန်လည်သန့်စင်ခြင်း။
- စွန့်ပစ်ရေများကို ပတ်ဝန်းကျင်သို့ စနစ်တကျ စွန့်ပစ်ခြင်း။
- နေ့စဉ် ကုဗမီတာပေါင်း (၄,၈၀၀) ထုတ်လုပ်ပေးနိုင်သော ရေဆိုးသန့်စင်စက်ရုံသည် အသုံးပြုပြီးသောရေကို စွန့်ပစ်ခြင်းမပြုမီ ပြန်လည်သန့်စင်နိုင်ခြင်း။



# SDG GOAL-7. AFFORDABLE AND CLEAN ENERGY

- Electricity support to monastery in the vicinity of Thilawa SEZ
- We deploy programs to improve energy efficiency in all our activites.
- Replacement of energy saving lights and bulbs.

## လူတိုင်းလက်လှမ်းမီမှုရှိသည့် သန့်ရှင်းသောစွမ်းအင်ကို ရရှိရေး

- သီလဝါအနီးဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်းများအား လျှပ်စစ်မီးရရှိစေရန် သွယ်တန်းပေးခြင်း။
- လုပ်ငန်းအသီးသီးတွင် စွမ်းအင်ထိရောက်မှု မြှင့်တင်ရန်အတွက် အစီအစဉ်များချမှတ် ဆောင်ရွက်ခြင်း။
- စွမ်းအင်ချွေတာသော မီးလုံးများနှင့် မီးသီးများ အစားထိုးအသုံးပြုခြင်း။



# SDG GOAL – 8.
# DECENT WORK AND ECONOMIC GROWTH

- Conduct our purchasing activities in a fair, honest and legal manner with openness and integrity.
- Award contracts on the basis of value for money, not simply lowest price
- Prompt payment and making complaints courteously
- Ensure that all tenderers have equal access to information
- Work with local business and voluntary sector support organizations to promote the opportunities to work with us.
- Contributing to Myanmar Economy and country GDP through attracting FDI and Job creation in Thilawa region (114 tenants from 21 countries, investment totaling USD 1.86 billion and over 12,580 jobs created)

## သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးမှုရရှိရေး

- ဥပဒေနှင့်အညီ တရားမျှတမှုရှိအောင် ရှင်းလင်းလွယ်ကူသောနည်းလမ်းဖြင့် ဝယ်ယူဆောင်ရွက်မှုများ ပြုလုပ်ခြင်း။
- အပ်နှံသောလုပ်ငန်းများအား ဈေးနှုန်းအနည်းဆုံးကုန်ကျစေခြင်းမဟုတ်ပဲ ကုန်ကျသောငွေကြေးအပေါ်တွင် အကောင်းဆုံးတန်ဖိုးရရှိခြင်းအပေါ် မူတည်ဆုံးဖြတ်ခြင်း။
- မြန်ဆန်သောငွေပေးချေမှုများပြုလုပ်ခြင်းနှင့် တိုင်တန်းမှုများအား ယဉ်ကျေးစွာ ရှင်းလင်းမှုပြုခြင်း။
- တင်ဒါနှင့်ပက်သက်သည့် သတင်းအချက်အလက်များ မျှတစွာရရှိစေခြင်း။
- ပြည်တွင်းလုပ်ငန်းများနှင့် စေတနာ့ဝန်ထမ်းအထောက်အကူပြုအဖွဲ့များကို ကျွန်ုပ်တို့နှင့် လက်တွဲလုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများပေးခြင်း။
- သီလဝါစီးပွားရေးဇုန်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် မြန်မာ့စီးပွားရေးနှင့် နိုင်ငံ၏ ဂျီဒီပီတိုးတက်စေရန် တစ်ထောင့်တစ်နေရာမှ ပါဝင်ဖြည့်ဆည်းခြင်း (နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ငှားရမ်းလုပ်ကိုင်သူ ၁၁၄ ဦး၊ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁.၈၆ ဘီလီယံနှင့် အလုပ်အကိုင်ဖန်တီးနိုင်မှု ( ၁၂,၅၈၀) ခု)။




# SDG GOAL – 9.
# INDUSTRY, INNOVATION AND INFRASTRUCTURE

- Brought in industrial waste treatment operator to Thilawa SEZ.
- Retention canals and ponds for flood control in Thilawa SEZ
- Water purification plant in Thilawa SEZ
- Online weather monitoring system
- Online automated invoicing system
- Infrastructure support (Library, School building and Road construction, Drainage repair in Villages.

## စက်မှုဆန်းသစ်တီထွင်မှုနှင့် အခြေခံအဆောက်အဦးမြှင့်တင်ရေး

- သီလဝါအထူးစီးပွားရေးဇုန်အတွက် စက်မှုစွန့်ပစ်ပစ္စည်း စီမံရေးအဖွဲ့အား ခေါ်ဆောင်ခဲ့ခြင်း။
- သီလဝါအထူးစီးပွားရေးဇုန်တွင် ရေကြီးမှုကိုကာကွယ်ရန် တူးမြောင်းနှင့် ကန်များအား စနစ်တကျ ထိန်းသိမ်းထားခြင်း။
- သီလဝါအထူးစီးပွားရေးဇုန်တွင် ရေသန့်စင်စက်ရုံ တည်ဆောက်ခဲ့ခြင်း။
- အွန်လိုင်းအခြေပြု ရာသီဥတုသတင်းအချက်အလက်များ သိရှိနိုင်သည့်စနစ် အသုံးပြုခြင်း။
- အွန်လိုင်းအခြေပြု အလိုအလျောက် ငွေတောင်းခံလွှာရယူနိုင်သည့်စနစ် အသုံးပြုခြင်း။
- အခြေခံအဆောက်အအုံ အထောက်အပံ့များ (ရွာများတွင် စာကြည့်တိုက်၊ ကျောင်းအဆောက်အဦး ဆောက်လုပ်ပေးခြင်းနှင့် လမ်းဖောက်လုပ်ခြင်း၊ ရေမြောင်းများ ပြုပြင်ပေးခြင်း)။






10 REDUCED INEQUALITIES

# SDG GOAL – 10 REDUCED INEQUALITIES

- Conduct our purchasing activities in a fair, honest and legal manner with openness and integrity.
- Award contracts on the basis of value for money, not simply lowest price
- Prompt payment and making complaints courteously
- Work with local business and voluntary sector support organizations to promote the opportunities to work with us
- Supporting land compensation, resettlement, Income Restoration Program, Vulnerable Support Program, Vocational Training Program
- Contribute to government with timely and correct payment of income tax, commercial tax, tax withhold from supplier and employee
- Paid Kyat 41 million net commercial tax to Internal Revenue Department in FY 2020-2021

## မညီမျှမှုများ လျော့နည်းသွားစေရေး

- ဥပဒေနှင့်အညီ တရားမျှတမှုရှိအောင် ရှင်းလင်းလွယ်ကူသောနည်းလမ်းဖြင့် ဝယ်ယူဆောင်ရွက်ခြင်းများ ပြုလုပ်ခြင်း။
- အပ်နှံသောလုပ်ငန်းများအား ဈေးနှုန်းအနည်းဆုံးကုန်ကျစေခြင်းမဟုတ်ဘဲ ကျန်ကျသောငွေကြေးအပေါ်တွင် အကောင်းဆုံးတန်ဖိုးရရှိခြင်းအပေါ် မူတည်ဆုံးဖြတ်ခြင်း။
- မြန်ဆန်သော ငွေပေးချေမှုများပြုလုပ်ခြင်းနှင့် တိုင်တန်းမှုများအား ယဉ်ကျေးစွာ ရှင်းလင်းပြုမူခြင်း။
- ပြည်တွင်းလုပ်ငန်းများနှင့် စေတနာ့ဝန်ထမ်းအထောက်အကူပြုအဖွဲ့များကို ကျွန်ုပ်တို့နှင့် လက်တွဲလုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများပေးခြင်း။
- မြေယာဆုံးရှုံးမှု လျော်ကြေးငွေပေးခြင်းနှင့် ထောက်ပံ့ရေးအစီအစဉ်၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများ၊ ဒေသခံလူထု၏ဝင်ငွေ မူလအခြေနေသို့ ပြန်လည်ရောက်ရှိစေမည့်အစီအစဉ်၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ ကူညီစောင့်ရှောက်ရေးအစီအစဉ်၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ လေ့ကျင့်သင်ကြားပေးခြင်းအစီအစဉ်များ ဆောင်ရွက်ခြင်း။
- ကုမ္ပဏီ၏အမြတ်ခွန်၊ ဝန်ထမ်းများ၏ တစ်ဦးချင်းဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ပစ္စည်းပေးသွင်းသူများ၏ ကျသင့်သည့်ငွေရင်းမှ နှုတ်ယူပေးသွင်းငွေ စသောထမ်းဆောင်ရန်ရှိသည့် အခွန်အခများကို တိကျမှန်ကန်စွာထမ်းဆောင်ခြင်း။
- ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်တွင်းအခွန်များဦးစီးဌာနသို့ စုစုပေါင်းကုန်သွယ်ခွန် ကျပ်သန်းပေါင်း ၄၁ သန်း ပေးသွင်းခဲ့ခြင်း။

# SDG GOAL –11.
# SUSTAINABLE CITIES AND COMMUNITIES

- Infrastructure support (Library, School building and Road construction, Drainage repair in villages)
- Creating green space, planted over 10,000 trees and 3,000 shrubs & bushes in Residential and Commercial areas
- Responsible use of water only from reservoir, not from aquifer

## မြို့ပြနှင့်ကျေးလက်လူ့အဖွဲ့အစည်းများ ရေရှည်တည်တံ့စေရေး

- အခြေခံအဆောက်အအုံ အထောက်အပံ့များ (ရွာများတွင် စာကြည့်တိုက်၊ ကျောင်းအဆောက်အဦး ဆောက်လုပ်ပေးခြင်းနှင့် လမ်းဖောက်လုပ်ခြင်း၊ ရေမြောင်းများ ပြုပြင်ပေးခြင်း)။
- အစိမ်းရောင်နယ်မြေဖန်တီးနိုင်ရေးအတွက် အပင်အမျိုးမျိုးစိုက်ပျိုးခြင်းနှင့် လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ ဧရိယာများတွင် သစ်ပင်ပေါင်း ၁၀,၀၀၀ ကျော်နှင့် ချုံနွယ်စာရင်းဝင် အပင်ပေါင်း ၃,၀၀၀ ကျော် စိုက်ပျိုးခဲ့ခြင်း။
- မြေပေါ်ရေကိုသာ စနစ်တကျသုံးစွဲခြင်း၊ အဝီစိရေအသုံးမပြုခြင်း။





## SDG GOAL – 13. CLIMATE ACTION

- Brought in industrial waste treatment operator to Thilawa SEZ
- Retention canals and ponds for flood control in Thilawa SEZ
- Responsible use of water only from Zarmani water reservoir, not withdraw from the underground aquifer
- Established a total of 42 ha of green space in Industrial Park Zone A and Zone B
- Online weather monitoring system
- Regularly monitoring environment in Thilawa SEZ covering, water and waste water quality, air quality, noise vibration, soil contamination, waste disposal, and ground water quality

## ရာသီဥတုထိန်းသိမ်းရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေး

- သီလဝါအထူးစီးပွားရေးဇုန်အတွက် စက်မှုစွန့်ပစ်ပစ္စည်း စီမံရေးအဖွဲ့အား ခေါ်ဆောင်ခဲ့ခြင်း။
- ရေကြီးမှုကိုကာကွယ်ရန် တူးမြောင်းနှင့် ကန်များအား စနစ်တကျထိန်းသိမ်းထားခြင်း။
- ဇာမနီရေလှောင်ကန်မှ ရေကိုသာ တာဝန်သိစွာဖြင့်အသုံးပြုပြီး မြေအောက်ရေထုတ်ယူသုံးစွဲခြင်း မပြုလုပ်ခြင်း။
- စက်မှုဇုန်အေနှင့် ဇုန်ဘီတို့တွင် စုစုပေါင်း ၄၂ ဟက်တာကို စိမ်းလန်းမြေဧရိယာအဖြစ် တည်ထောင်ခဲ့ခြင်း။
- အွန်လိုင်းအခြေပြု ရာသီဥတုသတင်းအချက်အလက်များ သိရှိနိုင်သည့်စနစ် အသုံးပြုခြင်း။
- သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရေနှင့်ရေဆိုး အရည်အသွေး၊ လေထုအရည်အသွေး၊ ဆူညံနှုန်း၊ မြေဆီလွှာပျက်စီးမှု၊ စွန့်ပစ်ပစ္စည်း စွန့်ထုတ်မှု၊ မြေအောက်ရေအရည်အသွေးတို့ကို တိုင်းတာရန် ပုံမှန်စစ်ဆေးခြင်း။



# SDG GOAL – 16.
# PEACE, JUSTICE AND STRONG INSTITUTIONS

- Meeting and providing information to equity analysts from Securities Companies for equity research report enable
- Directors' attendance of The Audit Committee Master Program and Director Certification Program conducted by Myanmar Institute of Directors (MIoD)
- Appointment of independent invigilator for AGM voting process
- Engage through timely disclosure in YSX, Corporate websites and Facebook page to Ensure all shareholders have equal access to information
- Ranked 8th in PwintThit Sa 2020 Transparency in Myanmar Enterprises Report
- Publication of FY2020- 2021 Annual Report
- Quickly resolve all enquiries, complaints and concerns raised by tenants within 14 days
- Regularly conduct Thilawa Community Coordination Meeting
- Public consultation of project before commencement
- Thilawa Complaint Management procedure (TCMP) to receive, investigate and facilitate resolution of grievance caused by Thilawa SEZ activities
- Contribute to government with timely and correct payment of income tax, commercial tax, tax withhold from supplier and employee
- Continue support of anti-corruption through UN Global Compact

## ငြိမ်းချမ်းရေးနှင့် တရားမျှတမှု တည်ဆောက်ရေး

- Securities ကုမ္ပဏီမှ ရှယ်ယာဆန်းစစ်သူများအား ရှယ်ယာသုတေသနအစီရင်ခံစာအတွက် သတင်းအချက်အလက်များ ပံ့ပိုးခြင်း။
- Myanmar Institute of Directors (MIoD) မှ ကျင်းပသည့် စာရင်းစစ်ကော်မတီအထူးသင်တန်းသို့ ဒါရိုက်တာအဖွဲ့ဝင်များ တက်ရောက်ခြင်း။
- အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာများ မဲပေးရွေးချယ်ခြင်းအတွက် လွတ်လပ်သော စိစစ်ရွေးချယ်ရေးအဖွဲ့ ခန့်အပ်ခြင်း။
- ကုမ္ပဏီ၏သတင်းအချက်အလက်များကို ရှယ်ယာရှင်များအားလုံး မျှတစွာ လက်လှမ်းမီစေရန် ကုမ္ပဏီ၏ Website, Facebook စာမျက်နှာနှင့် YSX website တွင် အချိန်မှန်သတင်းထုတ်ပြန်ခြင်း။
- ၂၀၂၀ ပွင့်သစ်စ အစီရင်ခံစာတွင် ပွင့်လင်းမြင်သာစွာသတင်းထုတ်ပြန်ခြင်းအတွက် အဆင့် (၈) သတ်မှတ်ခံရခြင်း။
- ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာစာအုပ်အား ထုတ်ပြန်ခြင်း။
- ငှားရမ်းသူများ၏ စုံစမ်းမှုများ၊ အဆင်မပြေမှုများ၊ စိုးရိမ်ပူပန်မှုများကို ၁၄ ရက်အတွင်း လျင်မြန်စွာ ဖြေရှင်းပေးခြင်း။
- ဒေသခံလူထုနှင့် ညှိနှိုင်းရေးအစည်းအဝေးများ ပုံမှန်ပြုလုပ်တွေ့ဆုံခြင်း။
- လုပ်ငန်းများမစတင်မီ လူထုနှင့်တွေ့ဆုံဆွေးနွေးခြင်း။
- သီလဝါနစ်နာမှုကိုင်တွယ်ဖြေရှင်းရေးလုပ်ငန်းစဉ်နှင့်အညီ ပြည်သူလူထု၏နစ်နာမှုများကို လက်ခံစုံစမ်း ဖြေရှင်းပေးခြင်း။
- ကုမ္ပဏီ၏အမြတ်ခွန်၊ ဝန်ထမ်းများ၏ တစ်ဦးချင်းဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ပစ္စည်းပေးသွင်းသူများ၏ ကျသင့်သည့်ငွေရင်းမှ နှုတ်ယူပေးသွင်းငွေ စသော ထမ်းဆောင်ရန်ရှိသည့်အခွန်အခများကို တိကျမှန်ကန်စွာထမ်းဆောင်ခြင်း။
- UN Global Compact မှတစ်ဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအား စဉ်ဆက်မပြတ် အားပေး ထောက်ပံ့မှုပေးခြင်း။

17 PARTNERSHIPS FOR THE GOALS

# SDG GOAL – 17. PARTNERSHIPS FOR THE GOALS

- Maintain good relationship with founding shareholders
- Maintaining good relationship with our locators of 114 tenants from 21 countries, who investing in TSEZ
- Received visit of government delegation from General Administration Department to Thilawa SEZ
- Received the visit of State Counsellor, Vice President, Union Ministers and States/Regional Ministers
- Participate in various seminars, workshop and events organized by YSX and Securities Companies

## ရည်မှန်းချက်အားလုံးအတွက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး

- ကနဦးတည်ထောင်သောလုပ်ငန်းစု(၉)ခုနှင့် ကောင်းမွန်သောဆက်ဆံရေးအား ထိန်းသိမ်းခြင်း။
- သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံထားသည့်နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ငှားရမ်းလုပ်ကိုင်သူ ၁၁၄ ဦးတို့နှင့် ကောင်းမွန်သောဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်ခြင်း။
- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ သီလဝါအထူးစီးပွားရေးဇုန်သို့ လာရောက်လေ့လာခဲ့ခြင်း။
- နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသဆိုင်ရာဝန်ကြီးများမှ သီလဝါအထူးစီးပွားရေးဇုန်သို့ လာရောက်လေ့လာခဲ့ခြင်း။
- ရန်ကုန်စတော့အိပ်ချိန်းနှင့် SECURITIES ကုမ္ပဏီများမှ ကြီးမှူးကျင်းပသော ဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အခမ်းအနားများတွင် ပူးပေါင်းပါဝင်ခြင်း။



# CSR ACTIVITIES FOR COVID-19

The effect that Covid-19 pandemic caused on our social and professional life which started in the beginning of 2020 continued until the end of 2021. Since the breakout of pandemic, MTSH has been prioritizing and supporting the healthiness and safety of its employees. When it became a long way effects of the pandemic, MTSH hasn't slowed down in facilitating the healthcare for public and its staffs.

On 29th December 2020, we donated N-95 masks of approximate value 500,000 Kyats to Thanlyin Committee of Covid-19 Control and Prevention.

MTSH also donated 500,000 Kyats to Kyauk Tan Social Welfare Association for oxygen cylinder and supplies.

We were also able to provide 170 cylinders of Oxygen to the COVID-19 patients living in Thanlyin and Kyauk Tan townships.

During the third wave of pandemic, with the guidance of management and cooperation of employees, MTSH timely provided necessary oxygen supplies and medicines to the families of employees.

၂၀၂၀ နှစ်ဦးကာလတွင် စတင်ခဲ့သော COVID-19 ကပ်ရောဂါ၏ရိုက်ခတ်မှုသည် ၂၀၂၁ နှစ်ကုန်အထိ ရပ်တန့်မသွားပဲ ဗီဇပြောင်းပိုးသစ်များဖြင့် ကျွန်ုပ်တို့၏လူနေမှုနှင့်လုပ်ငန်းခွင်ဘဝများကို ဆက်လက်အကျိုးသက်ရောက်ခဲ့ပါသည်။ MTSH သည် COVID-19 ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ မိမိတို့၏လူမှုအဖွဲ့အစည်းနှင့်ဝန်ထမ်းများ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးကို စဉ်ဆက်မပြတ်ပံ့ပိုးလာခဲ့သည့်နည်းတူ ကပ်ရောဂါ၏ ရေရှည်ထိုးနက်မှုကို ရင်ဆိုင်လာရသည့်အချိန်တွင်လည်း အများပြည်သူကျန်းမာရေးအတွက် ထောက်ပံ့လှူဒါန်းမှုများ၊ ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများအား အရှိန်အဟုန်မလျော့စေပဲ ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။

၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် သန်လျင်မြို့နယ် COVID-19 ရောဂါထိန်းချုပ်ကာကွယ်ရေးကော်မတီသို့ တန်ဖိုးငွေငါးသိန်းကျပ်နှင့်ညီမျှသော ကျန်းမာရေး ဝန်ထမ်းသုံး N-95 Mask များအား လှူဒါန်းခဲ့ပါသည်။

၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင်လည်း ကျောက်တန်းမြို့နယ် လူမှုကူညီရေးအသင်းသို့ အောက်ဆီဂျင်အိုးများဝယ်ယူရန် အလှူငွေ(၅၀၀,၀၀၀)ကျပ်လှူဒါန်းခဲ့ပါသည်။

သန်လျင် ကျောက်တန်းမြို့နယ်အတွင်း အောက်ဆီဂျင်လိုအပ်နေသော လူနာများအတွက်လည်း အောက်ဆီဂျင်အိုး အလုံး ၁၇၀ ကိုလည်း ဖြည့်ဆည်းလှူဒါန်းပေးနိုင်ခဲ့ပါသည်။
















COVID-19 Third wave ကာလအတွင်း Management ၏လမ်းညွှန်မှုဖြင့် ဝန်ထမ်းများပူးပေါင်း၍ ဝန်ထမ်းမိသားစုများအတွင်း COVID-19 ကူးစက်လူနာများအား အောက်ဆီဂျင်နှင့် လိုအပ်သောဆေးဝါးအကူညီများကို အချိန်နှင့်တပြေးညီ ပံ့ပိုးကူညီနိုင်ခဲ့ပါသည်။

# COVID- 19 Vaccination

Employees for us are not only the pillars for sustainable and longstanding success of the organization but also taxpaying citizens whose efforts make an impact in the growth of national economy through the operations of the company.

We believe that taking good care of our employees benefits not just the company, it also contributes in part to the well-functioning of the community.

In 2021, during the COVID-19 Third Wave, Myanmar, like the rest of the world, experienced the loss of many lives due to the highly contagious pneumonia.

In an effort to protect its employees, MTSH administered COVID-19 vaccinations to MTSH and TPD staffs as well as to their families, and vaccinated a total of 296 people.

# COVID-19 ကာလ ကာကွယ်ဆေးထိုးခြင်း

ဝန်ထမ်းများသည် ကုမ္ပဏီ၏ထောက်တိုင်များအဖြစ် မိမိတို့အဖွဲ့အစည်း ကာလရှည်ကြာရပ်တည်အောင်မြင်နိုင်ရေးအတွက် အရေးပါသည်သာမကပဲ ၎င်းတို့၏ ကြိုးပမ်းလုပ်ဆောင်မှုများသည် ကုမ္ပဏီ၏လုပ်ငန်းလည်ပတ်မှုမှတစ်ဆင့် နိုင်ငံ့စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အကျိုးသက်ရောက်စေသော အခွန်ထမ်းနိုင်ငံသားများဖြစ်ကြပါသည်။

ကျွန်ုပ်တို့အနေဖြင့် ဝန်ထမ်းများကို ကြည့်ရှုစောင့်ရှောက်ခြင်းသည် မိမိတို့ကုမ္ပဏီ၏ အကျိုးစီးပွားအတွက်သာမက စီးပွားရေးမှစ၍ အဆင့်ဆင့်ဆက်နွယ်နေသည့် လူ့အဖွဲ့အစည်း၏ အဆင်ပြေချောမွေ့စွာ ရပ်တည်လည်ပတ်နိုင်ရေးအတွက်ပါ တစ်စိတ်တစ်ပိုင်း အထောက်အကူပြုရာရောက်သည်ဟု ယုံကြည်ပါသည်။

၂၀၂၁ ခုနှစ်အတွင်း COVID-19 Third wave ကာလတွင် နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံသည်လည်း ကူးစက်မြန်ပြင်းထန်အဆုတ်ယောင်ရောဂါ၏ ထိုးနှက်မှုကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပါသည်။

MTSH သည် မိမိတို့ဝန်ထမ်းများအား အဆိုပါထိခိုက်မှုမျိုးမှ ကာကွယ်နိုင်ရန် ကြိုးပမ်းမှုအနေဖြင့် MTSH နှင့် TPD ရှိ ဝန်ထမ်းများသာမက ဝန်ထမ်းမိသားစုများကိုပါ COVID-19 ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ပေးခဲ့ပြီး စုစုပေါင်း လူဦးရေ (၂၉၆) ဦးကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပါသည်။

# INVESTOR RELATIONS

We have always taken part in Investor Relations activities such as seminars and discussions aiming to provide information about the activities and operations of our Company, to take the initiative of reaching out to our investors and be accessible to our inquiries. MTSH cares not only about the interests of its shareholders, but also about their well-being. The company participated in the panel discussion on the Subject of "Insight talk with YSX Listed Companies", our Managing Director U Myint Zaw joined in the discussion which was organized by Yangon Stock Exchange and shared Future prospects of the company and current projects for local and foreign investors.

# ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်သွယ်သတင်းပေးရေးကဏ္ဍ

ကျွန်ုပ်တို့၏ ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံသူများအား ဆက်သွယ်သတင်းပေးရန်နှင့် ရင်းနှီးမြှုပ်နှံသူ တို့သိလိုသည့် အကြောင်းအရာများကို ဆွေးနွေးသတင်းပေးနိုင်ရန်အတွက် သက်ဆိုင်ရာဟော ပြောပွဲများနှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ MTSH သည် အစုရှယ်ယာရှင်များ၏ အကျိုးအမြတ်ကိုသာမက ရှယ်ယာရှင်များ၏ စိတ်ကျေနပ်လုံခြုံမှုကိုပါ အလေးထားသောအဖွဲ့အစည်းဖြစ်သည့် အားလျော်စွာ ရှယ်ယာရှင်များ၏ စိတ်ပါဝင်စားမှုများကို စဉ်ဆက်မပြတ် နားစွင့်ဖြည့်ဆည်းလျက်ရှိပါသည်။ ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံသူများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ရန်ကုန်စတော့အိပ်ချိန်းမှ "Insight talk with YSX Listed Companies", ကျွန်ုပ်တို့ ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်ဇော်မှ ပါဝင်ပြီး၊ ကုမ္ပဏီ၏ အနာဂါတ်မျှော်မှန်းချက်များနှင့် လက်ရှိဆောင်ရွက်နေသည့်စီမံကိန်းများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား တင်ပြခဲ့ပါသည်။



# MAJOR BENEFICIAL SHAREHOLDERS

As of 4th February 2022, the following are our 20 major beneficial shareholders.

| No. | Name | Certificate of incorporation/number of certificate of citizenship | No. of Shares | % |
|---|---|---|---|---|
| 1 | Eden Group Co., Ltd | 118339002 | 1,948,640 | 5.01 |
| 2 | New City Development Public Co., Ltd | 114530247 | 1,900,000 | 4.88 |
| 3 | Myanma Agricultural & General Development Public Co., Ltd | 168982240 | 1,900,000 | 4.88 |
| 4 | Myanmar Edible Oil Industrial Public Co., Ltd | 115632523 | 1,797,000 | 4.62 |
| 5 | Golden Land East Asia Development Public Co., Ltd | 115075667 | 1,771,546 | 4.55 |
| 6 | Myanmar Technologies and Investment Corporation Public Co., Ltd | 117380068 | 1,592,101 | 4.09 |
| 7 | National Development Company Group Public Co., Ltd | 196167323 | 1,149,122 | 2.95 |
| 8 | Asia Mega Link Co., Ltd* | 104307876 | 994,924 | 2.56 |
| 9 | First Myanmar Investment Public Co., Ltd | 121398001 | 643,503 | 1.65 |
| 10 | U Naing Moe | 12/LaMaTa(N)011754 | 537,980 | 1.38 |
| 11 | U Tun Lwin | 12/LaMaTa(N)013763 | 523,850 | 1.35 |
| 12 | U Thurane Aung | 12/KaMaYa(N)050839 | 493,540 | 1.27 |
| 13 | Daw Ei Hnin Pwint | 12/KaMaYa(N)050838 | 412,040 | 1.06 |
| 14 | Great Bell Logistic & Services Co., Ltd** | 101054004 | 291,349 | 0.75 |
| 15 | U Kyaw Zaw Thant | 12/LaMaTa(N)034764 | 277,220 | 0.71 |
| 16 | Daw Moe Mya Mya | 12/KaMaYa(N)045039 | 257,500 | 0.66 |
| 17 | U Win Aung | 12/KaMaYa(N)008220 | 256,340 | 0.66 |
| 18 | Asia World Industries Limited*** | 105925921 | 249,847 | 0.64 |
| 19 | Daw Ei Hnin Khine | 12/KaMaYa(N)050840 | 236,830 | 0.61 |
| 20 | Asia Mega Link Services Co., Ltd | 106127433 | 227,310 | 0.58 |

* Out of which 314,806 shares are being pledged to CB Bank Ltd.

** Out of which 101,000 shares are being pledged to CB Bank Ltd.

*** Out of which 152,000 shares are being pledged to CB Bank Ltd.

# SHAREHOLDING STATISTICS

We set out below our Company's Shareholder Statistics as at 4.2.2022

| Range of Shares | No of shareholders | Percent (%) | Number of shares | Percent (%) |
|---|---|---|---|---|
| 1-1000 | 14,077 | 81.56% | 3,975,936 | 10.21% |
| 1001-2000 | 1,039 | 6.02% | 1,700,394 | 4.37% |
| 2001-3000 | 540 | 3.13% | 1,446,702 | 3.72% |
| 3001-4000 | 177 | 1.03% | 625,227 | 1.61% |
| 4001-5000 | 402 | 2.33% | 1,972,364 | 5.07% |
| 5001-6000 | 628 | 3.64% | 3,317,446 | 8.52% |
| 6001-7000 | 77 | 0.45% | 504,409 | 1.30% |
| 7001-8000 | 47 | 0.27% | 351,942 | 0.90% |
| 8001-9000 | 28 | 0.16% | 239,999 | 0.62% |
| 9001-10000 | 25 | 0.14% | 241,108 | 0.62% |
| 10001-100000 | 183 | 1.06% | 4,404,058 | 11.31% |
| 100001-1000000 | 29 | 0.17% | 8,091,156 | 20.78% |
| 1000001 and above | 7 | 0.04% | 12,058,409 | 30.98% |
| Total | 17,259 | 100% | 38,929,150 | 100% |

# DIVIDEND

A final dividend of Ks. 100 per ordinary share for every share has been proposed as per a resolution made at the Board of Directors' meeting of the company held on 20th December 2021. The proposed dividend shall be paid from the company unrestricted retained profits to the shareholders who are shareholders at record date as of 4 February 2022.

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၀)ရက်နေ့တွင် ကျင်းပသည့် ဒါရိုက်တာအဖွဲ့အစည်းအဝေး၌ ကျွန်ုပ်တို့ကုမ္ပဏီသည် ရှယ်ယာတစ်စုချင်းစီအတွက် သာမာန်အစုရှယ်ယာတစ်စုလျှင် ငွေကျပ် (၁၀၀)ကို အစုရှယ်ယာအမြတ်ငွေအဖြစ် ပေးမည်ဟုဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါအမြတ်ငွေများကို ၂၀၂၂ ခုနှစ်၊ ဖေ ဖော်ဝါရီလ (၄)ရက်နေ့အထိ စာရင်းရှိအစုရှယ်ယာရှင်များထံသို့ ကုမ္ပဏီ၏ကန့်သတ်မထားသော စုစည်းထားသည့် အမြတ်ငွေများထဲမှ ပေးမည်ဖြစ်သည်။

# TIMELY & CONTINUOUS DISCLOSURE

We are in compliance with YSX's Disclosure Outline and Requirements which were set up to build public confidence in the fairness and soundness of the Stock Trading and our best efforts have been put in disclosing our company corporate information to the public and investors for them to make informed investment decisions without delay. Our company's corporate information is promptly disclosed on YSX's website and our company's website. Our Company's financial statements and annual reports can be accessed on both websites mentioned above. We have made the following statutory and voluntary disclosures at YSX from 1st Oct 2020 to 30th September 2021.

ကျွန်ုပ်တို့ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုရှိစေရန်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပြည့်စုံစွာသတင်းရရှိစေရန် ရန်ကုန်စတော့အိပ်ချိန်း၏ပြဋ္ဌာန်းချက်များအား အစွမ်းကုန်လိုက်နာလျက် နှောင့်နှေးခြင်းမရှိသော စဉ်ဆက်မပြတ်ထုတ်ဖော်ချက်များအား ထုတ်ဖော်ကြေညာလျက်ရှိပါသည်။ ရန်ကုန်စတော့အိပ်ချိန်းနှင့် ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက်များတွင်ကြည့်ရှုနိုင်ပြီး ထိုထုတ်ဖော်ချက်များတွင် ကျွန်ုပ်တို့ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းနှင့် နှစ်စဉ် အစီရင်ခံစာများပါဝင်ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့အထိ ကျွန်ုပ်တို့မှ ဥပဒေနှင့် ဆန္ဒအရ ထုတ်ဖော်ချက်များအား အောက်ဖော်ပြပါဇယားတွင် ကြည့်ရှုနိုင်ပါသည်။

| Date | Disclosed Matter |
|---|---|
| 30th Dec. 2020 | Notice of Financial Results for Financial Year 2019-2020 |
| 30th Dec. 2020 | Management Discussion and Analysis |
| 21st Jan. 2021 | Notice of Proposed Dividend for Financial Year 2019-2020, Record Date and Ex-Dividend Date |
| 1st Mar. 2021 | Annual Report (FY2019-2020) |
| 1st Mar. 2021 | Invitation of 8th Annual General Meeting |
| 2nd April. 2021 | Resolutions passed at the 8th Annual General Meeting held on 30th March, 2021 |
| 30th Jun. 2021 | Interim Results- Management Discussion & Analysis |
| 30th Jun. 2021 | Interim Consolidated Financial Statements for six months ended March 31, 2021 |

# RISK MANAGEMENT

Effective risk management is a key foundation of delivering our strategy and integral to the achievement of our objective of creating value for stakeholders. Our risk management framework comprises risk governance, risk assessment, risk response and monitoring and reporting.

Risk management is the process of identifying, measuring and treating property, liability, income, and personnel exposures to loss. The ultimate goal of risk management is the preservation of the physical and human assets of the organization for the successful continuation of its operations.

In our risk governance structure, the Board (as assisted by the Audit, Risk & Compliance Committee) is responsible for overall risk management of the company. The Audit, Risk & Compliance Committee takes responsibility for overseeing the effectiveness of risk management and internal control systems on behalf of the Board, and senior management is tasks with implementing the system.

We have adopted the three lines of defense approach to allow effective oversights of risk management process by Board.

In first line of defense, day-to-day management of risk is embedded within operational management. Head of business units and departments ensure that daily operations are in compliance with established policies, standard operation procedures (SOPs), guideline and regulation.

Risk management functions serve as second line of defense by establishing and implementing risk management framework. Risk management business assists business units and departments in risk management process, reviewing risk management framework for improvement, and reporting to senior management and the Audit, Risk & Compliance Committee.

Internal audit acts as third defense line by providing assurance to the Audit, Risk & Compliance Committee on the effectiveness of risk management, controls and governance practice. Key findings and internal auditor's recommendations for improvement are regularly reported to the Board through the Audit Risk & Compliance Committee.

Risk management function is responsible for effective implementation and review of our risk management framework, while ultimate responsibility for oversight of risk management rests with the Board.

Risk appetite defined the amount of risk we are willing to tolerate in pursuit of our strategy and objective and we have identified tolerance level for each of the principal risks. It promotes consistent, 'risk-informed' decision-making process and it also supports robust corporate governance by setting clear risk taking boundaries.

In our risk assessment process, risk registers are used to document the risks identified, level of severity and probability, ownership and mitigation measures for each risk. We have identified three major risks that may have negative impact on executing our strategy and achieving our business objective.

- **Strategic risk**
  (Political, Socio-Economic, Technology, Legal and Reputational risk)
- **Operational risk and**
  (Environmental, Compliance, IT, Fraud, Health & Safety and Natural Disaster)
- **Financial risk**
  (Foreign exchange risk, Credit risk, Market risk, Liquidity risk and refer to note 4 of financial statement for more detail)

Our approach to risk management is not to eliminate the

risk entirely, but instead to manage our risk exposures across the business, whilst at the same time making the most of our opportunities. We aim to establish robust and effective internal controls in place to bring the risk to as low as reasonably practicable (ALARP) level, which will allow the management to focus on treatment of residual risk.

The audit of risk management committee headed by a financial expert had conducted (2) coordination meetings with the Management and Business Development Committee for new projects in Solar and Trading Business. The Audit & Risk Management Committee put up the outcomes of risk assessment factors and suggestion to the Board of Directors meeting.




# ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု

ထိရောက်မှုရှိသော ဆုံးရှုံးနိုင်ခြေကြိုတင်စီမံခန့်ခွဲရေးသည် ကျွန်ုပ်တို့၏ အစုရှယ်ယာရှင်များ၊ရင်းနှီးမြှုပ်နှံသူများအတွက်တန်ဖိုးဖော်ဆောင်ပေးခြင်း၏ ရည်ရွယ်ချက်များကို ပြီးမြောက်အောင်မြင်စေရန် နည်းဗျူဟာနှင့်အတူ တသားတည်း ပေါင်းစည်းဖော်ဆောင်ရမည့် အရေးပါသောအခြေခံ အုတ်မြစ်တစ်ခုဖြစ်ပါသည်။ ကုမ္ပဏီ၏ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲမှု၊ လေ့လာသုံးသပ်မှု၊ ပြန်လည်တုံ့ပြန်မှု၊ စောင့်ကြည့်လေ့လာမှုနှင့် အစီရင်ခံတင်ပြမှုတို့ပါဝင်သည့် စီမံခန့်ခွဲရေးမူဘောင်တစ်ခုကို ကျွန်ုပ်တို့ကုမ္ပဏီတွင် ရေးဆွဲဖော်ဆောင်ထားပါသည်။

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုမှာ ကျွန်ုပ်တို့အဖွဲ့အစည်း၏ပိုင်ဆိုင်မှုများ၊ ပေးရန်တာဝန်များ၊ ဝင်ငွေရရှိမှု၊ ဝန်ထမ်းရေးရာနှင့်ပတ်သက်သော ဆုံးရှုံးနိုင်ခြေရှိလာနိုင်သည်တို့ကို သတ်မှတ်ထားခြင်း၊ တိုင်းတာခြင်း၊ ကုစားခြင်းတို့ကို ဆောင်ရွက်ပါသည်။ လုပ်ငန်းဆောင်ရွက်မှုအပိုင်းကို အောင်မြင်စွာဆက်လက်လုပ်ဆောင်ရန်အတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာနှင့် လူသားအရင်းအမြစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၏ ရည်မှန်းချက်ပန်းတိုင်ကိုရောက်ရှိရန် ဆောင်ရွက်လျက်ရှိပါသည်။

ကျွန်ုပ်တို့၏ ဆုံးရှုံးနိုင်ခြေစီမံအုပ်ချုပ်မှုကို ဖွဲ့စည်းပုံတည်ဆောက်ရာတွင် ဒါရိုက်တာအဖွဲ့မှ ကုမ္ပဏီ၏ အလုံးစုံသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအတွက် တာဝန်ရှိပါသည်။ စာရင်းစစ်၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် စည်းကမ်းလိုက်နာမှုကော်မတီမှ ဒါရိုက်တာအဖွဲ့ကိုယ်စား အဖွဲ့အစည်းအတွင်း အုပ်ချုပ်မှုစနစ်များနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုများ၏ အကျိုးသက်ရောက်မှုများကို ကြီးကြပ်ပြီး၊ အကြီးတန်းစီမံအုပ်ချုပ်သူများမှ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်ကို တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အကျိုးထိရောက်မှုရှိသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ၏ ကာကွယ်ရေး စနစ်အတွက် လမ်းစဉ် အဆင့် (၃)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ကာကွယ်ရေး၏ ပထမအဆင့်အနေဖြင့် နေ့စဉ်စီမံခန့်ခွဲမှုနှင့်ပတ်သက်သော ဆုံးရှုံးနိုင်ခြေရှိနိုင်မှုသည် လုပ်ငန်းစီမံဆောင်ရွက်မှုများအတွင်း ပါဝင်နေတတ်သည်ဖြစ်ရာ စီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသည့်ဌာန အကြီးအကဲများမှ ပုံမှန်လုပ်ငန်းဆောင်တာများကို ကုမ္ပဏီမှအတည်ပြုထားသော မူဝါဒများ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ နည်းစနစ်များ၊ လမ်းညွှန်ချက်များကို စည်းကမ်းများနှင့်အညီ သေချာစွာ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

ကာကွယ်ရေး၏ ဒုတိယအဆင့်အနေဖြင့် စီးပွားရေးလုပ်ငန်းများတွင် ဆုံးရှုံးနိုင်ခြေများကို ထည့်သွင်းစဉ်းစားခြင်း၊ ပိုမိုကောင်းမွန်သော မူဘောင်တစ်ခုဖြစ်ပေါ်စေရန် ပြန်လည်သုံးသပ်မှုများပြုလုပ်ပြီး၊ အကြီးတန်းစီမံအုပ်ချုပ်သူများနှင့် စာရင်းစစ်၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် စည်းကမ်းလိုက်နာမှုကော်မတီသို့ အစီရင်ခံတင်ပြခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေး မူဘောင်ကို အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။

ကာကွယ်ရေး၏ တတိယအဆင့်အနေဖြင့် အဖွဲ့အစည်း၏ အတွင်းစာရင်းစစ်များမှလည်း ဆုံးရှုံးနိုင်ခြေနှင့်ပတ်သက်၍ စီမံခန့်ခွဲမှု၊ ထိန်းချုပ်မှု၊ အုပ်ချုပ်မှုဆိုင်ရာ အကျိုးသက်ရောက်မှုများကို သေချာစိစစ်၍ စာရင်းစစ်၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် စည်းကမ်းလိုက်နာမှုကော်မတီသို့ တင်ပြပေးလျက်ရှိပါသည်။ တင်ပြလာသည့် အဓိကရှာဖွေတွေ့ရှိချက်များနှင့် အတွင်း

စာရင်းစစ်များ၏ ထောက်ခံအကြံပြုချက်များကို စာရင်းစစ်၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် စည်းကမ်းလိုက်နာမှုကော်မတီမှတစ်ဆင့် ကုမ္ပဏီဒါရိုက်တာအဖွဲ့သို့ ပုံမှန်အစီရင်ခံတင်ပြပါသည်။

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကို ကြီးကြပ်ဆောင်ရွက်ရမည်မှာ ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ တာဝန်တစ်ရပ်ဖြစ်သည့်အတွက် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးမူဘောင်ကိုလည်း ပြန်လည်သုံးသပ်ရမည်ဖြစ်ပါသည်။

လက်ခံနိုင်သော ဆုံးရှုံးနိုင်ခြေဆိုသည်မှာ ကုမ္ပဏီ၏ မဟာဗျူဟာနှင့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အများဆုံးလက်ခံနိုင်သည့် ဆုံးရှုံးနိုင်ခြေပမာဏကို ဆိုလိုပါသည်။ အဓိကဆုံးရှုံးနိုင်ခြေရှိသည့်ကိစ္စရပ်တစ်ခုချင်းစီတိုင်းအတွက် လက်ခံနိုင်သည့်အတိုင်းအတာ အဆင့်များကိုလည်း ကျွန်ုပ်တို့မှ သတ်မှတ်ထားပါသည်။ ဆုံးရှုံးနိုင်ခြေဆိုင်ရာဆုံးဖြတ်ချက်များကို တသမတ်တည်း ချမှတ်နိုင်မည်ဖြစ်ပြီး၊ ရှင်းလင်းတိကျသော ဆုံးရှုံးနိုင်ခြေသတ်မှတ်ချက်များကြောင့် စီမံအုပ်ချုပ်မှုအပိုင်းတွင်လည်း အားကောင်းလာစေမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ဆုံးရှုံးနိုင်ခြေဆိုင်ရာသုံးသပ်အကဲဖြတ်သည့် လုပ်ငန်းစဉ်များအဖြစ် ဆုံးရှုံးမှုများကို မှတ်တမ်းတင်ထားခြင်း၊ ကြီးမားသောဆုံးရှုံးနိုင်ခြေများနှင့် ဖြစ်နိုင်ချေရှိသောဆုံးရှုံးနိုင်ခြေများကို အဆင့်သတ်မှတ်ထားခြင်း၊ ဆုံးရှုံးနိုင်ခြေတစ်ခုချင်းစီအတွက် လျော့ပါးသက်သာစေရန်စဉ်းစားဆောင်ရွက်ခြင်း စသည်တို့ကို လုပ်ဆောင်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ နည်းဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းကောင်း၊ စီးပွားရေးရည်မှန်းချက်များ အောင်မြင်ပြီးမြောက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင်လည်းကောင်း၊ ထိခိုက်မှုရှိနိုင်သော အဓိကဆုံးရှုံးနိုင်ခြေ (၃)ရပ် ရှိပါသည်။

- **မဟာဗျူဟာပိုင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေ**

  (နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ နည်းပညာ၊ ဥပဒေရေးရာနှင့် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ)

- **လုပ်ငန်းဆောင်ရွက်မှုပိုင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေ**

  (ပတ်ဝန်းကျင်၊ စည်းကမ်းလိုက်နာမှု၊ သတင်းအချက်အလက်နည်းပညာ၊ လိမ်လည်မှု၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှုနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ)

- **ငွေကြေးပိုင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေ**

  (နိုင်ငံခြားငွေကြေးလဲလှယ်ခြင်း၊ ကြွေးဆုံးနိုင်မှု၊ ဈေးကွက်ပိုင်းဆိုင်ရာ၊ ငွေကြေးပေါ်လွယ်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ)




ကျွန်ုပ်တို့၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုသည် ဆုံးရှုံးနိုင်ခြေများကို အလုံးစုံဖယ်ရှားနိုင်ရန်မဟုတ်ဘဲ၊ စီးပွားရေးနှင့် ထိတွေ့ဆက်စပ်နေသော ဆုံးရှုံးနိုင်ခြေများကို စီမံထိန်းချုပ်ပြီး၊ တစ်ဆက်တည်းမှာပင် ကျွန်ုပ်တို့အတွက် ကောင်းမွန်သော အခွင့်အလမ်းများကိုလည်း အကောင်းဆုံးအသုံးချနိုင်ရန်ဖြစ်ပါသည်။ စီမံအုပ်ချုပ်သူများအနေဖြင့် ခိုင်မာထိရောက်သော အဖွဲ့အစည်းအတွင်း ကြီးကြပ်ကွပ်ကဲ ထိန်းချုပ်မှုစနစ်သည် ဆုံးရှုံးနိုင်ခြေများကို အနည်းဆုံးပမာဏအထိ လျော့ချပေးနိုင်ပြီး၊ ကျန်ရှိသော အရေးကြီးသည့်ဆုံးရှုံးနိုင်ခြေများကိုသာ အာရုံစူးစိုက်ပြီး စီမံခန့်ခွဲဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

စာရင်းပညာရှင်တစ်ဦးခေါင်းဆောင်သော စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသည် စီမံခန့်ခွဲမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနှင့် ညှိနှိုင်းအစည်းအဝေးကို ဆိုလာပြားနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းနှင့် ကုန်သွယ်မှုလုပ်ငန်းစီမံကိန်းတို့၏ အားသာချက်၊ အားနည်းချက်ကို ဆွေးနွေးကြပါသည်။ ထို့နောက် ကော်မတီသည် အစည်းအဝေးများ၏ ညှိနှိုင်းရလဒ်များနှင့်အတူ ဆုံးရှုံးနိုင်ခြေအန္တရာယ်ကာကွယ်ရေးနည်းလမ်းများနှင့် အကြံပြုချက်များကို ဒါရိုက်တာအဖွဲ့များသို့ တင်ပြမှုပြုကြပါသည်။

# DIRECTORS' REPORT

The Directors' Report for the Financial Year ended 30th September 2021 has been prepared in accordance with the Myanmar Companies Act and the Myanmar Financial Reporting Standards.

**a. RISK MANAGEMENT**

The explanation on Risk Management are expressed on page (60).

**b. DIVIDENDS/DISTRIBUTIONS**

FY 2019-2020 final dividend/distribution of MMK 7,007,247,000 (MMK 180 per ordinary share) was approved on 20th January 2021.

In respect of FY 2020-2021, a final dividend/distribution of MMK 100 per share, amounting to MMK 3,892,915,000 was proposed by the Directors at a Board of Directors' Meeting held on 20th December 2021. Will be formally announced by the Board of Directors to the shareholders at the 9th Annual General Meeting.

**c. SIGNIFICANT CHANGES IN STATE OF AFFAIRS**

There has been no significant change in the Group's state of affairs. The Company continues to engage in the business of investment holding.

**d. EVENTS SUBSEQUENT TO BALANCE SHEET DATE**

There were no material events subsequent to the end of the financial year.

**e. AUDITORS**

A resolution will be tabled by the Board of Directors to the shareholders at the Annual General Meeting for the reappointment of Win Thin & Associates (Certified Public Accountants) as the Company's external auditors for the Financial Year 2021-2022.

**f. Non-Audit Services**

Win Consulting Limited (a related company of Win Thin & Associates) was engaged as voting invigilator for election of directors in Annual General Meeting.

We have engaged U Win Thin of Win Consulting Limited as our compliance officer. U Win Thin is the Chairman of Win Thin & Associates. The appointment took effect from 14th March 2016.

**For and on behalf of the Board of Directors,**

Win Aung

Chairman

# ဒါရိုက်တာအဖွဲ့၏ တင်ပြချက်

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့ရှိ ဒါရိုက်တာအဖွဲ့တင်ပြချက်ကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ ပြုစုထားပါသည်။

**(က) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု**

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုရှင်းလင်းချက်ကို စာမျက်နှာ (၆၀) တွင် ပြည့်စုံစွာ ဖော်ပြထားပါသည်။

**(ခ) အစုရှယ်ယာအမြတ်ငွေခွဲဝေခြင်း**

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် စုစုပေါင်းငွေကျပ် ၇,၀၀၇,၂၄၇,၀၀၀ အား သာမန်ရှယ်ယာတစ်စုချင်းစီအတွက် ငွေကျပ် (၁၈၀)ကို အစုရှယ်ယာအမြတ်ငွေအဖြစ် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့မှ စတင်၍ ပေးအပ်ခဲ့ပါသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၀)ရက်နေ့တွင် ကျင်းပခဲ့သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေး၌ စုစုပေါင်းငွေကျပ် ၃,၈၉၂,၉၁၅,၀၀၀ အား သာမန်ရှယ်ယာတစ်စုချင်းစီအတွက် ငွေကျပ် (၁၀၀)ကို အစုရှယ်ယာအမြတ်ငွေအဖြစ် ခွဲဝေရန်အတွက် ဆုံးဖြတ်ခဲ့ပြီး နဝမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များအား ကြေညာပေးမည်ဖြစ်ပါသည်။

| | Level 1 | Level 2 | Level 3 | **Fair value as at 30 September 2021** |
|---|---|---|---|---|
| Investment property | | | | |
| Workers accommodation | – | – | 11,058,732 | **11,058,732** |
| Unit A – Main road | 450,000 | – | – | **450,000** |

For unit A – Main road, the fair value was derived using the market comparable approach based on recent market price of similar property with adjustment made for frontage.

For investment properties categorized into Level 3 of the fair value hierarchy, the following information is relevant:

| Investment property | Valuation technique | Significant unobservable input(s) | Sensitivity |
|---|---|---|---|
| Workers accommodation | Income capitalization approach | Capitalization rate | Increase in the capitalization rate used would result decrease in fair value, and vice versa. |
| | | Occupancy rate | Decrease in the occupancy rate used would result decrease in fair value, and vice versa. |
| | | Monthly rental | Decrease in the monthly rental used would result decrease in fair value, and vice versa. |

One unit of type A facing main road was transferred from Level 2 to Level 1 and there were no other transfer during the year.

The fair value of investment properties is not based on valuation by an independent valuer.

The property rental income from the group's investment properties all of which are leased out under operating lease amounted to MMK 254,288 (thousand). Direct operating expenses (including repairs and maintenance) arising from the rental –generating investment properties amounted to MMK 168,061 (thousand).

## 11. Deferred tax

Deferred tax is calculated by applying income tax rate on deductible temporary difference, arrived at upon deducting the carrying value from tax base amount of property, plant and equipment.

Deferred income tax assets and liabilities are offset when there is a legally enforceable right to offset current income tax assets against current income tax liabilities and when the deferred income taxes relate to the same fiscal authority. The amounts, determined after appropriate offsetting, are shown on the financial position as follows:

| Myanmar Kyat (In Thousands) | **Accelerated tax depreciation on property, plant and equipment** |
|---|---|
| Balance at 1 October 2020 | **11,453** |
| (Charge)/ credit to profit or loss (Note-24) | **25,413** |
| Balance at 30 September 2021 | **36,866** |
| Balance at 1 October 2019 | 11,897 |
| (Charge)/ debit to profit or loss (Note-24) | (444) |
| Balance at 30 September 2020 | 11,453 |

## 12. Net receivable under installment sales

The Company sold its shop houses under installment plan during the year ended 30 September 2021. Net present value of installment payments to be received are recognized as revenue and receivable. The Company use interest rate implicit in the contract as discount rate to measure the net present value. These properties are de-recognized from the inventory and carrying amount is recognized under cost of sales. The selling profit is the difference between revenue and cost of sales.

The Company recognize the finance income and allocate over the installment term.

**(a) Selling profit from installment sales**

| Myanmar Kyat (In Thousands) | 2021 | 2020 |
|---|---|---|
| Selling profit | – | 192,596 |

**(b) Receivable under installment sales**

| Myanmar Kyat (In Thousands) | 2021 | 2020 |
|---|---|---|
| Gross receivable under installment sales | 254,674 | 518,329 |
| Less: Unearned finance income | (11,969) | (68,910) |
| | 242,705 | 449,419 |
| Less: current portion (Note 15) | (201,170) | (167,481) |
| | 41,535 | 281,938 |

**(c) Undiscounted installment payments to be received**

| Myanmar Kyat (In Thousands) | 2021 | 2020 |
|---|---|---|
| Within one year | 212,228 | 204,171 |
| Second to third years | 42,446 | 314,158 |
| | 254,674 | 518,329 |

## 13. Other assets

| Myanmar Kyat (In Thousands) | 2021 | 2020 |
|---|---|---|
| Logistics Dependent Industrial Area | 86,706 | 86,706 |
| Myit Kyi Nar Economic Development Zone | 7,005 | 7,005 |
| Gyo Gone Redevelopment Project | 175,645 | 105,200 |
| AGRO-Industrial Park | 20,500 | – |
| | 289,856 | 198,911 |

## 14. Cash and cash equivalents

| Myanmar Kyat (In Thousands) | 2021 | 2020 |
|---|---|---|
| Cash in hand | 63,035 | 21,742 |
| Cash at bank | 16,040,521 | 16,860,845 |
| | 16,103,556 | 16,882,587 |

## 15. Trade and other receivables

| Myanmar Kyat (In Thousands) | 2021 | 2020 |
|---|---|---|
| Trade receivables from | | |
| - Related parties* | **332,267** | 225,324 |
| - Non-related parties | **52,140** | 22,049 |
| Other receivable from non-related parties | **7,534** | 20,944 |
| Net receivable under installment sales (Note 12) | **201,170** | 167,481 |
| Construction contract - Due from related parties** | – | 24,315 |
| Accrued income | | |
| - Related parties | – | 30,317 |
| - Non-related parties | **21,512** | 16,260 |
| Deposit | **219,054** | 218,390 |
| Prepayments and advance | **30,681** | 29,012 |
| Advance income tax | **30,207** | 30,207 |
| Advance commercial tax | **651,812** | 730,910 |
| | **1,546,377** | 1,515,209 |

* It comprises management services fees receivable from Myanmar Japan Thilawa Development Limited (MJTD).
** It comprises Municipal road construction services fees receivables from Myanmar Japan Thilawa Development Limited (MJTD) for the successful contract between MJTD and the Company on 5 April 2016.

## 16. Inventories

Inventories include cost of leasehold land acquired from Myanmar Japan Thilawa Development Limited (MJTD) for the development of residential and commercial area of Thilawa Special Economic Zone. It also includes the cost of land scraping, infrastructure development, eighteen units of shop houses and shop houses construction.

## 17. Construction contract

| Myanmar Kyat (In Thousands) | 2021 | 2020 |
|---|---|---|
| **Construction contract work in progress** | | |
| Beginning of financial year | – | 16,270 |
| Contract costs incurred | – | 136,454 |
| Contract expenses recognized in profit or loss | – | (152,724) |
| End of financial year | – | – |
| Aggregate costs incurred and profits recognized (less losses recognized) to date on uncompleted construction contracts | – | 263,458 |
| Less: Progress billing | – | (233,141) |
| Unbilled to customers current financial year | – | 30,317 |
| **Due from related party on construction contracts (Note 15)** | | |
| Billed to customer | – | 24,315 |
| Unbilled to customers – current financial year | – | 30,317 |
| Unbilled to customers – previous financial year | – | – |
| **End of financial year** | – | 54,632 |

## 18. Issued and paid-up share capital

| Myanmar Kyat (In Thousands) | No. of ordinary shares issued | | Issued and fully paid-up share capital | |
|---|---|---|---|---|
| | **2021** | 2020 | **2021** | 2020 |
| Beginning of financial year | **38,929,150** | 38,929,150 | **38,929,150** | 38,929,150 |
| Issued of shares | – | – | – | – |
| **End of financial year** | **38,929,150** | 38,929,150 | **38,929,150** | 38,929,150 |

## 19. Trade and other payables

| Myanmar Kyat (In Thousands) | 2021 | 2020 |
|---|---|---|
| Trade payables to non-related parties | **26,208** | 29,763 |
| Construction contract-due to supplier | **120,417** | 283,542 |
| Other payables to | | |
| - Related parties | **91,764** | 51,259 |
| - Non-related parties | **159,009** | 117,269 |
| Deposit from suppliers | **13,697** | 23,156 |
| Accrued expenses | **217,007** | 92,947 |
| Unpaid dividend | **1,458,970** | 1,191,883 |
| Deferred rental income | | |
| - Related parties | **213** | 795 |
| - Non-related parties | **17,538** | 54,076 |
| Commercial tax | **14,123** | 5,368 |
| Advance receipt | – | 12 |
| | **2,118,946** | 1,850,070 |

## 20. Revenue

| Myanmar Kyat (In Thousands) | 2021 | 2020 |
|---|---|---|
| Management fees | **1,037,579** | 914,431 |
| Construction revenue | – | 254,629 |
| Rental income | **254,288** | 369,538 |
| Sale of land | **1,370,200** | – |
| Sale of building | – | 687,951 |
| Telecommunication | **17,226** | 18,415 |
| Utilities income | **268,519** | 244,075 |
| | **2,947,812** | 2,489,039 |

**Management fees**

Management fees are received from Myanmar Japan Thilawa Development Limited (MJTD) in consideration of management services provided by the Company for the following personnel;

(1) Chairman
(2) Vice President (Myanmar Desk)
(3) Head of Finance & Accounting
(4) Head of Administration & Human Resources

**Construction revenue**

The above mainly comprises of a road construction contract and construction of rental factory B extension from MJTD.

**Rental income**

The above comprises of rental of rooms in dormitory, food court and shop house.

**Sale of land**

The above comprises of sale of land to Max Energy Company Limited.

**Sale of building**

The above comprises of sale of shop houses to U Maung Maung Gyi.

**Telecommunication**

The above comprises of fixed element and revenue sharing variable element for granting access of fiber optic cable to telecommunication service provider.

**Utilities income**

The above comprises of water, electricity and common area maintenance fees from the banks, shop house, rented shops and food court.

## 21. Other income

| Myanmar Kyat (In Thousands) | **2021** | 2020 |
|---|---|---|
| Interest income | **61,887** | 569,640 |
| Miscellaneous income | **19,359** | 91,847 |
| Finance income under lease | **47,566** | 37,923 |
| | **128,812** | 699,410 |

## 22. Unrealised exchange gains/ (losses)

The above mainly include the foreign exchange gains/ (losses) arising from revaluation of US Dollar cash balances at the end of reporting years.

## 23. Expenses by nature

| Myanmar Kyat (In Thousands) | 2021 | 2020 |
|---|---|---|
| Land cost | **413,943** | – |
| Construction contract cost | – | 152,724 |
| Cost of rental and dormitory | **168,061** | 236,952 |
| Building cost - shop house | – | 503,266 |
| Utilities cost | **186,016** | 191,764 |
| Write off - property, plant and equipment (Note 6) | **1,397** | 29,031 |
| Depreciation of property, plant and equipment (Note 6) | **262,003** | 310,779 |
| Depreciation of investment property (Note 10) | **128,911** | 135,341 |
| Amortisation of intangible asset (Note 7) | **1,350** | 1,976 |
| Employee benefit expenses (Note 23-a) | **591,450** | 749,388 |
| Key management personnel and director compensations (Note 26-b) | **603,428** | 782,618 |
| Selling, marketing and business development expenses | **29,236** | 44,152 |
| Rental expense | **13,010** | 78,684 |
| Transportation expense | **18,975** | 27,451 |
| Listing expense | **9,475** | 8,099 |
| Other expense | **366,584** | 423,412 |
| Unrealised profit adjustment | **(63,434)** | (52,374) |
| | **2,730,405** | 3,623,263 |

## 23-a. Employee benefit expenses

| Myanmar Kyat (In Thousands) | 2021 | 2020 |
|---|---|---|
| Wages and salaries | **488,453** | 565,910 |
| Other benefits | **102,997** | 183,478 |
| | **591,450** | 749,388 |

## 24. Income tax expense

| Myanmar Kyat (In Thousands) | 2021 | 2020 |
|---|---|---|
| Current tax expenses | **202,974** | – |
| Deferred income tax (Note 11) | **(25,413)** | 444 |
| | **177,561** | 444 |

## 25. Earnings per share

### Basic earnings per share

Basic earnings per share is calculated by dividing the net profit attributable to equity holders of the Company by the weighted average number of ordinary shares outstanding during the financial years.

| Myanmar Kyat (In Thousands) | 2021 | 2020 |
|---|---|---|
| Net profit attributable to equity holders of the Company (Myanmar Kyat in thousands) | **8,486,919** | 4,704,009 |
| Weighted average number of ordinary shares outstanding for basic earnings per share (shares in thousands) | **38,929** | 38,929 |
| Basic earnings per share | **218** | 121 |
| Per value of shares (Myanmar Kyat) | **1,000** | 1,000 |

## 26. Related party transactions

In addition to the information disclosed elsewhere in the consolidated financial statements, the following transactions took place between the holding company and the related parties at terms agreed between the parties:

### (a) Sales and purchase of goods and services

| Myanmar Kyat (In Thousands) | 2021 | 2020 |
|---|---|---|
| Management fees from MJTD | **1,037,579** | 914,431 |
| Rental revenue from MJTD | **420** | – |
| Construction revenue from MJTD | – | 254,629 |

Other related parties comprise mainly companies which are controlled or significantly influenced by the holding company's key management personnel which are as follows:

| No. | Company Name | Related | Position Executives | 2021 Kyats '000 | 2020 Kyats '000 |
|---|---|---|---|---|---|
| 1 | Shwe Me | U Tun Lwin | Director | **13.052** | 61,467 |
| 2 | Yoma Fleet | U Theim Wai | Vice Chairman | **1,250,000** | – |
| 3 | Dagon International Limited | U Win Aung | Chairman | **9,309** | – |

Outstanding balances of related parties are disclosed in Notes 15 and 19 respectively.

### (b) Key management personnel and director compensation

| Myanmar Kyat (In Thousands) | 2021 | 2020 |
|---|---|---|
| Director remuneration | **70,000** | 72,000 |
| Director bonus | | |
| - April 2019 to September 2019 | – | 63,829 |
| - October 2019 to September 2020 | – | 52,120 |
| - October 2020 to September 2021 | **91,764** | – |
| Key management personnel remuneration | **406,102** | 514,021 |
| Key management bonus | **35,562** | 80,648 |
| | **603,428** | 782,618 |

### (c) Significant agreements with related parties

Management fees

The Company entered into management memorandums with MJTD for which to provide management services. Under the term of these memorandums, the Company is entitled to receive management fees as stipulated in the memorandum and will expire in January 2022.

## 27. Events occurring after the reporting date

Board of Directors of the Company has resolved on 20 December 2021 to propose a dividend of Ks. 100 per share for the year ended 30 September 2021.

## 28. Authorization of financial statements

The financial statements of the Company for the year ended 30 September 2021 were authorized for issue on 20 December 2021.

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့်
၎င်း၏ လက်အောက်ခံကုမ္ပဏီ

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက်
ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်

ငွေကြေး – မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် စီမံအုပ်ချုပ်သူများ၏ တာဝန်ဖော်ပြချက်

ကုမ္ပဏီအုပ်စု **(မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီ)** ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းပေါင်းချုပ်၊ ယင်းနေ့ ကုန်ဆုံးသောနှစ်အတွက် ကုမ္ပဏီအုပ်စု၏ ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းပေါင်းချုပ်၊ ကုမ္ပဏီအုပ်စု၏ အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်းပေါင်းချုပ်၊ ကုမ္ပဏီအုပ်စု၏ ငွေသားစီးဆင်းမှုရှင်းတမ်းပေါင်းချုပ်နှင့် အရေးပါသော စာရင်းဆိုင်ရာမူဝါဒများအကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသော မှတ်စုများ ပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏တာဝန်သာ ဖြစ်ပါသည်။ ယင်းတာဝန်တွင် -

- ဆီလျော်သော စာရင်းဆိုင်ရာ မူဝါဒများအား ရွေးချယ်၍ တစ်သမတ်တည်း ကျင့်သုံးခြင်းနှင့်
- အမြော်အမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းခြင်းနှင့် ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းတို့ကို ပြုလုပ်ခြင်းတို့ ပါဝင်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေမှန်ကို မည်သည့်အချိန်တွင်မဆို မှန်ကန်စွာ ဖော်ပြရန်အလို့ငှာ စီမံအုပ်ချုပ်သူများ အနေဖြင့် သင့်လျော်သော စာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် တာဝန်ရှိပါသည်။ ကျွန်ုပ်တို့သည် ကုမ္ပဏီအုပ်စု၏ ရပိုင်ခွင့်များကို လုံခြုံမှုရှိစေရန်နှင့် မသမာမှုများနှင့် အခြားစည်းမျဉ်းမကျမှုများကို ကာကွယ်ဖော်ထုတ်နိုင်ရန်အတွက် သင့်လျော်သလိုဆောင်ရွက်ရန် အထွေထွေတာဝန်ရှိပါသည်။

စီမံအုပ်ချုပ်သူများကိုယ်စား

MTSH
Myanmar Thilawa SEZ Holdings Public Limited.

ဝင်းအောင်

ဥက္ကဋ္ဌ
မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

နေ့စွဲ။ ။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်။

ဝင်းသင်နှင့်အဖွဲ့၊ စာရင်းစစ်များ။
WIN THIN & ASSOCIATES
CERTIFIED PUBLIC ACCOUNTANTS
HEAD OFFICE:- Room (2B/2C) 1st Floor, Rose Condominium, No.182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar. Tel: 95-1-8201798, 8296164, Fax: 95-1-8245671 Email: info@winthinassociates.com
MANDALAY BRANCH:- OFFICE Room (9/10), East Wing of Bahtoo Stadium, 70th Street (Between 29th & 30th Street), Mandalay Region, Myanmar. Tel: 95-2-4034451, Fax: 95-2-4034498

စာအမှတ် - ၂၁၃/ အမ် -၂၅၅/ စက်တင်ဘာ ၂၀၂၁

# ပြင်ပစာရင်းစစ်အစီရင်ခံစာ

**အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များ**

**မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အုပ်စု**

## ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်အပေါ် အစီရင်ခံခြင်း

ကျွန်တော်များ စာရင်းစစ်အဖွဲ့သည် မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (ကုမ္ပဏီ) နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ (ကုမ္ပဏီအုပ်စု) ၏ စာမျက်နှာ ၉၇ မှ ၁၂၇ တွင် ဖော်ပြထားသော ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းပေါင်းချုပ်၊ ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် ကုမ္ပဏီအုပ်စု၏ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းပေါင်းချုပ်၊ ကုမ္ပဏီအုပ်စု၏အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှု ရှင်းတမ်းပေါင်းချုပ်၊ ကုမ္ပဏီအုပ်စု၏ ငွေသားစီးဆင်းမှုရှင်းတမ်းပေါင်းချုပ်၊ အရေးပါသောစာရင်းဆိုင်ရာမူဝါဒများ အကျဉ်းချုပ်နှင့် အခြားရှင်းလင်းဖော်ပြထားသော မှတ်စုများ ပါဝင်သော ဘဏ္ဍာရေးရှင်းတမ်းများပေါင်းချုပ်ကို စစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။

## ဘဏ္ဍာရေးရှင်းတမ်းများအတွက် စီမံအုပ်ချုပ်သူများ၏ တာဝန်

၎င်းဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ ပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏တာဝန်ဖြစ်ပါသည်။ ယင်းတာဝန်တွင် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် အရေးပါသော လွဲမှားဖော်ပြမှုများမှ ကင်းရှင်းသော ဘဏ္ဍာရေးရှင်းတမ်းများအား သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်နှင့် လုပ်ငန်းတွင်းထိန်းချုပ်မှု အစီအစဉ်ကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ သင့်လျော်သောစာရင်းဆိုင်ရာမူဝါဒများအား ရွေးချယ်ကျင့်သုံးခြင်းနှင့် အခြေအနေအရ ဆီလျော်သော စာရင်းဆိုင်ရာ ခန့်မှန်းချက်များကို ပြုလုပ်ခြင်းတို့လည်း ပါဝင်သည်။

## စာရင်းစစ်၏ တာဝန်

ကျွန်တော်များအဖွဲ့၏တာဝန်မှာ ကျွန်တော်များ၏ စာရင်းစစ်ဆေးတွေ့ရှိချက်များကို အခြေပြု၍ ယင်းဘဏ္ဍာရေးရှင်းတမ်းများအပေါ် ထင်မြင်ယူဆချက်ပေးရန်ဖြစ်ပါသည်။ ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံစာရင်းစစ်ဆိုင်ရာစံများနှင့်အညီ စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပါသည်။ ယင်းစံများအရ ကျွန်တော်များအဖွဲ့အနေဖြင့် ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ လိုအပ်ချက်များအား လိုက်နာရန်နှင့် ဘဏ္ဍာရေးရှင်းတမ်းများသည် အရေးပါသောအချက်များအား မှားယွင်းစွာဖော်ပြမှုများမှ ကင်းရှင်းကြောင်း၊ ကျိုးကြောင်းဆီလျော်သေချာမှုရှိစေရန် အစီအစဉ်များရေးဆွဲပြီး စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

စာရင်းစစ်ဆေးရာ၌ ဘဏ္ဍာရေးရှင်းတမ်းများတွင် ထုတ်ဖော်တင်ပြချက်များနှင့် ငွေပမာဏများအတွက် စာရင်းစစ်အထောက်အထားများရယူရန် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန် ပါဝင်ပါသည်။ ရွေးချယ်ထားသော လုပ်ထုံးလုပ်နည်းများသည် မသမာမှု၊ မှားယွင်းမှုတို့ကြောင့် ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်၏ အရေးပါသော မှားယွင်းဖော်ပြချက်များမှ အန္တရာယ်များကို အကဲဖြတ်ခြင်းများ အပါအဝင် စာရင်းစစ်၏ ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းအပေါ်တွင် မူတည်ပါသည်။

ထိုအန္တရာယ်များအား အကဲဖြတ်မှုများပြုလုပ်ရာတွင် စာရင်းစစ်သည် အခြေအနေနှင့်ဆီလျော်သော စာရင်းစစ်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန် အဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲမှုနှင့် သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်အလို့ငှာ သက်ဆိုင်သော ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုကို ထည့်သွင်းစဉ်းစားသော်လည်း အဖွဲ့အစည်း၏ ဌာနတွင်းကြီးကြပ်ကွပ်ကဲမှု၏ ထိရောက်မှုအပေါ်တွင် ထင်မြင်ယူဆချက်ပေးရန် မဟုတ်ပါ။ စာရင်းစစ်ဆေးရာတွင် စီမံခန့်ခွဲသူများက အသုံးပြုခဲ့သော စာရင်းမူများ၏ ဆီလျော်မှုနှင့် ပြုလုပ်ခဲ့သော စာရင်းခန့်မှန်းခြေများ၏ ကျိုးကြောင်းဆီလျော်မှုကို သုံးသပ်ခြင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းများ၏ တင်ပြချက်အားလုံးအပေါ်ခြုံငုံသုံးသပ်ခြင်းတို့လည်း ပါဝင်ပါသည်။ ကျွန်တော်များရရှိခဲ့သော စာရင်းစစ်အထောက်အထားများသည် ကျွန်တော်များ၏ စာရင်းစစ်ထင်မြင်ယူဆချက်အတွက် အခြေခံမှုပြုရန် လုံလောက်သင့်လျော်သည်ဟု ယုံကြည်ပါသည်။

**ထင်မြင်ယူဆချက်**

ဘဏ္ဍာရေးရှင်းတမ်းများသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ (Myanmar Financial Reporting Standards) နှင့်အညီ ကုမ္ပဏီအုပ်စု၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေနှင့် ယင်းနေ့ကုန်ဆုံးသောနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်များနှင့် ငွေသားစီးဆင်းမှုနှင့် စပ်လျဉ်းသည့် အရေးပါသောအချက်များအားလုံးကို သင့်တင့်လျောက်ပတ်စွာ ဖော်ပြထားကြောင်း ကျွန်တော်များ ထင်မြင်ယူဆပါသည်။

**အခြားဥပဒေနှင့် စည်းကမ်းချက်ဆိုင်ရာ လိုအပ်ချက်များအပေါ် အစီရင်ခံခြင်း**

ကျွန်တော်များအဖွဲ့သည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ

(၁) လိုအပ်သော သတင်းအချက်လက်များနှင့် ရှင်းလင်းချက်များအားလုံးကို ရရှိပြီဖြစ်ကြောင်း

(၂) ကျွန်တော်များအဖွဲ့၏ အစစ်ဆေးခံကုမ္ပဏီအုပ်စုနှင့် လက်အောက်ခံကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၂၅၈ နှင့်အညီ ဘဏ္ဍာရေးဆိုင်ရာ မှတ်တမ်းများကို ထိန်းသိမ်းထားရှိကြောင်း အစီရင်ခံအပ်ပါသည်။




ဦးစောနယ်လ်ဆင် (ပီအေပီပီ-၄၀၀)
Engagement Partner
ဝင်းသင်နှင့်အဖွဲ့၊ စာရင်းစစ်များ။
၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်။

## မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီ

### ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းပေါင်းချုပ်

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

| | မှတ်စု | ၂၀၂၁ | ၂၀၂၀ |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| **လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ** | | | |
| ပုံသေပိုင်ပစ္စည်း | ၆ | **၃,၄၇၅,၂၆၆** | ၃,၅၂၇,၂၃၈ |
| ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်ပစ္စည်း | ၇ | **၁,၇၄၆** | ၃,၀၉၆ |
| တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှု | ၈ | **၄၀,၅၄၇,၉၁၉** | ၃၇,၉၄၁,၃၇၀ |
| အခြားရင်းနှီးမြှုပ်နှံမှု | ၉ | **၁၀,၀၀၀** | ၁၀,၀၀၀ |
| ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း | ၁၀ | **၄,၁၂၉,၀၉၃** | ၄,၉၅၈,၄၇၈ |
| ရွှေ့ဆိုင်းထားသောအခွန်ရပိုင်ခွင့် | ၁၁ | **၃၆,၈၆၆** | ၁၁,၄၅၃ |
| အရစ်ကျရောင်းချခြင်းမှ အသားတင်ရရန်ရှိ | ၁၂ | **၄၁,၅၃၅** | ၂၈၁,၉၃၈ |
| အခြားရပိုင်ခွင့်များ | ၁၃ | **၂၈၉,၈၅၆** | ၁၉၈,၉၁၁ |
| | | **၄၈,၅၃၂,၂၈၁** | ၄၆,၉၃၂,၄၈၄ |
| **လက်ငင်းရပိုင်ခွင့်များ** | | | |
| ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ | ၁၄ | **၁၆,၁၀၃,၅၅၆** | ၁၆,၈၈၂,၅၈၇ |
| ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ | ၁၅ | **၁,၅၄၆,၃၇၇** | ၁,၅၁၅,၂၀၉ |
| ကုန်လက်ကျန်များ | ၁၆ | **၂၆,၅၈၂,၄၂၁** | ၂၆,၁၇၃,၇၈၁ |
| ဆောင်ရွက်ဆဲ ဆောက်လုပ်ရေးကန်ထရိုက် | ၁၇ | **-** | - |
| | | **၄၄,၂၃၂,၃၅၄** | ၄၄,၅၇၁,၅၇၇ |
| | | **၉၂,၇၆၄,၆၃၅** | ၉၁,၅၀၄,၀၆၁ |
| **ရင်းနှီးငွေနှင့် ပေးရန်တာဝန်များ** | | | |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပေးသွင်းပြီးရှယ်ယာရင်းနှီးငွေ | ၁၈ | **၃၈,၉၂၉,၁၅၀** | ၃၈,၉၂၉,၁၅၀ |
| အမြတ်လက်ကျန်များ | | **၄၂,၃၈၄,၆၉၉** | ၄၀,၉၀၅,၀၂၇ |
| | | **၈၁,၃၁၃,၈၄၉** | ၇၉,၈၃၄,၁၇၇ |
| ထိန်းချုပ်နိုင်မှုမရှိသောပိုင်ဆိုင်မှုများ | | **၇,၈၉၃,၆၄၂** | ၇,၅၃၄,၁၀၉ |
| | | **၈၉,၂၀၇,၄၉၁** | ၈၇,၃၆၈,၂၈၆ |
| **လက်ငင်းမဟုတ်သောပေးရန်တာဝန်များ** | | | |
| ဝယ်သူများထံမှကြိုတင်ရငွေများ | | **၁,၂၃၅,၂၂၄** | ၂,၂၈၅,၇၀၅ |
| | | **၁,၂၃၅,၂၂၄** | ၂,၂၈၅,၇၀၅ |
| **လက်ငင်းပေးရန်တာဝန်များ** | | | |
| ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ | ၁၉ | **၂,၁၁၈,၉၄၆** | ၁,၈၅၀,၀၇၀ |
| လက်ရှိနှစ်အတွက် အခွန်လျာထားချက် | | **၂၀၂,၉၇၄** | - |
| | | **၂,၃၂၁,၉၂၀** | ၁,၈၅၀,၀၇၀ |
| | | **၉၂,၇၆၄,၆၃၅** | ၉၁,၅၀၄,၀၆၁ |

*ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်အပေါ် မှတ်စုများကို ကြည့်ပါ။*

| WIN AUNG | TUN LWIN | THURANE AUNG | YU WAR TUN |
|---|---|---|---|
| Chairman, MTSH | Director, MTSH | Director, MTSH | Head of Finance, MTSH |

MTSH=Myanmar Thilawa SEZ Holdings Public Co., Ltd.

## မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီ

### ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသောနှစ်အတွက် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းပေါင်းချုပ်

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

| | မှတ်စု | ၂၀၂၁ | ၂၀၂၀ |
|---|---|---|---|
| ဝင်ငွေ | ၂၀ | **၂,၉၄၇,၈၁၂** | ၂,၄၈၉,၀၃၉ |
| ကုန်ရောင်းတန်ဖိုး | ၂၃ | **(၉၆၂,၁၉၅)** | (၁,၃၀၂,၆၄၇) |
| **အကြမ်းအမြတ်** | | **၁,၉၈၅,၆၁၇** | ၁,၁၈၆,၃၉၂ |
| အခြားဝင်ငွေ | ၂၁ | **၁၂၈,၈၁၂** | ၆၉၉,၄၁၀ |
| အမှန်ပေါ်ပေါက်ခဲ့သော ငွေကြေးလဲလှယ်မှု အမြတ်များ | | **၁,၄၅၇,၈၃၆** | ၂၈,၈၁၈ |
| အမှန်မပေါ်ပေါက်ခဲ့သောငွေကြေးလဲလှယ်မှုအမြတ်/ (အရှုံး)များ | ၂၂ | **၄,၆၃၈,၇၅၄** | (၃,၆၄၄,၈၉၆) |
| အရောင်း၊ ဈေးကွက်ရှာဖွေရေးနှင့် လုပ်ငန်းဖွံ့ဖြိုးမှုအတွက် ကုန်ကျစရိတ်များ | ၂၃ | **(၂၉,၂၃၆)** | (၄၄,၁၅၂) |
| စီမံခန့်ခွဲမှုစရိတ်များ | ၂၃ | **(၁,၇၃၈,၉၇၄)** | (၂,၂၇၆,၄၆၄) |
| **နှစ်အတွင်း အမြတ်/(အရှုံး)** | | **၆,၄၄၂,၈၀၉** | (၄,၀၅၀,၈၉၂) |
| တွဲဖက်လုပ်ငန်း၏ ခွဲဝေအမြတ် | ၈ | **၂,၅၈၁,၂၀၄** | ၈,၆၂၈,၂၈၀ |
| **အခွန်မလျာထားမီ အမြတ်** | | **၉,၀၂၄,၀၁၃** | ၄,၅၇၇,၃၈၈ |
| ဝင်ငွေခွန် | ၂၄ | **(၁၇၇,၅၆၁)** | (၄၄၄) |
| **နှစ်အတွင်း အသားတင် အမြတ်** | | **၈,၈၄၆,၄၅၂** | ၄,၅၇၆,၉၄၄ |
| နှစ်အတွင်း အခြားဝင်ငွေအလုံးစုံ | | **-** | - |
| **နှစ်အတွင်း စုစုပေါင်းဝင်ငွေအလုံးစုံ** | | **၈,၈၄၆,၄၅၂** | ၄,၅၇၆,၉၄၄ |
| **ခွဲဝေနိုင်သောအမြတ်** | | | |
| ကုမ္ပဏီ၏အစုရှင်များ | | **၈,၄၈၆,၉၁၉** | ၄,၇၀၄,၀၀၉ |
| ထိန်းချုပ်နိုင်မှုမရှိသောပိုင်ဆိုင်မှုများ | | **၃၅၉,၅၃၃** | (၁၂၇,၀၆၅) |
| **ခွဲဝေနိုင်သော စုစုပေါင်း ဝင်ငွေအလုံးစုံ** | | | |
| ကုမ္ပဏီ၏အစုရှင်များ | | **၈,၄၈၆,၉၁၉** | ၄,၇၀၄,၀၀၉ |
| ထိန်းချုပ်နိုင်မှုမရှိသောပိုင်ဆိုင်မှုများ | | **၃၅၉,၅၃၃** | (၁၂၇,၀၆၅) |
| **ရှယ်ယာတစ်စောင်မှရငွေ (တစ်စောင်လျှင်တန်ဖိုးကျပ်)** | | | |
| **ရှယ်ယာတစ်စောင်၏ အခြေခံရငွေများ** | ၂၅ | ၂၁၈ | ၁၂၁ |

*ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်အပေါ် မှတ်စုများကို ကြည့်ပါ။*

**မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ**

**၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသောနှစ်အတွက် အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များ ပြောင်းလဲမှုရှင်းတမ်းပေါင်းချုပ်**

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

| | ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ | အမြတ်လက်ကျန်များ | ထိန်းချုပ်နိုင်မှုမရှိသော ပိုင်ဆိုင်သူများ | စုစုပေါင်း |
|---|---|---|---|---|
| **၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက် နေ့ရှိ စာရင်းဖွင့်လက်ကျန်** | **၃၈,၉၂၉,၁၅၀** | **၄၀,၉၀၅,၀၂၇** | **၇,၅၃၄,၁၀၉** | **၈၇,၃၆၈,၂၈၆** |
| **ဝင်ငွေအလုံးစုံ** | | | | |
| နှစ်အတွင်း အမြတ် | - | **၈,၄၈၆,၉၁၉** | **၃၅၉,၅၃၃** | **၈,၈၄၆,၄၅၂** |
| နှစ်အတွင်း အခြားဝင်ငွေအလုံးစုံ | - | - | - | - |
| နှစ်အတွင်း စုစုပေါင်းဝင်ငွေအလုံးစုံ | - | **၈,၄၈၆,၉၁၉** | **၃၅၉,၅၃၃** | **၈,၈၄၆,၄၅၂** |
| **ပိုင်ရှင်များသို့/ ပိုင်ရှင်များထံမှ ထည့်ဝင်ငွေများ** | | | | |
| အစုရှယ်ယာထုတ်ဝေခြင်း | - | - | - | - |
| အမြတ်ဝေစု | - | **(၇,၀၀၇,၂၄၇)** | - | **(၇,၀၀၇,၂၄၇)** |
| ပိုင်ရှင်များသို့/ ပိုင်ရှင်များထံမှ စုစုပေါင်းထည့်ဝင်ငွေများ | - | **(၇,၀၀၇,၂၄၇)** | - | **(၇,၀၀၇,၂၄၇)** |
| **၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၃၈,၉၂၉,၁၅၀** | **၄၂,၃၈၄,၆၉၉** | **၇,၈၉၃,၆၄၂** | **၈၉,၂၀၇,၄၉၁** |
| **၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက် နေ့ရှိ စာရင်းဖွင့်လက်ကျန်** | ၃၈,၉၂၉,၁၅၀ | ၄၃,၉၈၆,၈၄၈ | ၇,၆၆၁,၁၇၄ | ၉၀,၅၇၇,၁၇၂ |
| **ဝင်ငွေအလုံးစုံ** | | | | |
| နှစ်အတွင်း အမြတ် | - | ၄,၇၀၄,၀၀၉ | (၁၂၇,၀၆၅) | ၄,၅၇၆,၉၄၄ |
| နှစ်အတွင်း အခြားဝင်ငွေအလုံးစုံ | - | - | - | - |
| နှစ်အတွင်း စုစုပေါင်းဝင်ငွေအလုံးစုံ | - | ၄,၇၀၄,၀၀၉ | (၁၂၇,၀၆၅) | ၄,၅၇၆,၉၄၄ |
| **ပိုင်ရှင်များသို့/ ပိုင်ရှင်များထံမှ ထည့်ဝင်ငွေများ** | | | | |
| အစုရှယ်ယာထုတ်ဝေခြင်း | - | - | - | - |
| အမြတ်ဝေစု | - | (၇,၇၈၅,၈၃၀) | - | (၇,၇၈၅,၈၃၀) |
| ပိုင်ရှင်များသို့/ ပိုင်ရှင်များထံမှ စုစုပေါင်းထည့်ဝင်ငွေများ | - | (၇,၇၈၅,၈၃၀) | - | (၇,၇၈၅,၈၃၀) |
| **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက် နေ့ရှိ စာရင်းပိတ်လက်ကျန်** | ၃၈,၉၂၉,၁၅၀ | ၄၀,၉၀၅,၀၂၇ | ၇,၅၃၄,၁၀၉ | ၈၇,၃၆၈,၂၈၆ |

*ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်အပေါ် မှတ်စုများကို ကြည့်ပါ။*

## မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီ

### ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသောနှစ်အတွက် ငွေသားစီးဆင်းမှုရှင်းတမ်းများပေါင်းချုပ်

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

| | မှတ်စု | ၂၀၂၁ | ၂၀၂၀ |
|---|---|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| အခွန်မနှုတ်မီ အသားတင်အမြတ် | | ၉,၀၂၄,၀၁၃ | ၄,၅၇၇,၃၈၈ |
| ငွေသားမဟုတ်သော ကိုက်ညှိရေးဆွဲချက်များ- | | | |
| ပုံသေပိုင်ပစ္စည်း တန်ဖိုးလျော့ | | ၃၉၀,၉၁၄ | ၄၄၆,၁၂၀ |
| ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်း တန်ဖိုးလျော့ | | ၁,၃၅၀ | ၁,၉၇၆ |
| ပုံသေပိုင်ပစ္စည်းပယ်ဖျက်ခြင်း | | ၁,၃၉၇ | ၂၉,၀၃၁ |
| မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု | | (၆၃,၄၃၄) | (၅၂,၃၇၄) |
| တွဲဖက်လုပ်ငန်း၏ ခွဲဝေအမြတ် | | (၂,၅၈၁,၂၀၄) | (၈,၆၂၈,၂၈၀) |
| **လုည်ပတ်ရင်းနှီးငွေပြောင်းလဲမှုမတိုင်ခင်လုပ်ငန်းဆောင်ရွက်ချက်အမြတ်/ (အရှုံး)** | | ၆,၇၇၃,၀၃၆ | (၃,၆၂၆,၁၃၉) |
| **လည်ပတ်ရင်းနှီးငွေ ပြောင်းလဲမှုများ** | | | |
| ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ | | (၃၁,၁၆၈) | ၉၇၅,၃၉၁ |
| ကုန်လက်ကျန်များ | | ၃၂၉.၉၂၃ | ၃၈၇,၈၇၆ |
| ဆောင်ရွက်ဆဲ ဆောက်လုပ်ရေးကန်ထရိုက် | | - | ၁၆,၂၇၀ |
| ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ | | ၂၆၈,၈၇၆ | (၂၁၉,၂၀၃) |
| ဝယ်သူများထံမှကြိုတင်ရငွေများ | | (၁,၀၅၀,၄၈၁) | (၄၃၃,၀၇၈) |
| | | ၆,၂၉၀,၁၈၆ | (၂,၈၉၈,၈၈၃) |
| ဝင်ငွေခွန်ပေးသွင်းမှု | | - | (၁,၅၀၃) |
| **လုပ်ငန်းဆောင်ရွက်ချက်များအရ အသားတင်ငွေသား စီးဝင်မှု/(အသုံးပြုမှု)** | | ၆,၂၉၀,၁၈၆ | (၂,၉၀၀,၃၈၆) |
| **ရင်းနှီးမြုပ်နှံမှုလုပ်ဆောင်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| ပုံသေပိုင်ပစ္စည်းဝယ်ယူမှု | | (၂၁၁,၈၂၇) | (၄၁၉,၆၈၈) |
| ပုံသေပိုင်ပစ္စည်းရောင်းခြင်းမှရငွေ | | ၃၉၉ | ၄,၀၇၇ |
| တွဲဖက်ကုမ္ပဏီထံမှ အမြတ်ဝေစု ရရှိငွေ | | - | - |
| အခြားရပိုင်ခွင့်များ | | (၉၀,၉၄၅) | (၁၀၆,၄၀၉) |
| အရစ်ကျရောင်းချခြင်းမှ အသားတင်ရရန်ရှိ | | ၂၄၀,၄၀၃ | (၁၂၆,၉၂၅) |
| **ရင်းနှီးမြုပ်နှံမှုဆောင်ရွက်ချက်များအရအသားတင်ငွေသား အသုံးပြုမှု** | | (၆၁,၉၇၀) | (၆၄၈,၉၄၅) |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရ ငွေသားစီးဆင်းမှုများ** | | | |
| အစုရှင်များသို့ အမြတ်ဝေစုပေးငွေ | | (၇,၀၀၇,၂၄၇) | (၇,၇၈၅,၈၃၀) |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များအရအသားတင်ငွေသား အသုံးပြုမှု** | | (၇,၀၀၇,၂၄၇) | (၇,၇၈၅,၈၃၀) |
| **ငွေသားအသားတင်အလျော့** | | (၇၇၉,၀၃၁) | (၁၁,၃၃၅,၁၆၁) |
| နှစ်စရှိ ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ | | ၁၆,၈၈၂,၅၈၇ | ၂၈,၂၁၇,၇၄၈ |
| **နှစ်ဆုံးရှိငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ** | ၁၄ | ၁၆,၁၀၃,၅၅၆ | ၁၆,၈၈၂,၅၈၇ |

*ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်အပေါ် မှတ်စုများကို ကြည့်ပါ။*

## မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီ

## ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများပေါင်းချုပ်အပေါ် မှတ်စုများ

### ၁။ အထွေထွေ

ပေးရန်တာဝန်ကန့်သတ်ထားသော မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက် (ကုမ္ပဏီ) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ၂၀၁၃ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ထိုအက်ဥပဒေကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ဖြင့် အစားထိုးပြင်ဆင်ခဲ့ပါသည်။ အဆိုပါဥပဒေအသစ်အရ ကုမ္ပဏီကို ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၅၁၈၃၀၂၉၃ ဖြင့် ပြန်လည်မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

Class A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် လုပ်ကိုင်လည်ပတ်ခြင်း အလို့ငှာ ဖက်စပ်ကုမ္ပဏီကို တည်ထောင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ ဤကုမ္ပဏီနှင့် MMST LLP (MMS Thilawa Limited Liability Partnership) တို့အကြား နားလည်မှုမှတ်တမ်းသဝဏ်လွှာတစ်ရပ်ကို ၂၀၁၃ ခုနှစ် မေလ (၂၆) ရက် နေ့၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

Class A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် လုပ်ကိုင်လည်ပတ်ခြင်းအလို့ငှာ ဖက်စပ် ကုမ္ပဏီကို တည်ထောင်ရန်အတွက် ဤကုမ္ပဏီသည် သီလဝါ SMC (Thilawa SEZ Management Committee) နှင့် MMSTD (MMS Thilawa Development Company Limited) တို့သည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက် နေ့၌ ဖက်စပ်ကုမ္ပဏီသဘောတူညီချက်အား ချုပ်ဆိုဝင်ရောက်ခဲ့ကြပါသည်။ ယင်းဖက်စပ်ကုမ္ပဏီကို မြန်မာဂျပန်သီလဝါ ဒီပလော့မန့် (MJTD) အဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

အချို့သော ကြိုတင်သတ်မှတ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီးစီးမှုအပေါ် မူတည်လျက်၊ ဖက်စပ်ကုမ္ပဏီ သဘောတူညီချက်အရ၊ ဤကုမ္ပဏီက ကနဦးအနေဖြင့် ဖက်စပ်ကုမ္ပဏီ၏ရှယ်ယာများတွင် ၄၁% အချိုးဖြစ်သော စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၀,၀၀၀,၀၀၀ ကိုထည့်ဝင်ခဲ့ပါသည်။

ဤကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်းများမှာ

- Class A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် လုပ်ငန်းများဆောင်ရွက်ခြင်း တို့ကို တာဝန်ယူလုပ်ကိုင်မည့် ဖက်စပ်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံကာ ယင်း၏ စီမံအုပ်ချုပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်း
- Class A Properties အား မြန်မာဆက်နွယ်အဖွဲ့အစည်းများထံ တစ်ဦးတည်းသောအေးဂျင့်အဖြစ် ဈေးကွက်တင်ရောင်းချခြင်းနှင့် Class A Properties အား မြန်မာနှင့်ဆက်နွယ်မှုမရှိသော အဖွဲ့အစည်းများ၊ သို့မဟုတ် ဂျပန်နှင့် မဆက်နွယ်သောအဖွဲ့အစည်းများသို့ ဂျပန်ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့မှ အဖွဲ့ဝင်များဖြင့် လက်တွဲကာ ဈေးကွက်တင်ရောင်းချခြင်းနှင့်
- ကျွန်ုပ်တို့၏ ဒါရိုက်တာများက ၎င်းတို့၏ ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ကာ သီလဝါအထူးစီးပွားရေးဇုန် (Class A Area မှအပ) သို့မဟုတ် ၎င်း၏ မည်သည့်အစိတ်အပိုင်းတွင်မဆို တည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း။

ကုမ္ပဏီနှင့်ပတ်သက်၍ ထပ်မံသိရှိလိုသောအချက်များအတွက် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်စွဲပါ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းကို ကြည့်ရှုနိုင်ပါသည်။

မှတ်ပုံတင်ထားသောကုမ္ပဏီ၏ လိပ်စာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ ရွှေဇဗ္ဗူရေးဗားဗျူးကွန်းပလပ်၊ ၂၃ ဂျီ - ၁၊ အမှတ် - ၃ (ဘီ) တာဝါ - အေ၊ Penthouse - ၀၁ - ၀၂ တွင် တည်ရှိပါသည်။

ကုမ္ပဏီသည် ၂၀၁၆ ခုနှစ်၊ မေလ (၂၀)ရက် နေ့တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ခဲ့ပါသည်။

## ၂။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ မူဝါဒများအကျဉ်းချုပ်

ဘဏ္ဍာရေးရှင်းတမ်းများကို ရေးဆွဲရာတွင် အသုံးပြုခဲ့သော အဓိကစာရင်းဆိုင်ရာမူဝါဒများကို အောက်တွင်ဖော်ပြထားသည်။ အခြားတစ်စုံတစ်ရာဖော်ပြခြင်းမရှိပါက ထိုမူဝါဒများကို နှစ်စဉ်အပြောင်းအလဲမရှိ လက်တွေ့အသုံးပြုလျက်ရှိပါသည်။

### (၂.၁) စာရင်းရေးဆွဲခြင်းဆိုင်ရာအခြေခံမူများ

ပူးတွဲပါ ဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းစံများ (Myanmar Financial Reporting Standards) နှင့်အညီ ဖော်ပြထားပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများကို ပြီးခဲ့သည့်ဖြစ်ရပ်များအပေါ် အခြေခံသည့် လုပ်ရိုးလုပ်စဉ် (Historical Cost Convention) အရရေးဆွဲဖော်ပြထားပါသည်။

ဤဘဏ္ဍာရေးရှင်းတမ်းများ ပြုစုရာတွင် ယခုဘဏ္ဍာရေးရှင်းတမ်းတွင်အသုံးပြုခဲ့သော စာရင်းခေါင်းစဉ်ခွဲခြားထားမှုများနှင့် ကိုက်ညီစေရန် ယခင်ဘဏ္ဍာရေးရှင်းတမ်းပါ စာရင်းခေါင်းစဉ်အချို့ကို ပြန်လည်ခွဲခြားမှုနှင့် ခွဲခြမ်းစိတ်ဖြာမှုအချို့ ပြုလုပ်ထားပါသည်။

### (၂.၂) နိုင်ငံခြားငွေကြေးအား ပြောင်းလဲသတ်မှတ်ခြင်း

#### (၁) လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေးနှင့် စာရင်းတင်ဖော်ပြသည့်ငွေကြေး

ကုမ္ပဏီ၏ ဘဏ္ဍာရေးစာရင်းရှင်းတမ်းများတွင်ပါဝင်သော အကြောင်းအရာများကို ကုမ္ပဏီ၏ အဓိကကျသော စီးပွားရေးနယ်ပယ်တွင် အသုံးပြုသော ငွေကြေး (Functional currency) ဖြင့်တိုင်းတာပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများတွင် မြန်မာကျပ်ငွေဖြင့် ဖော်ပြထားပြီး ယင်းမြန်မာကျပ်ငွေသည် ကုမ္ပဏီ၏ စာရင်းတင်ဖော်ပြသည့်ငွေကြေး (Presentation currency) ဖြစ်သည့်အပြင် လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေး (Functional currency) လည်းဖြစ်သည်။ ငွေကြေးများအားလုံးကို အခြားနည်းလမ်းများဖြင့် ဖော်ပြယားခြင်းမရှိဘဲ အနီးစပ်ဆုံး ကျပ်မယောင်မပေါင်းဖြင့် ဖော်ပြထားပါသည်။

#### (၂) လုပ်ငန်းဆောင်ရွက်ချက်နှင့် စာရင်းလက်ကျန်များ

နိုင်ငံခြားငွေဖြင့်ပြုလုပ်သော လုပ်ငန်းလုပ်ဆောင်ချက်များကို လုပ်ဆောင်ချက်ဖြစ်ပေါ်သည့် နေ့တွင်ရှိသော ငွေလဲနှုန်းဖြင့် လုပ်ငန်းဆောင်ရွက်သည့် ငွေကြေးအဖြစ်သို့ ပြောင်းလဲထားပါသည်။ နိုင်ငံခြားငွေဖြင့် ဖော်ပြသော ငွေကြေးနှင့်သက်ဆိုင်သည့် ပိုင်ဆိုင်ပစ္စည်းနှင့် ပေးရန်တာဝန်များကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်ရှိ ငွေလဲနှုန်းဖြင့် ပြောင်းလဲသတ်မှတ်ရာမှာသော်လည်းကောင်း၊ ၎င်းနိုင်ငံခြားငွေကြေးများကို စာရင်းရှင်းလင်းရာမှာသော်လည်းကောင်း ဖြစ်ပေါ်လာသော နိုင်ငံခြားငွေအမြတ်၊ အရှုံးများကို ဝင်ငွေရှင်းတမ်းပေါင်းချုပ်တွင် စာရင်းရေးသွင်းထားပါသည်။

(၂.၃) ကုမ္ပဏီအုပ်စုစာရင်းရေးဆွဲခြင်း

(က) လက်အောက်ခံကုမ္ပဏီများ

စာရင်းပေါင်းချုပ်

လက်အောက်ခံကုမ္ပဏီများဆိုသည်မှာ ကုမ္ပဏီအုပ်စုက ယင်းကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်ချက်များမှ ပေါ်ပေါက်လာသော အကျိုးအမြတ်များကို ရရှိရန်နှင့် ဘဏ္ဍာရေးနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ မူဝါဒများကို ကုမ္ပဏီအုပ်စု (Group) က ထိန်းချုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းများ (အထူးလုပ်ငန်းဆောင်ရွက်ရန် အဖွဲ့အစည်းများ အပါအဝင်) ဖြစ်ပြီး ယေဘုယျအားဖြင့် အဓိကမဲပေးပိုင်ခွင့်ရှိသည့် ရှယ်ယာပိုင်ဆိုင်မှုဖြစ်ကြသည်။ ကုမ္ပဏီအုပ်စုက အခြားအဖွဲ့အစည်းကို ထိန်းချုပ်မှုရှိ၊ မရှိ အကဲဖြတ်သောအခါ လက်ရှိကျင့်သုံးခွင့်ရှိသော (သို့မဟုတ်) ပြောင်းလဲခွင့် ရှိသော အလားအလာရှိသည့် မဲပေးပိုင်ခွင့်၏ တည်ရှိမှုနှင့် အကျိုးဆက်ကို ထည့်သွင်းစဉ်းစားသည်။ လက်အောက်ခံ ကုမ္ပဏီများကို ကုမ္ပဏီအုပ်စုသို့ ထိန်းချုပ်မှုလွှဲပြောင်းသည့်နေ့ရက်မှစ၍ စာရင်းပေါင်းချုပ်ရေးဆွဲသည်။ ၎င်းတို့ကို ထိန်းချုပ်မှုရပ်စဲသည့်နေ့ရက်မှစ၍ စာရင်းပေါင်းချုပ်ရေးဆွဲခြင်း ရပ်စဲသည်။

ဘဏ္ဍာရေးရှင်းတမ်းများကို ပေါင်းချုပ်ရေးဆွဲရာတွင် လုပ်ငန်းဆောင်ရွက်ချက်များ၊ လက်ကျန်များနှင့် ကုမ္ပဏီအုပ်စု များအကြားရှိ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အမှန်မရရှိသေးသော (Unrealized) အမြတ်များကိုဖယ်ထုတ် ထားပါသည်။ အမှန်မပေါ်ပေါက်သေးသော (Unrealized) အရှုံးများကိုလည်း ဖယ်ထုတ်ထားပါသည်။ သို့သော် ယင်းတို့ကို လွှဲပြောင်းပေးသောရပိုင်ခွင့်၏ တန်ဖိုးကျညွှန်းကိန်းတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားပါသည်။ လက်အောက်ခံ ကုမ္ပဏီများ၏ စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများကို ကုမ္ပဏီအုပ်စု (Group) က လက်ခံကျင့်သုံးသော မူဝါဒများနှင့် လိုက်လျောညီထွေဖြစ်စေရန် လိုအပ်သည့်အခါ ပြောင်းလဲထားပါသည်။

ထိန်းချုပ်နိုင်ခွင့်မရှိသောပိုင်ဆိုင်သူများဆိုသည်မှာ ကုမ္ပဏီကိုပိုင်ဆိုင်သူများက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မပိုင်ဆိုင်သောအကျိုးစီးပွားများ (Interests) က ဖြစ်ပေါ်စေသော လက်အောက်ခံ ကုမ္ပဏီတစ်ခု၏ အသားတင်ပိုင်ဆိုင်မှုများနှင့် လုပ်ငန်းဆောင်ရွက်မှု အသားတင်ရလဒ်များကို ခွဲဝေ၍ပေးရသော အပိုင်းဖြစ်သည်။ ၎င်းတို့ကို ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းပေါင်းချုပ်တွင် ပါဝင်သော ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းပေါင်းချုပ်နှင့် အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်းပေါင်းချုပ်တို့တွင် ခွဲခြားဖော်ပြသည်။ ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း (Comprehensive income) မှာ ထိန်းချုပ်နိုင်ခြင်းမရှိသော အကျိုးစီးပွားသည် လိုငွေလက်ကျန် ဖြစ်နေသည့်တိုင်အောင် သက်ဆိုင်ရာ လက်အောက်ခံကုမ္ပဏီတစ်ခုတွင် ယင်းတို့၏ သက်ဆိုင်ရာ အကျိုးစီးပွား (Interests) ပေါ် အခြေခံသော ထိန်းချုပ်နိုင်မှုမရှိသော အကျိုးစီးပွားကြောင့် ဖြစ်ပေါ်လာသည့် ငွေများ ဖြစ်ပါသည်။

(ခ) တွဲဖက်ကုမ္ပဏီများ

တွဲဖက်ကုမ္ပဏီများမှာ ကုမ္ပဏီအုပ်စုက ၎င်းတို့အပေါ် သိသာထင်ရှားသော ဩဇာသက်ရောက်မှုရှိသော်လည်း ထိန်းချုပ်နိုင်မှုမရှိသောအဖွဲ့အစည်းများ ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ရှယ်ယာတစ်စုပိုင်ဆိုင်မှုအရေအတွက် ၂၀% နှင့် ၅၀% ထက်မပိုသော မဲပေးခွင့်ရှိသည့်အဖွဲ့အစည်းများ ဖြစ်ပါသည်။ တွဲဖက်ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုများကို Equity နည်းဖြင့် စာရင်းဖော်ပြပြီး တန်ဖိုးကျဆုံးရှုံးမှုများကို နှုတ်၍ ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်တွင် စာရင်း ဖော်ဆောင်ပါသည်။

(ဂ) Equity နည်းဖြင့် စာရင်းရေးဆွဲခြင်း

Equity နည်းဖြင့်စာရင်းရေးဆွဲရာတွင် တွဲဖက်ကုမ္ပဏီများတွင် ကနဦးရင်းနှီးမြှုပ်နှံမှုပြုပြီး နောက်ပိုင်းပေါ်ပေါက်လာသော အရှုံး၊ အမြတ်ဝေစုကို အရှုံး၊ အမြတ်စာရင်းတွင် ဖော်ဆောင်ပြီး ၎င်းကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု နောက်ပိုင်းကာလ အခြားအလုံးစုံပါဝင်သောဝင်ငွေကို အခြားအလုံးစုံပါဝင်သောဝင်ငွေတွင် စာရင်းဖော်ဆောင်ပါသည်။ ထိုရင်းနှီးမြှုပ်နှံမှု နောက်ပိုင်းကာလ ဆောင်ရွက်မှုများနှင့် တွဲဖက်ကုမ္ပဏီများထံမှ ခွဲဝေရရှိမှုများကို ရင်းနှီးမြှုပ်နှံမှုများ၏ သယ်ဆောင်တန်ဖိုး (Carrying amount) တွင် စာရင်းညှိနှိုင်းပါသည်။ အခြားမည်သည့် လက်ငင်း မဟုတ်သော အကာအကွယ်မဲ့ ရပိုင်ခွင့်များအပါအဝင် တွဲဖက်ကုမ္ပဏီတစ်ခုတွင် ကုမ္ပဏီအုပ်စု၏ အရှုံးဝေစုသည် တွဲဖက်ကုမ္ပဏီရှိ ၎င်း၏ပိုင်ဆိုင်မှုနှင့် တူညီသောအခါ (သို့မဟုတ်) ကျော်လွန်သောအခါ ကုမ္ပဏီအုပ်စုသည် ပေးရန်တာဝန်မရှိခဲ့လျှင် (သို့မဟုတ်) တွဲဖက်ကုမ္ပဏီ၏ ကိုယ်စားပေးချေမှု မပြုလုပ်ခဲ့လျှင် နောက်ထပ်အရှုံးများကို စာရင်းရေးသွင်းမည် မဟုတ်ပါ။

တွဲဖက်ကုမ္ပဏီများနှင့် ကုမ္ပဏီအုပ်စုအကြား စာရင်းရေးသွင်းချက်များအပေါ် (Unrealized profit) ကို တွဲဖက်ကုမ္ပဏီများတွင် ကုမ္ပဏီအုပ်စု၏ ပိုင်ဆိုင်မှုနှင့်ညီမျှသည်အထိ စာရင်းပယ်ဖျက်သည်။ လုပ်ဆောင်ချက်များသည် လွှဲပြောင်းလိုက်သော ပိုင်ဆိုင်မှုများ၏ တန်ဖိုးလျော့ကျမှုကို အထောက်အထားမပြသလျှင် (Unrealised loss) ကိုလည်း စာရင်းပယ်ဖျက်ပါသည်။ လက်အောက်ခံကုမ္ပဏီများ၏ စာရင်းရေးဆွဲခြင်းဆိုင်ရာမူဝါဒများကို ကုမ္ပဏီအုပ်စုက လက်ခံကျင့်သုံးသော မူဝါဒများနှင့် တသမတ်တည်းဖြစ်စေရန် လိုအပ်ပါက ပြုပြင်ပြောင်းလဲထားပါသည်။

(၂.၄) တွဲဖက်ကုမ္ပဏီတွင်ရင်းနှီးမြှုပ်နှံမှု

တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှုကို Equity နည်းဖြင့် လုပ်ဆောင်မှုဈေးနှုန်း (လုပ်ဆောင်မှုကုန်ကျစရိတ် အပါအဝင်) ဖြင့် ကနဦး စာရင်းရေးသွင်းပါသည်။ ဝယ်ယူပြီးသည့်နေ့ နောက်ပိုင်းတွင် သယ်ဆောင်လာသည့် ငွေပမာဏကို အတိုးအလျော့ပြုလုပ်ပြီး ရင်းနှီးမြှုပ်နှံသူ၏ အရှုံးအမြတ်ဝေစုကို စာရင်းတင်ပါသည်။

ရင်းနှီးမြှုပ်နှံသူ၏ အရှုံး၊ အမြတ်ဝေစုကို ရင်းနှီးမြှုပ်နှံသူ၏ အရှုံး၊ အမြတ်စာရင်းတွင် စာရင်းရေးသွင်းပါသည်။ ရင်းနှီးမြှုပ်နှံထားသည့်အဖွဲ့အစည်းမှ ခွဲဝေရရှိမှုများသည် ရင်းနှီးမြှုပ်နှံမှု၏ သယ်ယူလာသည့်ငွေပမာဏ (လက်ကျန်) ကိုလျော့ကျစေပါသည်။

(၂.၅) ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းကို ငှားရမ်းခရရန် (သို့မဟုတ်) တန်ဖိုးတိုးလာရန် (သို့မဟုတ်) နှစ်ခုလုံးအတွက် လက်ဝယ်ကိုင်ဆောင်ထားခြင်းဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများကို ကနဦးစာရင်းသွင်းရာတွင် မူရင်းတန်ဖိုးဖြင့်သာ ရေးသွင်း၍ နောက်ပိုင်းကာလများတွင် မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် ပစ္စည်း၏ တန်ဖိုးကျ၍ဆုံးရှုံးငွေပမာဏ စုစုပေါင်းကို နှုတ်၍ စာရင်းသယ်ဆောင်သည်။ တန်ဖိုးလျော့ကို ခွဲဝေရာတွင် တန်ဖိုးလျှော့ရမည့် သင့်ငွေပမာဏ၏ ခန့်မှန်းအသုံးဝင်မှုသက်တမ်း နှစ်ငါးဆယ်အပေါ်တွင် မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်ထားပါသည်။

အကြွင်းတန်ဖိုး၊ အသုံးဝင်သက်တမ်းနှင့် ရင်းနှီးမြှုပ်နှံမှု ပစ္စည်းများ၏ တန်ဖိုးလျော့နည်းစနစ်ကို လက်ကျန်ရှင်းတမ်းရက်စွဲတွင် ပြန်လည်သုံးသပ်ပြီး သင့်လျော်သလို ညှိနှိုင်းပါသည်။ ပြောင်းလဲမှုများဖြစ်ပေါ်လာပါက ပြင်ဆင်ချက်တိုင်း၏ အကျိုးသက်ရောက်မှုသည် အရှုံး၊ အမြတ်ထဲတွင် ပါဝင်သည်။

(၂.၆) ပုံသေပိုင်ပစ္စည်း

ပုံသေပိုင်ပစ္စည်းများကို မူရင်းတန်ဖိုးမှ စုစုပေါင်းတန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ ဆုံးရှုံးငွေပမာဏတို့ကို နှုတ်၍ ဖော်ပြထားပါသည်။ ပစ္စည်း၏ ကုန်ကျစရိတ်တွင် စီမံခန့်ခွဲသူ၏ ရည်ရွယ်ထားသည့် နေရာဒေသနှင့် အခြေအနေသို့ ရောက်ရှိအောင် ပြုလုပ်ခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော အသုံးစရိတ်များအားလုံးပါဝင်သည်။

နောက်ဆက်တွဲကုန်ကျစရိတ်များကို စာရင်းရေးသွင်းရာတွင် ပစ္စည်း၏ကုန်ကျစရိတ်ကို တိတိကျကျ တိုင်းတာနိုင်သောအခါနှင့် ပစ္စည်းနှင့်သက်ဆိုင်သော အနာဂတ်စီးပွားရေးအကျိုးကျေးဇူးများ ကုမ္ပဏီအတွင်းသို့ စီးဝင်လာနိုင်ဖွယ်ရှိသောအခါတို့တွင်သာလျှင် အသားတင်သင့်ငွေပမာဏ (သို့မဟုတ်) သီးခြားရပိုင်ခွင့်အနေဖြင့် စာရင်းဖော်ဆောင်ပါသည်။

အစားထိုးလဲလှယ်လိုက်သော ပစ္စည်းအစိတ်အပိုင်း၏ အရင်းအရတန်ဖိုးငွေကို ပယ်ဖျက်ပေးရပါမည်။ အခြားပြင်ဆင်စရိတ်နှင့် ပြုပြင်ထိန်းသိမ်းရေးစရိတ်များအားလုံးကို သက်ဆိုင်ရာကာလ၏ အရှုံး၊ အမြတ်တွင် ကျခံရပါသည်။

ဆောက်လုပ်ရေးလုပ်ငန်း စတင်ချိန်တွင်ရှိသော ပုံသေပိုင်ပစ္စည်း၏ တန်ဖိုးလျော့ကိုတွက်ချက်ရာတွင် ၎င်းပစ္စည်း၏ အကြွင်းတန်ဖိုး နှုတ်ပြီးသားတန်ဖိုးနှင့် ခန့်မှန်းအသုံးဝင်မှုသက်တမ်းပေါ်တွင် မူတည်၍ မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်ထားပါသည်။ ခန့်မှန်းအသုံးဝင်မှုအပေါ် အခြေပြုတန်ဖိုးလျော့ရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | |
|---|---|
| ငှားရမ်းထားသောမြေ | ၂.၁၉% |
| စက်ရုံ | ၅% |
| မီးအားမြင့်စက် | ၂.၁၇% |
| အဆောက်အဦ | ၂% - ၂.၁၇% |
| စွန့်ပစ်ပစ္စည်းသိုလှောင်သည့် အဆောက်အဦ | ၅% |
| စက်နှင့် စက်ပစ္စည်းများ | ၂၀% |
| ယာဉ်နှင့် ယာဉ်ပစ္စည်းများ | ၂၀% |
| ကွန်ပျူတာနှင့် စက်ပစ္စည်းများ | ၂၀% |
| ရုံးသုံးပစ္စည်းကိရိယာများ | ၁၀% - ၄၀% |
| ရုံးခန်းပြန်လည်ပြုပြင်မွမ်းမံခြင်း | ၅% - ၂၀% |

အကြွင်းတန်ဖိုးနှင့် အသုံးဝင်သက်တမ်းတို့ကို အစီရင်ခံနှစ်အဆုံးတွင် ပြန်လည်သုံးသပ်၍ သင့်တော်သော ညှိနှိုင်းမှုများကို လုပ်ဆောင်ရပါသည်။ ပြောင်းလဲမှုများ ဖြစ်ပေါ်လာသောအခါ ပြင်ဆင်ချက်တိုင်း၏ အကျိုးသက်ရောက်မှုသည် အရှုံး၊ အမြတ်ထဲတွင် ပါဝင်သည်။

ပစ္စည်း၏ အသားတင်သင့်ငွေပမာဏသည် ၎င်း၏ပြန်ရနိုင်သောခန့်မှန်းပမာဏထက် များနေပါက အသားတင်သင့်ငွေပမာဏကို ချက်ချင်းပယ်ဖျက်ပေးရပါသည်။

ထုခွဲရောင်းချခြင်း၏ အရှုံး၊ အမြတ်ကို တွက်ချက်ရာတွင် ဝင်ငွေနှင့် အသားတင်သင့်ငွေပမာဏတို့ကို နှိုင်းယှဉ်ခြင်းအားဖြင့် ဆုံးဖြတ်၍ ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းရှိ အခြားအရှုံး၊ အမြတ်များထဲတွင် စာရင်းဖော်ဆောင်ပါသည်။

## (၂.၇) ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းများ

### စာရင်းကိုင်ဆော့ဝဲ(လ်) (Accounting Software)

စာရင်းကိုင်ဆော့ဝဲ(လ်)လိုင်စင်ကို ကနဦးတွင် မူရင်းတန်ဖိုးဖြင့် စာရင်းသွင်းပြီးဝယ်ဈေး (လျှော့ပေးငွေများနှင့် ပြန်ရငွေများကိုနှုတ်ပြီးအသားတင်) ပါဝင်သော မူရင်းတန်ဖိုးနှင့် ၎င်း၏ ရည်ရွယ်ထားသော အသုံးပြုမှုအတွက် မွမ်းမံခြင်းဆိုင်ရာ တိုက်ရိုက်ကုန်ကျသော အခြားစရိတ်များကိုပါ စာရင်းသွင်းဖော်ပြပါသည်။ တိုက်ရိုက်ကုန်ကျစရိတ်များကို ဆော့ဝဲ(လ်)၏ မူရင်းတန်ဖိုးတွင် ထည့်ပေါင်းသည်။ စာရင်းကိုင်ဆော့ဝဲ(လ်)လိုင်စင် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာစရိတ်များကို ကုန်ကျသည့်အချိန်တွင် အသုံးစရိတ်အဖြစ် စာရင်းဖော်ဆောင်သည်။

စာရင်းကိုင်ဆော့ဝဲ(လ်)လိုင်စင်ကို မူရင်းတန်ဖိုးတွင် စုစုပေါင်းတန်ဖိုးလျော့နှင့် စုစုပေါင်းတန်ဖိုးကျ အရှုံးများကို နှုတ်ပယ်၍ နောက်ပိုင်းစာရင်းရေးသွင်းပါသည်။ ၎င်းစရိတ်များကို တသမတ်တည်းနည်းဖြင့် ၂၀% နှင့်ညီမျှသော ခန့်မှန်းအသုံးဝင်သက်တမ်းငါးနှစ်ပေါ်တွင် တန်ဖိုးလျော့၍ အရှုံး၊ အမြတ်စာရင်းတွင် ကျခံပါသည်။

ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်းများ၏ တန်ဖိုးလျော့ကာလနှင့် တန်ဖိုးလျော့သည့်နည်းလမ်းကို အနည်းဆုံး စာရင်းပိတ်သည့်နေ့တွင်တစ်ကြိမ် ပြန်လည်သုံးသပ်ပါသည်။ ယင်းပြောင်းလဲမှုများ၏ အကျိုးသက်ရောက်မှုများကို အရှုံးအမြတ်စာရင်းတွင် ရေးသွင်းသည်။

## (၂.၈) ဆောက်လုပ်ရေးကန်ထရိုက်များ

ဆောက်လုပ်ရေးကန်ထရိုက်တစ်ခု၏ အကျိုးရလဒ်ကို တိကျသေချာစွာ ခန့်မှန်းနိုင်ပါက ကန်ထရိုက်ဝင်ငွေနှင့် ကန်ထရိုက်ကုန်ကျစရိတ်များကို ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း ရေးဆွဲသည့်နေ့တွင် လုပ်ငန်းပြီးစီးမှုအဆင့်အလိုက် ဝင်ငွေနှင့် အသုံးစရိတ်များအနေဖြင့် အသီးသီးသတ်မှတ်ပါသည်။ ဆောက်လုပ်ရေးကန်ထရိုက်တစ်ခု၏ အကျိုးရလဒ်ကို တိကျသေချာစွာ မခန့်မှန်းနိုင်ပါက ကန်ထရိုက်ဝင်ငွေကို ပြန်လည်ရရှိနိုင်မည့် ကန်ထရိုက်အတွက် ကုန်ကျငွေပမာဏအတိုင်း စာရင်းသွင်းပါသည်။ ကန်ထရိုက်၏ စုစုပေါင်း ကုန်ကျစရိတ်များသည် ကန်ထရိုက်၏ စုစုပေါင်းပင်မငွေထက်များနိုင်ပါက ဖြစ်ပေါ်လာနိုင်သောအရှုံးကို အသုံးစရိတ်အနေဖြင့် ချက်ချင်းဖော်ပြရမည်ဖြစ်ပါသည်။

လုပ်ငန်းအပ်နှံသူက ကန်ထရိုက်၏ ပြောင်းလဲမှုများ၊ ညှိနှိုင်းမှုများကို ပဏာမအဆင့်အနေဖြင့် လက်ခံအတည်ပြုရန် အလားအလာရှိခြင်း၊ ကန်ထရိုက်အတွက် ပေးချေရမည့်ငွေများသည် ခိုင်ခိုင်မာမာ တန်ဖိုးသတ်မှတ်နိုင်ပြီး လုပ်ငန်းအပ်နှံသူထံမှ ပေးချေရန်အတွက် သဘောတူညီမည့် အလားအလာရှိပါက ကန်ထရိုက်လုပ်ငန်း ပြောင်းလဲမှုများအတွက် ပေးချေငွေများသည် ကန်ထရိုက်ဝင်ငွေတွင် ပါဝင်မည်ဖြစ်ပါသည်။

ကန်ထရိုက်၏ လုပ်ငန်းပြီးစီးမှုအဆင့်ကို ယနေ့အထိ ကုန်ကျခဲ့ပြီးသော ကန်ထရိုက်ကုန်ကျစရိတ်နှင့် စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ်တို့၏ အချိုးဖြင့် တိုင်းတာပါသည်။ လုပ်ငန်းပြီးစီးမှုအဆင့်ကို သတ်မှတ်ချိန်တွင် ယနေ့အထိ ကုန်ကျခဲ့ပြီးသော ကန်ထရိုက်ကုန်ကျစရိတ်ထဲမှ ဘဏ္ဍာရေးနှစ်အတွင်း ကန်ထရိုက်အတွက် အနာဂတ်လုပ်ဆောင်ချက်များအတွက် ကျခံခဲ့သော စရိတ်များကို ဖယ်ထုတ်ရပါမည်။ လုပ်ငန်းအပ်နှံသူထံမှ ကန်ထရိုက် ကုန်ကျစရိတ်များ ပြန်လည်ရရှိနိုင်ခြေ မရှိသောအခြေအနေ မဟုတ်ပါက ထိုကုန်ကျစရိတ်များကို ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်း၏ ဆောက်လုပ်ဆဲ ဆောက်လုပ်ရေးကန်ထရိုက်တွင် ဖော်ပြပါသည်။ လုပ်ငန်းအပ်နှံသူထံမှ ကုန်ကျစရိတ်များ ပြန်လည်ရရှိနိုင်ခြေ မရှိသောအခြေအနေတွင် ထိုကုန်ကျစရိတ်ကို ချက်ချင်း အသုံးစရိတ်အဖြစ် စာရင်းရေးသွင်းရမည်။

ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း ရေးဆွဲသည့်နေ့ရက်တွင် ကန်ထရိုက်အသီးသီး၏ ကျခံခဲ့ပြီးသော စုစုပေါင်းကုန်ကျငွေနှင့် အသိအမှတ်ပြု အမြတ် (အသိအမှတ်ပြု အရှုံး) တို့ပေါင်းခြင်း/ နှုတ်ခြင်းကို ပြီးစီးမှုအတွက် ငွေတောင်းခံခြင်းနှင့် နှိုင်းယှဉ်ပါသည်။ ထိုစုစုပေါင်းကုန်ကျငွေနှင့် အသိအမှတ်ပြုအမြတ် (အသိအမှတ်ပြု အရှုံး) တို့ပေါင်းခြင်း/ နှုတ်ခြင်းသည် ပြီးစီးမှုအတွက် ငွေတောင်းခံခြင်းထက် များနေပါက ကုန်သွယ်မှုနှင့် အခြားရရန်ရှိများတွင် ကန်ထရိုက်လုပ်ငန်းအပ်နှံသူထံမှ ရရန်ရှိအနေဖြင့် ဖော်ပြပါသည်။ ထိုပြီးစီးမှုအတွက် ငွေတောင်းခံခြင်းသည် စုစုပေါင်းကုန်ကျငွေနှင့် အသိအမှတ်ပြု အမြတ် (အသိအမှတ်ပြု အရှုံး) တို့ ပေါင်းခြင်း/ နှုတ်ခြင်းထက် များနေပါက ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများတွင် ကန်ထရိုက်လုပ်ငန်းအပ်နှံသူထံသို့ ပေးရန်ရှိအနေဖြင့် ဖော်ပြပါသည်။

ပြီးစီးမှုအတွက် ငွေတောင်းခံခြင်းကို လုပ်ငန်းအပ်နှံသူမှ မပေးသွင်းသေးသောငွေနှင့် လုပ်ငန်းအပ်နှံသူ၏ အာမခံအဖြစ်ထိန်းထားငွေတို့သည် ကုန်သွယ်မှုနှင့် အခြားရရန်ရှိများတွင် ပါဝင်ပါသည်။ ကြိုတင်ရငွေများသည် ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများတွင် ပါဝင်သည်။

(၂.၉) ကုန်လက်ကျန်များ

ကုန်လက်ကျန်များကို ကုန်ကျစရိတ်နှင့် ရောင်းချလျှင်ရနိုင်မည့် အသားတင်ကုန်ရောင်းရငွေတို့အနက် နည်းရာပမာဏဖြင့် တန်ဖိုးသင့်ရန် ဖြစ်ပါသည်။ ကုန်ကျစရိတ်တွင် မြေယာပြုပြင်ကုန်ကျစရိတ်၊ အခြေခံအဆောက်အဦများဖွံ့ဖြိုးတိုးတက်မှု ကုန်ကျစရိတ်၊ တိုက်ရိုက်အလုပ်သမားနှင့် အခြားတိုက်ရိုက်ကုန်ကျစရိတ်များ ပါဝင်သည်။ အသားတင်ရောင်းရငွေ ဆိုသည်မှာ သာမန်စီးပွားရေးလုပ်ငန်းတစ်ခုတွင် ပြီးဆုံးမှုအတွက် ခန့်မှန်းကုန်ကျစရိတ်နှင့် ပုံသေမဟုတ်သော အရောင်းကုန်ကျစရိတ်တို့ကို နှုတ်ပြီးကျန်ရှိမည့် ခန့်မှန်းရောင်းဈေးဖြစ်ပါသည်။

(၂.၁၀) ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ

ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များတွင် လက်ဝယ်ရှိ ငွေသားလက်ကျန်နှင့် ဘဏ်ရှိငွေလက်ကျန်များ ပါဝင်ပါသည်။

(၂.၁၁) ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ

ကုန်သွယ်မှုနှင့် အခြားရရန်ရှိများကို ကနဦးတွင် မျှတသောတန်ဖိုး (fair value) ဖြင့် စာရင်းရေးသွင်းပြီးနောက် effective interest method ကိုအသုံးပြု၍ နောက်ပိုင်းနှစ်တွင် လျှော့ချပြီးတန်ဖိုးမှ ပျက်စီးဆုံးရှုံးမှုအတွက် လျာထားသောတန်ဖိုးကို နှုတ်၍ စာရင်းသယ်ဆောင်ပါသည်။ ပြန်၍မရနိုင်သော ခန့်မှန်းပမာဏအတွက် သင့်လျော်သော ခွင့်ပြုချက်ဖြင့် ကုန်သွယ်မှုနှင့် အခြားရရန်ရှိများတွင် လျှော့ချရပါသည်။

(၂.၁၂) ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ

ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများကို ကနဦးတွင် မျှတသောတန်ဖိုး (fair value) ဖြင့် စာရင်းရေးသွင်းပြီးနောက် effective interest method ကိုအသုံးပြု၍ နောက်ပိုင်းကာလတွင် လျှော့ချပြီးတန်ဖိုးဖြင့် စာရင်းသယ်ဆောင်သည်။

(၂.၁၃) ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ

သာမန်အစုရှယ်ယာများကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များအဖြစ် အမျိုးအစားသတ်မှတ်ထားပါသည်။ သာမန်အစုရှယ်ယာ ထုတ်ပေးခြင်းနှင့် တိုက်ရိုက်သက်ဆိုင်သော စရိတ်များကို အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များမှ နှုတ်၍ စာရင်းဖော်ဆောင်ပါသည်။ ကျသင့်အခွန်မှန်သမျှ နှုတ်ပြီးသော အသားတင်ဖြစ်ပါသည်။

(၂.၁၄) အမြတ်ဝေစုများ

ကုမ္ပဏီအစုရှယ်ယာရှင်များသို့ အမြတ်ဝေစုများပေးရန် သဘောတူခွင့်ပြုပြီးသည့်အခါမှသာ အမြတ်ဝေစုများကို စာရင်းရေးသွင်းသည်။

(၂.၁၅) ဝန်ထမ်းအကျိုးအမြတ်စရိတ်များ

ဝန်ထမ်းအကျိုးအမြတ်စရိတ်များဆိုသည်မှာ ဝန်ထမ်းများက ဝန်ဆောင်မှုလုပ်ဆောင်ခြင်းအတွက် ကုမ္ပဏီက ပေးရသော တန်ကြေးအမျိုးမျိုးဖြစ်ပါသည်။ ဝန်ထမ်းအကျိုးအမြတ်စရိတ်များကို ဝန်ထမ်းက ယင်းအကျိုးခံစားခွင့်များရရှိသည့် ကာလအတွင်း ပေးရန်ရှိအဖြစ် စာရင်းဖော်ဆောင်သည်။ ကုန်လွန်ခဲ့ပြီးသောကာလအတွက် ဝန်ဆောင်စရိတ်များကို အရှုံးအမြတ်စာရင်းတွင် ချက်ချင်းစာရင်းရေးသွင်းပါသည်။

(၂.၁၆) လျာထားငွေများ

ကုမ္ပဏီသည် အတိတ်ကာလအဖြစ်အပျက်များ၏ အကျိုးရလဒ်အတွက် လက်ရှိတွင်ဥပဒေအရ တာဝန်ရှိသော (သို့မဟုတ်) အပြုသဘောဆောင်၍ ပေးရန်တာဝန်ရှိငွေများကို လျာထားငွေများအဖြစ် စာရင်းသွင်းပါသည်။ ပေးရန်တာဝန်ရှိသောငွေများကို ပေးချေရန်အတွက် လုပ်ငန်း၏အရင်းအမြစ်များ စီးထွက်ရန်အလားအလာရှိပြီး ပေးချေရမည့်ပမာဏကို တိကျသေချာစွာ ခန့်မှန်းနိုင်ရမည်။ အနာဂတ်လုပ်ငန်း၏ဆောင်ရွက်ချက် ဆုံးရှုံးမှုများကို လျာထားငွေများအဖြစ် မသတ်မှတ်ပါ။

(၂.၁၇) ဝင်ငွေ

လုပ်ဆောင်ချက်နှင့် ဆက်စပ်နေသော စီးပွားရေး အကျိုးအမြတ်များ ကုမ္ပဏီထံသို့ စီးဝင်ရန် အလားအလာရှိသည့်အခါမှသာ ဝင်ငွေကို စာရင်းဖော်ဆောင်သည်။ ဝင်ငွေကို ကုန်သွယ်လုပ်ငန်းခွန် နှုတ်ပြီးနောက် အသားတင်အရောင်းပေါ်တွင် ဖော်ပြသည်။

(က) ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်း
ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းမှ ရရှိသော ဝင်ငွေကို ဝန်ဆောင်မှုထောက်ပံ့ပေးပြီးသော အချိန်မှသာ စာရင်းဖော်ဆောင်ပါသည်။ ၎င်းနှင့် ဆက်စပ်သော စရိတ်များအား အဆိုပါစရိတ်ဖြစ်ပေါ်သည့်အချိန်တွင် အရှုံး၊ အမြတ်စာရင်းနှင့် ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းတွင် စာရင်းဖော်ဆောင်ပါသည်။

(ခ) မြေနှင့် အဆောက်အဦရောင်းခြင်း
ကုန်ရောင်းခြင်းမှ ရရှိသောဝင်ငွေကို ကုန်ပစ္စည်းကို လွှဲအပ်ပြီး ဝယ်ယူသူက လက်ခံရရှိပြီးနောက်တွင် စာရင်းဖော်ဆောင်ပါသည်။

(ဂ) အတိုးဝင်ငွေ

ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းများတွင် အပ်နှံငွေများမှ အတိုးရရန်သေချာမှသာ အတိုးရငွေများကို စာရင်းဖော်ဆောင်ပါသည်။

(ဃ) အမြတ်ဝေစု

အမြတ်ဝေစုကို ရပိုင်ခွင့်ပေါ်ပေါက်သည့်အခါ စာရင်းဖော်ဆောင်ပါသည်။

(င) ဆောက်လုပ်ရေး ကန်ထရိုက်များမှ ဝင်ငွေ

စာရင်းဆိုင်ရာမူဝါဒများ၏ ဆောက်လုပ်ရေး ကန်ထရိုက်များစာပိုဒ်တွင် ဆောက်လုပ်ရေး ကန်ထရိုက်များမှ ဝင်ငွေများကို ဖော်ပြထားပါသည်။

(စ) ငှားရမ်းခဝင်ငွေ

ငှားရမ်းသည့်သက်တမ်းပေါ်တွင် မူတည်၍ မျဉ်းဖြောင့်နည်းဖြင့် တွက်ချက်ရရှိသည့် ဝင်ငွေများကို စာရင်းဖော်ဆောင်ပါသည်။

(၂.၁၈) ဝင်ငွေခွန်များ

လက်ရှိကာလအတွက် ဝင်ငွေခွန်ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို အခွန်ဌာနသို့ ပေးချေရမည့်ပမာဏ သို့မဟုတ် အခွန်ဌာနမှ ပြန်လည်အမ်းရန်ရှိသည့်ပမာဏဖြင့် တိုင်းတာပါသည်။ လက်ရှိကာလ၏ ဝင်ငွေခွန်ကို အစီရင်ခံကာလတွင် ပြဋ္ဌာန်းထားသောအခွန်နှုန်းများ၊ အခွန်ဥပဒေများနှင့်အညီ တွက်ချက်ထားပါသည်။ လက်ရှိကာလ၏ ဝင်ငွေခွန်ကို အရှုံး၊ အမြတ်တွင် စာရင်းဖော်ဆောင်ပါသည်။

ရွှေ့ဆိုင်းထားသောအခွန် (Deferred tax) သည် ဘဏ္ဍာရေးရှင်းတမ်းများရှိ ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၏ သယ်ဆောင်တန်ဖိုးများ (carrying amount) နှင့် သက်ဆိုင်ရာ အခွန်ဥပဒေအရ တွက်ချက်ရရှိသောအမြတ် (taxable profit) တို့၏ အကြား ကွဲပြားခြားနားခြင်း ပမာဏကို စာရင်းရေးသွင်းပါသည်။ ရွှေ့ဆိုင်းထားသောအခွန်သည် ကာလအတွင်း၌ ပေးရန်တာဝန်များကို ပေးချေခြင်း သို့မဟုတ် ရပိုင်ခွင့်များ အမှန်တကယ်ရရှိချိန်တွင် အခွန်နှုန်း သို့မဟုတ် အစီရင်ခံကာလအဆုံးတွင် ရှိမည့် အခွန်နှုန်းပေါ်တွင် တွက်ချက်ပါသည်။ ရွှေ့ဆိုင်းထားသောအခွန်ကို အရှုံးအမြတ်စာရင်း မဟုတ်သော (အခြားဝင်ငွေအလုံးစုံသို့ဖြစ်စေ၊ ရင်းနှီးငွေသို့တိုက်ရိုက်ဖြစ်စေ) စာရင်းသွင်းသည့် အကြောင်းအရာများမှတစ်ပါး အရှုံးအမြတ်စာရင်းတွင် အသုံးစရိတ် သို့မဟုတ် ဝင်ငွေအဖြစ် စာရင်းသွင်းပါသည်။ အရှုံးအမြတ်စာရင်း မဟုတ်သော (အခြားဝင်ငွေအလုံးစုံသို့ဖြစ်စေ၊ ရင်းနှီးငွေသို့တိုက်ရိုက်ဖြစ်စေ) စာရင်းသွင်းသည့် အကြောင်းအရာများအတွက် ရွှေ့ဆိုင်းထားသောအခွန်ကို အရှုံးအမြတ်စာရင်းမဟုတ်သော (အခြားဝင်ငွေအလုံးစုံသို့ ဖြစ်စေ၊ ရင်းနှီးငွေသို့ တိုက်ရိုက် ဖြစ်စေ) တွင်စာရင်းသွင်းပါသည်။

## ၃။ အရေးပါသော စာရင်းပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် ခန့်မှန်းချက်များ

မြန်မာနိုင်ငံ ဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရာတွင် စီမံခန့်ခွဲရေးတွင် တာဝန်ရှိသူများသည် စာရင်းဆိုင်ရာမူဝါဒများနှင့် အစီရင်ခံစာပါရပိုင်ခွင့်များ ပေးရန်တာဝန်များ၊ ဝင်ငွေနှင့်

အသုံးစရိတ်များကို အကျိုးသက်ရောက်စေသော ခန့်မှန်းခြေများနှင့် ယူဆချက်များကို ပြုလုပ်ရပါသည်။ အမှန်တကယ်ရလဒ်များသည် ထိုခန့်မှန်းချက်များနှင့် ကွဲလွဲကောင်း ကွဲလွဲနိုင်ပါသည်။

ခန့်မှန်းခြေများနှင့် ယူဆချက်များကို စဉ်ဆက်မပြတ် ပြန်လည်စိစစ်ပါသည်။ စာရင်းဆိုင်ရာခန့်မှန်းချက်များ ပြန်လည်စိစစ်ခြင်းများကို ယင်းသို့ပြန်လည်စိစစ်သည့်ကာလနှင့် အကျိုးသက်ရောက်မှုရှိသော အနာဂတ်ကာလများတွင် စာရင်းဖော်ဆောင်ပါသည်။

အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်မှု ကုန်ကျစရိတ်

မြေနှင့်ပတ်သက်သော အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး ကုန်ကျစရိတ်များကို ဆောက်လုပ်ရေးကာလ အတွင်းတွင် ကုန်လက်ကျန်အဖြစ် စာရင်းဖော်ဆောင်သည်။ ထိုမြေဖွံ့ဖြိုးတိုးတက်မှုများကို ဝင်ငွေအဖြစ် အချိုးကျ ခွဲဝေ၍ ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းတွင် စာရင်းဖော်ဆောင်ပါသည်။

အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးကုန်ကျစရိတ်များတွင် ရရှိခဲ့ပြီးသော ကန်ထရိုက်များနှင့် အနာဂတ် ကန်ထရိုက်များ၏ ခန့်မှန်းတွက်ချက်ခြင်းတို့ ပါဝင်ပါသည်။ စုစုပေါင်းကုန်ကျစရိတ်ကို ကျွမ်းကျင်သော ကြီးကြပ် စစ်ဆေးသူ တတိယလူမှ ခန့်မှန်းခြင်းနှင့် ကာလအပိုင်းအခြားအလိုက် အတွင်းကျကျ ပြန်လည်အတည်ပြုခြင်းကို လုပ်ဆောင်ပါသည်။

ဖွံ့ဖြိုးတိုးတက်မှုကုန်ကျစရိတ်၏ နောက်ဆုံးပေးချေမှုနှင့် မြေယာနှင့်သက်ဆိုင်သော အခြားကုန်ကျစရိတ်တို့သည် စီမံခန့်ခွဲသူ၏ အကောင်းဆုံးခန့်မှန်းမှုပေါ်တွင် မူတည်ပါသည်။ ထိုနောက်ဆုံးပေးချေမှုနှင့် မြေယာနှင့်သက်ဆိုင်သော အခြားကုန်ကျစရိတ်တို့သည် ကနဦးခန့်မှန်းမှုနှင့် ကွာခြားနေပါက ၎င်းဖွံ့ဖြိုးတိုးတက်မှုကုန်ကျစရိတ်နှင့် အခြား ကုန်ကျစရိတ် အတိုးအလျော့တိုင်းသည် လာမည့်နှစ်များ၏ အရှုံး၊ အမြတ်ပေါ်တွင် သက်ရောက်မှုရှိလိမ့်မည်။

---

၄။ **Financial risk management**

ကုမ္ပဏီအုပ်စုသည် ကုမ္ပဏီ၏ risk မူဝါဒအရ အုပ်စု၏ Financial risk များကို စီမံခန့်ခွဲနေစဉ်အတွင်း လုပ်ငန်း ဖွံ့ဖြိုးရေးအတွက်လိုလောက်သော ဘဏ္ဍာရေးအရင်းအမြစ်များရရှိနိုင်မှုကို သေချာစေရန် ကြိုးပမ်းပါသည်။ ကုမ္ပဏီအုပ်စုမှ ရင်ဆိုင်နေရသော အဓိကဘဏ္ဍာရေး Risk နယ်ပယ်များနှင့် ငွေကြေးဆိုင်ရာ လုပ်ဆောင်ချက်နှင့် သက်ဆိုင်သောမူဝါဒမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

Foreign exchange risk

ကုမ္ပဏီအုပ်စုသည် မိမိ၏လုပ်ငန်းလုပ်ဆောင်သော ငွေကြေးဖြင့်မဟုတ်ဘဲ နိုင်ငံခြားငွေကြေးဖြင့် စာရင်းသွင်း ထားသော ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များအတွက် Foreign exchange risk ကိုရင်ဆိုင်ရပါသည်။ သို့သော် ကုမ္ပဏီအုပ်စုသည် Foreign exchange risk နှင့် ရင်ဆိုင်မှုအတွက် အကာအကွယ်ပြုလုပ်မထားပါ။ ထို risk မှာ ပြောပလောက်အောင် အရေးမပါဟု မျှော်မှန်းထားခြင်းကြောင့် ဖြစ်ပါသည်။

Credit risk

စာရင်းတင်ထားသည့် ဘဏ္ဍာရေးရပိုင်ခွင့်များနှင့် ဆက်နွယ်သည့်အများဆုံး credit risk မှာ လက်ကျန်ရှင်းတမ်းတွင် ဖော်ပြထားသည့် ငွေပမာဏ (carrying amount) ဖြစ်ပါသည်။ သို့သော် ကုမ္ပဏီအုပ်စုက ယင်း risk ကို အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန် မူဝါဒများချမှတ်ထားပြီး ဖြစ်ပါသည်။

Market risk

ကုမ္ပဏီအုပ်စုသည် market risk နှင့် ကြုံတွေ့ရခြင်း မရှိပါ။

Liquidity and cash flow risks

ငွေသားစီးဆင်းမှု အတက်အကျ၏ အကျိုးသက်ရောက်မှုကို လျှော့နည်းစေရန်နှင့် လုပ်ငန်းအတွက် လိုအပ်သည့် ငွေကြေး ထောက်ပံ့နိုင်ရန် ဒါရိုက်တာများမှ လုံလောက်မှုရှိသည်ဟု ယူဆသော လက်ကျန်ငွေများကို ကုမ္ပဏီအုပ်စုမှ စောင့်ကြည့်ထိန်းသိမ်းထားရှိပါသည်။

---

၅။ **Capital management**

ကုမ္ပဏီအုပ်စုသည် ငွေကြေးစီမံခန့်ခွဲရာတွင်ထားရှိသော ရည်ရွယ်ချက်များမှာ လုံလောက်သော လုပ်ငန်းလည်ပတ်ငွေကို ကာကွယ်ထိန်းသိမ်းနိုင်ပြီး လုပ်ငန်းစဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်နိုင်ရန် ဖြစ်ပါသည်။

## ၆။ ပုံသေပိုင်ပစ္စည်း

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ငှားရမ်းထားသောမြေ | စက်ရုံ | မီးအားမြင့်စက် | အဆောက်အဦ | စွန့်ပစ်ပစ္စည်းသိုလှောင်ကန် | စက်နှင့်စက်ပစ္စည်းများ | မော်တော်ယာဉ် | ကွန်ပျူတာနှင့်စက်ပစ္စည်းများ | ပရိဘောဂနှင့်ကိရိယာများ | ရုံးခန်းပြန်လည်ပြုပြင်မွမ်းမံခြင်း | တည်ဆောက်ဆဲပစ္စည်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| **မူရင်းတန်ဖိုး** | | | | | | | | | | | | |
| ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၄၀၄,၃၆၇ | ၁,၃၂၀,၅၁၂ | ၂၇၀,၅၅၇ | ၁,၁၄၃,၉၄၀ | ၄,၃၄၂ | ၈၁,၄၉၉ | ၄၂၃,၅၂၃ | ၁၀၈,၅၉၉ | ၄၂၅,၆၆၀ | ၁၉၁,၆၉၁ | ၂၇၆,၉၄၃ | ၄,၆၅၁,၆၃၃ |
| အသစ်ဝယ်ခြင်း | - | - | - | - | - | ၂,၂၀၉ | ၆၈၀ | ၁၂,၀၉၆ | ၁၁,၀၂၁ | ၅၈,၀၉၃ | ၁၂၇,၇၂၈ | ၂၁၁,၈၂၇ |
| စာရင်းခေါင်းစဉ်ပြန်လည်ခွဲခြင်း | - | - | - | - | - | - | - | - | ၁၀၃,၃၂၇ | ၃၀၁,၃၄၄ | (၄၀၄,၆၇၁) | - |
| ပုံသေပိုင်ပစ္စည်း ရောင်းချခြင်း | - | - | - | - | - | (၁၅,၇၀၁) | - | (၆,၂၈၄) | - | - | - | (၂၁,၉၈၅) |
| ပုံသေပိုင်ပစ္စည်းပယ်ဖျက်ခြင်း (မှတ်စု ၂၃) | - | - | - | - | - | (၁၃၂) | (၁,၁၉၀) | (၃,၀၅၇) | (၃၆၀) | (၁,၇၈၁) | - | (၆,၅၂၀) |
| ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် နေ့ရှိ စာရင်းပိတ်လက်ကျန် | ၄၀၄,၃၆၇ | ၁,၃၂၀,၅၁၂ | ၂၇၀,၅၅၇ | ၁,၁၄၃,၉၄၀ | ၄,၃၄၂ | ၆၇,၈၇၅ | ၄၂၃,၀၁၃ | ၁၁၁,၃၅၄ | ၅၃၉,၆၄၈ | ၅၄၉,၃၄၇ | - | ၄,၈၃၄,၉၅၅ |
| **စုစုပေါင်း တန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ဆုံးရှုံးမှု** | | | | | | | | | | | | |
| ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့ | (၁၈,၄၁၄) | (၁၈၀,၅၄၃) | (၁၄,၆၅၀) | (၃၃,၄၃၈) | (၃၉၈) | (၅၀,၃၅၅) | (၃၂၁,၃၄၃) | (၆၅,၆၂၆) | (၂၈၂,၂၂၉) | (၁၅၇,၃၉၉) | - | (၁,၁၂၄,၃၉၅) |
| တန်ဖိုးလျော့ (မှတ်စု ၂၃) | (၈,၈၃၉) | (၆၆,၀၂၆) | (၅,၈၆၀) | (၂၃,၂၄၂) | (၂၁၇) | (၇,၂၅၆) | (၃၇,၁၃၈) | (၁၅,၃၂၆) | (၇၁,၂၇၁) | (၂၆,၈၂၄) | - | (၂၆၂,၀၀၃) |
| ပုံသေပိုင်ပစ္စည်း ရောင်းချခြင်း | - | - | - | - | - | ၁၅,၃၀၂ | - | ၆,၂၈၄ | - | - | - | ၂၁,၅၈၆ |
| ပုံသေပိုင်ပစ္စည်းပယ်ဖျက်ခြင်း (မှတ်စု ၂၃) | - | - | - | - | - | ၂၂ | ၆၃၅ | ၂,၄၀၅ | ၂၈၈ | ၁,၇၇၃ | - | ၅,၁၂၃ |
| ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့ | (၂၇,၂၅၃) | (၂၄၆,၅၆၉) | (၂၀,၅၁၀) | (၅၆,၆၈၀) | (၆၁၅) | (၄၂,၂၈၇) | (၃၅၇,၈၄၆) | (၇၂,၂၆၃) | (၃၅၃,၂၁၆) | (၁၈၂,၄၅၀) | - | (၁,၃၅၉,၆၈၉) |
| **၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် နေ့ရှိ စုစုပေါင်း အသားတင်တန်ဖိုး** | ၃၇၇,၁၁၄ | ၁,၀၇၃,၉၄၃ | ၂၅၀,၀၄၇ | ၁,၀၈၇,၂၆၀ | ၃,၇၂၇ | ၂၅,၅၈၈ | ၆၅,၁၆၇ | ၃၉,၀၉၁ | ၁၈၆,၄၃၂ | ၃၆၆,၈၉၇ | - | ၃,၄၇၅,၂၆၆ |
| **မူရင်းတန်ဖိုး** | | | | | | | | | | | | |
| ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၄၀၄,၃၆၇ | ၁,၃၂၀,၅၁၂ | ၂၇၀,၅၅၇ | ၁,၁၄၃,၉၄၀ | ၄,၃၄၂ | ၈၀,၅၈၁ | ၃၂၄,၈၉၈ | ၉၂,၄၉၅ | ၄၃၀,၀၆၇ | ၂၉၀,၀၅၆ | - | ၄,၃၆၁,၈၁၅ |
| အသစ်ဝယ်ခြင်း | - | - | - | - | - | ၁,၃၆၈ | ၉၈,၆၂၅ | ၁၉,၈၉၇ | ၁၆,၆၇၉ | ၆,၁၇၆ | ၂၇၆,၉၄၃ | ၄၁၉,၆၈၈ |
| ပုံသေပိုင်ပစ္စည်း ရောင်းချခြင်း | - | - | - | - | - | - | - | (၃,၂၃၀) | (၇,၈၁၁) | (၁,၂၉၇) | - | (၁၂,၃၃၉) |
| ပုံသေပိုင်ပစ္စည်းပယ်ဖျက်ခြင်း (မှတ်စု ၂၃) | - | - | - | - | - | (၄၅၀) | - | (၅၆၂) | (၁၃,၂၇၅) | (၁၀၃,၂၄၄) | - | (၁၁၇,၅၃၁) |
| ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက် နေ့ရှိ စာရင်းပိတ်လက်ကျန် | ၄၀၄,၃၆၇ | ၁,၃၂၀,၅၁၂ | ၂၇၀,၅၅၇ | ၁,၁၄၃,၉၄၀ | ၄,၃၄၂ | ၈၁,၄၉၉ | ၄၂၃,၅၂၃ | ၁၀၈,၅၉၉ | ၄၂၅,၆၆၀ | ၁၉၁,၆၉၁ | ၂၇၆,၉၄၃ | ၄,၆၅၁,၆၃၃ |
| **စုစုပေါင်း တန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ဆုံးရှုံးမှု** | | | | | | | | | | | | |
| ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့ | (၉,၅၇၅) | (၁၁၄,၅၁၇) | (၈,၇၉၀) | (၁၀,၁၉၆) | (၁၈၁) | (၄၀,၁၂၇) | (၂၆၅,၉၂၅) | (၅၂,၅၃၃) | (၂၁၃,၇၇၃) | (၁၉၄,၇၆၁) | - | (၉၁၀,၃၇၈) |
| တန်ဖိုးလျော့ (မှတ်စု ၂၃) | (၈,၈၃၉) | (၆၆,၀၂၆) | (၅,၈၆၀) | (၂၃,၂၄၂) | (၂၁၇) | (၁၀,၄၁၁) | (၅၅,၄၁၈) | (၁၅,၆၁၀) | (၇၈,၃၈၉) | (၄၆,၇၆၇) | - | (၃၁၀,၇၇၉) |
| ပုံသေပိုင်ပစ္စည်း ရောင်းချခြင်း | - | - | - | - | - | - | - | ၂,၀၆၇ | ၅,၂၈၇ | ၉၀၈ | - | ၈,၂၆၂ |
| ပုံသေပိုင်ပစ္စည်းပယ်ဖျက်ခြင်း (မှတ်စု ၂၃) | - | - | - | - | - | ၁၈၃ | - | ၄၅၀ | ၄,၆၄၆ | ၈၃,၂၂၁ | - | ၈၈,၅၀၀ |
| ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက် နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့ | (၁၈,၄၁၄) | (၁၈၀,၅၄၃) | (၁၄,၆၅၀) | (၃၃,၄၃၈) | (၃၉၈) | (၅၀,၃၅၅) | (၃၂၁,၃၄၃) | (၆၅,၆၂၆) | (၂၈၂,၂၂၉) | (၁၅၇,၃၉၉) | - | (၁,၁၂၄,၃၉၅) |
| **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက် နေ့ရှိ စုစုပေါင်း အသားတင်တန်ဖိုး** | ၃၈၅,၉၅၃ | ၁,၁၃၉,၉၆၉ | ၂၅၅,၉၀၇ | ၁,၁၁၀,၅၀၂ | ၃,၉၄၄ | ၃၁,၁၄၄ | ၁၀၂,၁၈၀ | ၄၂,၉၇၃ | ၁၄၃,၄၃၁ | ၃၄,၂၉၂ | ၂၇၆,၉၄၃ | ၃,၅၂၇,၂၃၈ |

၇။ **ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်း**

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **ဆော့ဝဲ(လ်)** |
|---|---|
| **မူရင်းတန်ဖိုး** | |
| ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | **၁၁,၄၉၅** |
| အသစ်ဝယ်ခြင်း | **–** |
| **၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၁၁,၄၉၅** |
| **စုစုပေါင်း တန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ဆုံးရှုံးမှု** | |
| ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့ | **(၈,၃၉၉)** |
| တန်ဖိုးလျော့ (မှတ်စု ၂၃) | **(၁,၃၅၀)** |
| တန်ဖိုးကျ၍ ဆုံးရှုံးမှု | **–** |
| **၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့** | **(၉,၇၄၉)** |
| **၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ စုစုပေါင်း အသားတင်တန်ဖိုး** | **၁,၇၄၆** |
| **မူရင်းတန်ဖိုး** | |
| ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၁,၄၉၅ |
| အသစ်ဝယ်ခြင်း | – |
| **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | ၁၁,၄၉၅ |
| **စုစုပေါင်း တန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ဆုံးရှုံးမှု** | |
| ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့ | (၆,၄၂၃) |
| တန်ဖိုးလျော့ (မှတ်စု ၂၃) | (၁,၉၇၆) |
| တန်ဖိုးကျ၍ ဆုံးရှုံးမှု | – |
| **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့** | (၈,၃၉၉) |
| **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ စုစုပေါင်း အသားတင်တန်ဖိုး** | ၃,၀၉၆ |

## ၈။ တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှု

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| စာရင်းဖွင့်လက်ကျန် | **၃၇,၉၄၁,၃၇၀** | ၂၉,၂၆၈,၈၅၈ |
| နှစ်အတွင်း အချိုးကျအသားတင်အမြတ် | **၂,၅၈၁,၂၀၄** | ၈,၆၂၈,၂၈၀ |
| အမြတ်ဝေစုရငွေ | **–** | – |
| မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု | **၂၅,၃၆၅** | ၄၄,၂၃၂ |
| သယ်ဆောင်တန်ဖိုး | **၄၀,၅၄၇,၉၁၉** | ၃၇,၉၄၁,၃၇၀ |

ကုမ္ပဏီအုပ်စု၏အစီရင်ခံသည့်နှစ်အတွက် ပိုင်ဆိုင်မှုအချိုးဖြင့် တွက်ချက်သော ရင်းနှီးမြှုပ်နှံမှု (မြန်မာဂျပန်သီလဝါ ဖွံ့ဖြိုး တိုးတက်ရေး ကုမ္ပဏီလီမိတက်) မှ ခွဲဝေသော အချိုးကျအမြတ်ဝေစုမှာ ကျပ် ၂,၅၈၁,၂၀၄,၂၂၁.၆၅ (အမေရိကန်ဒေါ်လာ ၁,၃၃၉,၄၂၄.၁၂ @ ၁၉၂၇.၁)၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် အမြတ်ငွေကျပ် ၈,၆၂၈,၂၈၀,၂၇၃.၁၅ (အမေရိကန်ဒေါ်လာ ၆,၅၉၄,၀၂၃.၉ @ ၁၃၀၈.၅) ဖြစ်သည်။ ပိုင်ဆိုင်မှုအချိုးဖြင့်တွက်ချက်သော ရင်းနှီးမြှုပ်နှံမှုသည် အများပိုင်ကုမ္ပဏီမဟုတ်သောကြောင့် အများပြည်သူသို့ ကြေငြာထားသော ရောင်းဈေးမရှိပါ။

အောက်တွင် တွဲဖက်ကုမ္ပဏီ၏ ဝင်ငွေ၊အသုံးစရိတ်များနှင့် ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များကို ဖော်ပြထားသည်။

| အမေရိကန်ဒေါ်လာ (ဒေါ်လာထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| ပိုင်ဆိုင်မှု ရာခိုင်နှုန်း | **၄၁%** | ၄၁% |
| လက်ငင်းရပိုင်ခွင့်များ | **၆၉,၀၄၁** | ၆၇,၆၁၀ |
| လက်ငင်းမဟုတ်သောရပိုင်ခွင့်များ | **၁၉,၄၉၂** | ၁၉,၇၂၇ |
| **စုစုပေါင်းရပိုင်ခွင့်များ** | **၈၈,၅၃၃** | ၈၇,၃၃၇ |
| လက်ငင်းပေးရန်တာဝန်များ | **၉,၅၂၁** | ၁၁,၇၃၄ |
| လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | **၂,၁၈၉** | ၂,၀၄၇ |
| **စုစုပေါင်းပေးရန်ကာဝန်များ** | ၁၁,၇၀၁ | ၁၃,၇၈၁ |
| **အသားတင်ရပိုင်ခွင့်များ** | **၇၆,၈၂၃** | ၇၃,၅၅၆ |

| | | |
|---|---|---|
| ဝင်ငွေ | **၁၃,၄၆၅** | ၃၈,၉၈၈ |
| အသုံးစရိတ်များ | **(၁၀,၁၉၈)** | (၂၂,၉၀၄) |
| **အမြတ်** | **၃,၂၆၇** | ၁၆,၀၈၄ |
| **အမြတ်ခွဲဝေခြင်း** | **၁,၃၃၉** | ၆,၅၉၄ |

## ၉။ အခြားရင်းနှီးမြှုပ်နှံမှု (မြန်မာကျပ် ၁၀,၀၀၀,၀၀၀)

အထက်ဖော်ပြပါ ငွေပမာဏသည် ကုမ္ပဏီက မြန်မာကျောက်ဖြူ အထူးစီးပွါးရေးဇုန် ဟိုး(လ်)ဒင်း ကုမ္ပဏီအုပ်စု အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် ရင်းနှီးမြှုပ်နှံထားရှိမှု ဖြစ်ပါသည်။

၁၀။ **ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း**

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **မြေယာနှင့် အဆောက်အဦ** |
|---|---|
| **မူရင်းတန်ဖိုး** | |
| ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | **၅,၄၈၇,၅၄၈** |
| ကုန်လက်ကျန်များသို့ လွှဲပြောင်းခြင်း | **(၇၄၉,၀၁၉)** |
| ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | **၄,၇၃၈,၅၂၉** |
| **စုစုပေါင်းတန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ဆုံးရှုံးမှု** | |
| ၂၀၂၀ ပြည့်နှစ်၊အောက်တိုဘာလ (၁) ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့ | **(၄၀၀,၂၃၂)** |
| တန်ဖိုးလျော့ (မှတ်စု ၂၃) | **(၁၂၈,၉၁၁)** |
| ကုန်လက်ကျန်များသို့ လွှဲပြောင်းခြင်း | **၃၈,၆၇၅** |
| တန်ဖိုးကျ၍ ဆုံးရှုံးမှု | **-** |
| ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့ | **(၄၉၀,၄၆၈)** |
| မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု | **(၁၁၈,၉၆၈)** |
| **၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ စုစုပေါင်း အသားတင်တန်ဖိုး** | **၄,၁၂၉,၀၉၃** |
| **မူရင်းတန်ဖိုး** | |
| ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၄,၉၈၉,၅၈၂ |
| ကုန်လက်ကျန်များမှ လွှဲပြောင်းခြင်း | ၄၉၇,၉၆၆ |
| ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၅,၄၈၇,၅၄၈ |
| **စုစုပေါင်းတန်ဖိုးလျော့နှင့် တန်ဖိုးကျ၍ဆုံးရှုံးမှု** | |
| ၂၀၁၉ ခုနှစ်၊အောက်တိုဘာလ (၁) ရက်နေ့ရှိ စာရင်းဖွင့်တန်ဖိုးလျော့ | (၂၆၄,၈၉၁) |
| တန်ဖိုးလျော့ (မှတ်စု ၂၃) | (၁၃၅,၃၄၁) |
| တန်ဖိုးကျ၍ ဆုံးရှုံးမှု | - |
| ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ စာရင်းပိတ်တန်ဖိုးလျော့ | (၄၀၀,၂၃၂) |
| မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု | (၁၂၈,၈၃၈) |
| **၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ စုစုပေါင်း အသားတင်တန်ဖိုး** | ၄,၉၅၈,၄၇၈ |

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းတွင် သီလဝါအထူးစီးပွားရေးဇုန်၏ အပန်းဖြေရေးနှင့်စီးပွားရေးဆိုင်ရာ နယ်မြေဧရိယာ (R&C) ရှိ အလုပ်သမားများနေထိုင်သည့် အဆောက်အဦ (၃) လုံး ပါဝင်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲချိန်ရှိ ပစ္စည်း၏မျှတသောတန်ဖိုး (fair value) သည် တိကျသေချာမှုရှိလိမ့်မည် မဟုတ်ကြောင်း ဒါရိုက်တာများက ထင်မြင်ယူဆကြသည်။ ၎င်းထင်မြင်ယူဆချက်သည် အောက်ဖော်ပြပါ အချက်အလက်များပေါ်တွင် အခြေခံပါသည်။

၁။ သီလဝါအထူးစီးပွားရေးဇုန်တွင် အဆိုပါပစ္စည်းနှင့် အမျိုးအစားတူမရှိခြင်း၊

၂။ သီလဝါအထူးစီးပွားရေးဇုန်တွင် အဆိုပါပစ္စည်းနှင့်တူညီသော ပုံသေပိုင်ပစ္စည်းကို အရောင်းအဝယ်ပြုလုပ်ခဲ့သော သမိုင်းကြောင်းမရှိခဲ့ခြင်း နှင့်

၃။ သီလဝါအထူးစီးပွားရေးဇုန်တွင် အဆိုပါပစ္စည်းအမျိုးအစားကဲ့သို့ ပစ္စည်းများအား အရောင်းအဖြစ် စာရင်းဖော်ဆောင်မှုမရှိခဲ့ခြင်း။

ထိုအခြေအနေတွင် ဝယ်လိုသောဆန္ဒရှိသူနှင့် ရောင်းလိုသောဆန္ဒရှိသူအပေါ် အခြေခံ၍ တန်ဖိုးသတ်မှတ်ရန် မဖြစ်နိုင်သောကြောင့် Market Comparable Approach ကို လက်ခံကျင့်သုံးနိုင်မည် မဟုတ်ပေ။ ပစ္စည်း၏ တန်ဖိုးသတ်မှတ်ရန် Income Capitalization Approach ကို သုံးမည်ဆိုပါက ထိုပစ္စည်းသည် ငွေးရမ်းမှုအတွက် လုံလောက်သောအချိန် ပေးနိုင်ရမည်။ ထို့အပြင် ပစ္စည်း၏ ပြန်ရချက်သည် တည်ငြိမ်မှုရှိ၍ Capitalization rate ကို အသုံးပြုနိုင်သော အခြေအနေ ရှိရပါမည်။ ပိုင်ဆိုင်မှုအတွက် ခွင့်ပြုမိန့်သည် လက်တလောကာလတွင် ရရှိထားသဖြင့် ငှါးရမ်းမှုဖြစ်စဉ်သည် ကနဦးအဆင့်တွင်သာရှိပါသည်။ သို့ဖြစ်၍ Income Capitalization Approach ကို ကျင့်သုံးနိုင်မည် မဟုတ်ပေ။

ကနဦးဖော်ပြထားသော တန်ဖိုးသတ်မှတ်ခြင်းနည်းလမ်းနှစ်ခုကို အသုံးမပြုနိုင်သောကြောင့် တတိယအသုံးပြုနိုင်သော နည်းလမ်းမှာ Cost Approach ဖြစ်ပါသည်။ သင့်လျော်သော ဝယ်ယူသူမှ အလားတူအဆောက်အဦတစ်ခု ဆောက်လုပ်ခြင်းအတွက် ကုန်ကျသောစရိတ်နှင့် တူညီသောပမာဏ (သို့မဟုတ်) ပိုသောပမာဏဖြင့် ပေးချေခြင်းကို ဆိုလိုပါသည်။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ Cost Approach သည် ပစ္စည်း၏တန်ဖိုးကို ခန့်မှန်းခြင်းနှင့် ပြန်လည်တန်ဖိုးသတ်မှတ်ခြင်းအတွက် အသင့်တော်ဆုံးနည်းလမ်းဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ နှစ်အတွင်းတွင် လူနေဆိုင်ခန်း (၃) ခန်းကို ၎င်းတို့၏ စုစုပေါင်း အသားတင်တန်ဖိုးဖြင့် ကုန်လက်ကျန်စာရင်းသို့ စာရင်းပြောင်းခဲ့ပါသည်။ ပိုင်ဆိုင်ပစ္စည်းကို သာမာန်စီးပွားရေးလုပ်ငန်းတွင် ငှားရမ်းခရရှိရန်အတွက် လက်ဝယ် ကိုင်ဆောင်ထားခြင်းဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် နေ့ရှိ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းတွင်
၁။ အလုပ်သမားများနေထိုင်သည့် အဆောက်အဦ (၃)လုံး၊
၂။ အဓိကလမ်းမကြီးနှင့် မျက်နှာချင်းဆိုင်ရှိ A အမျိုးအစား လူနေဆိုင်ခန်း (၁) ခု၊

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများနှင့် ပတ်သက်သည့်မျှတသောတန်ဖိုး (fair value) အဆင့်ဆင့်၏ အသေးစိတ်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

| | အဆင့် (၁) | အဆင့် (၂) | အဆင့် (၃) | **၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ မျှတသော တန်ဖိုး (fair value)** |
|---|---|---|---|---|
| ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း | | | | |
| အလုပ်သမားများနေထိုင်ရန် အဆောက်အဦ | - | - | ၁၁,၀၅၈,၇၃၂ | **၁၁,၀၅၈,၇၃၂** |
| Unit A –အဓိကလမ်းမကြီး | ၄၅၀,၀၀၀ | - | - | **၄၅၀,၀၀၀** |

Unit A – အဓိကလမ်းမကြီးအတွက် မျှတသောတန်ဖိုး (fair value) သတ်မှတ်မှုပြုလုပ်ရာတွင် Market Comparable Approach ကို အသုံးပြု၍ အရှေ့မြောက်လပ်အတွက် ညှိနှိုင်းထားပြီးသော အလားတူပိုင်ဆိုင်ပစ္စည်း၏ လက်ရှိ ဈေးကွက် ပေါက်ဈေး အပေါ်အခြေခံပြီး ရယူထားပါသည်။

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများအတွက် မျှတသောတန်ဖိုး (fair value) အဆင့်ဆင့်ကို Level 3 သို့ ခွဲခြားရာတွင် အောက်ဖော်ပြပါ အချက်အလက်များ သက်ဆိုင်ပါသည်။

| ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း | တန်ဖိုးသင့်သော နည်းလမ်း | Significant unobservable input(s) | အထိအခိုက်ခံနိုင်မှု (Sensitivity) |
|---|---|---|---|
| အလုပ်သမားများ နေထိုင်သည့် အဆောက်အဦ | Income Capitalization Approach | Capitalization rate | Capitalization rate တိုးလာခြင်းသည် မျှတသောတန်ဖိုး (fair value) လျော့ကျခြင်းကို ဖြစ်စေသည်။ အပြန်အလှန်အားဖြင့် မျှတသောတန်ဖိုး (fair value) လျော့ကျလျှင်လည်း Capitalization rate တိုးလာနိုင်သည်။ |
| | | Occupancy rate | ပိုင်ဆိုင်မှုနှုန်း လျော့ကျခြင်းသည် မျှတသောတန်ဖိုး (fair value) လျော့ကျခြင်းကို ဖြစ်စေသည်။ အပြန်အလှန်အားဖြင့် မျှတသောတန်ဖိုး (fair value) လျော့ကျလျှင်လည်း ပိုင်ဆိုင်မှုနှုန်း လျော့ကျနိုင်သည်။ |
| | | Monthly rental | လစဉ်ငှါးရမ်းခ လျော့ကျခြင်းသည် မျှတသောတန်ဖိုး (fair value) လျော့ကျခြင်းကို ဖြစ်စေသည်။ အပြန်အလှန်အားဖြင့် မျှတသောတန်ဖိုး (fair value) လျော့ကျလျှင်လည်း လစဉ်ငှားရမ်းခ လျော့ကျနိုင်သည်။ |

ယခုဘဏ္ဍာရေးနှစ်အတွင်းတွင် အဓိကလမ်းမကြီးနှင့် မျက်နှာချင်းဆိုင်ရှိ A အမျိုးအစား လူနေဆိုင်ခန်း (၁) ခုသည် အဆင့် (၂) မှ အဆင့် (၁) သို့ ပြောင်းရွှေ့သွားသည်မှလွဲ၍ အခြားပြောင်းလဲမှုများမရှိပါ။

ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ၏ မျှတသောတန်ဖိုး (fair value) သည် လွတ်လပ်သော တန်ဖိုးသင့်သူ၏ တန်ဖိုးသင့်မှုအပေါ်တွင် အခြေခံထားခြင်းမဟုတ်ပါ။

ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများအားလုံးမှ ပိုင်ဆိုင်ပစ္စည်းငှားရမ်းခရငွေ မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) ၂၅၄,၂၈၈ မှာ ကာလတိုငှားရမ်းခြင်း (operating lease) မှ ရရှိသော ငှားရမ်းခရငွေဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းများ ငှားရမ်းမှုအတွက် တိုက်ရိုက်လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ် (ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း အပါအဝင်) မှာ မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) ၁၆၈,၀၆၁ ဖြစ်ပါသည်။

## ၁၁။ ရွှေ့ဆိုင်းထားသောအခွန်

ရွှေ့ဆိုင်းထားသောအခွန်ကို အခွန်ဥပဒေအရ တွက်ချက်ရရှိသော ပုံသေပိုင်ပစ္စည်း၏ သယ်ဆောင်တန်ဖိုးနှင့် ဘဏ္ဍာရေးရှင်းတမ်းရှိ ပုံသေပိုင်ပစ္စည်း၏ သယ်ဆောင်တန်ဖိုးကို နှုတ်သည့်အခါမှ ရရှိလာသော ယာယီကွာခြားချက်များအပေါ်တွင် ဝင်ငွေခွန်နှုန်းထားဖြင့် တွက်ချက်ထားပါသည်။

ရွှေ့ဆိုင်းထားသော အခွန်များသည် တူညီသော ဘဏ္ဍာရေးနှစ် အခွင့်အာဏာနှင့် သက်ဆိုင်သောအခါနှင့် နှစ်အတွင်း ဝင်ငွေခွန်ရပိုင်ခွင့်ကို ဝင်ငွေခွန်ပေးရန်တာဝန်ဖြင့် တရားဝင်ခိုင်မာသော ခုနှိမ်ခွင့်ရှိသောအခါ ရွှေ့ဆိုင်းထားသော ဝင်ငွေရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို ခုနှိမ်ပါသည်။ သင့်လျော်သော ခုနှိမ်မှုပြုလုပ်ပြီးနောက် ငွေပမာဏမှာ ဘဏ္ဍာရေးအခြေအနေပြရှင်းတမ်းတွင် အောက်ပါအတိုင်းဖော်ပြပါသည်။

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **ပုံသေပိုင်ပစ္စည်းအပေါ် အခွန်တန်ဖိုးလျော့** |
|---|---|
| ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | **၁၁,၄၅၃** |
| အရှုံးအမြတ်စာရင်းတွင် စာရင်းတင်ခြင်း (မှတ်စု - ၂၄) | **၂၅,၄၁၃** |
| ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | **၃၆,၈၆၆** |
| ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၁,၈၉၇ |
| အရှုံးအမြတ်စာရင်းတွင် စာရင်းတင်ခြင်း (မှတ်စု - ၂၄) | (၄၄၄) |
| ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၁,၄၅၃ |

## ၁၂။ အရစ်ကျရောင်းချခြင်းမှ အသားတင်ရရန်ရှိ

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသောနှစ်အတွင်းတွင် ကုမ္ပဏီသည် လူနေဆိုင်ခန်းများကို အရစ်ကျအစီအစဉ်ဖြင့် ရောင်းချခဲ့ပါသည်။ ထိုသို့အရစ်ကျရောင်းချခြင်းမှ ရရှိလာမည့် ပေးချေမှုများ၏ အသားတင် လက်ငင်းတန်ဖိုးကို ဝင်ငွေနှင့် ရရန်ရှိများတွင် စာရင်းဖော်ပြထားပါသည်။ အသားတင်လက်ငင်းတန်ဖိုးကို တိုင်းတာရန် ကုမ္ပဏီသည် စာချုပ်ပါယေဘုယျ သွယ်ဝိုက်အတိုးနှုန်းကို လျှော့ပေးနှုန်း (discount rate) အဖြစ် အသုံးပြုထားသည်။ ရောင်းချထားသည့် လူနေဆိုင်ခန်းများကို ကုန်လက်ကျန်စာရင်းမှ ပယ်ဖျက်ပြီး ၎င်း၏ သယ်ဆောင်တန်ဖိုးကို ကုန်ရောင်းတန်ဖိုးတွင် စာရင်းသွင်းထားပါသည်။ ဝင်ငွေနှင့် ကုန်ရောင်းတန်ဖိုးတို့၏ ခြားနားချက်သည် အရစ်ကျရောင်းချခြင်းမှ ရရှိသည့် အမြတ်ဖြစ်သည်။

ကုမ္ပဏီသည် အရစ်ကျရောင်းချခြင်းမှ ရရှိလာသည့် အတိုးကို အရစ်ကျပေးချေမှုကာလအလိုက် ခွဲဝေပြီး အတိုးဝင်ငွေအဖြစ် စာရင်းဖော်ဆောင်ပါသည်။

### (က) အရစ်ကျရောင်းချခြင်းမှ ရရှိသည့် အမြတ်

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၁** | ၂၀၂၀ |
|---|---|---|
| ရောင်းချခြင်းမှရရှိသည့် အမြတ် | **-** | ၁၉၂,၅၉၆ |

**(ခ) အရစ်ကျရောင်းချခြင်းမှ ရရန်ရှိ**

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| အရစ်ကျရောင်းချခြင်းမှ အကြမ်းရရန်ရှိ | ၂၅၄,၆၇၄ | ၅၁၈,၃၂၉ |
| မရရှိသေးသော အတိုးဝင်ငွေ | (၁၁,၉၆၉) | (၆၈,၉၁၀) |
| | ၂၄၂,၇၀၅ | ၄၄၉,၄၁၉ |
| လက်ငင်းရရန်ရှိ (မှတ်စု ၁၅) | (၂၀၁,၁၇၀) | (၁၆၇,၄၈၁) |
| | ၄၁,၅၃၅ | ၂၈၁,၉၃၈ |

**(ဂ) လျှော့ပေးခြင်းမပြုလုပ်ရသေးသော (undiscounted) ရရန်ရှိ အရစ်ကျငွေ**

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| တစ်နှစ်အတွင်း ရရန်ရှိ | ၂၁၂,၂၂၈ | ၂၀၄,၁၇၁ |
| နှစ်နှစ် မှ သုံးနှစ် အတွင်း ရရန်ရှိ | ၄၂,၄၄၆ | ၃၁၄,၁၅၈ |
| | ၂၅၄,၆၇၄ | ၅၁၈,၃၂၉ |

## ၁၃။ အခြားရပိုင်ခွင့်များ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| Logistics Dependent Industrial Area | ၈၆,၇၀၆ | ၈၆,၇၀၆ |
| Myit Kyi Nar Economic Development Zone | ၇,၀၀၅ | ၇,၀၀၅ |
| Gyo Gone Redevelopment Project | ၁၇၅,၆၄၅ | ၁၀၅,၂၀၀ |
| AGRO-Industrial Park | ၂၀,၅၀၀ | - |
| | ၂၈၉,၈၅၆ | ၁၉၈,၉၁၁ |

## ၁၄။ ငွေနှင့် ငွေသားညီမျှခြင်းလက်ကျန်များ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| ငွေလက်ကျန် | ၆၃,၀၃၅ | ၂၁,၇၄၂ |
| ဘဏ်လက်ကျန် | ၁၆,၀၄၀,၅၂၁ | ၁၆,၈၆၀,၈၄၅ |
| | ၁၆,၁၀၃,၅၅၆ | ၁၆,၈၈၂,၅၈၇ |

## ၁၅။ ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| ကုန်သွယ်မှုရရန်ရှိများမှ | | |
| -ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ* | **၃၃၂,၂၆၇** | ၂၂၅,၃၂၄ |
| -ဆက်နွယ်မှုမရှိသောအဖွဲ့အစည်းများ | **၅၂,၁၄၀** | ၂၂,၀၄၉ |
| ဆက်နွယ်မှုမရှိသောအဖွဲ့အစည်းများမှ အခြားရရန်ရှိများ | **၇,၅၃၄** | ၂၀,၉၄၄ |
| အရစ်ကျရောင်းချခြင်းမှ အသားတင်ရရန်ရှိ (မှတ်စု - ၁၂) | **၂၀၁,၁၇၀** | ၁၆၇,၄၈၁ |
| ဆောက်လုပ်ရေးကန်ထရိုက်များ | | |
| -ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ** | **-** | ၂၄,၃၁၅ |
| ရရန်ရှိဝင်ငွေ | | |
| -ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ | **-** | ၃၀,၃၁၇ |
| -ဆက်နွယ်မှုမရှိသောအဖွဲ့အစည်းများ | **၂၁,၅၁၂** | ၁၆,၂၆၀ |
| စရန်ငွေ | **၂၁၉,၀၅၄** | ၂၁၈,၃၉၀ |
| ကြိုတင်ပေးငွေများ | **၃၀,၆၈၁** | ၂၉,၀၁၂ |
| ကြိုတင်ဝင်ငွေခွန် | **၃၀,၂၀၇** | ၃၀,၂၀၇ |
| ကြိုတင်ကုန်သွယ်ခွန် | **၆၅၁,၈၁၂** | ၇၃၀,၉၁၀ |
| | **၁,၅၄၆,၃၇၇** | ၁,၅၁၅,၂၀၉ |

* MJTD မှ စီမံခန့်ခွဲမှု အခကြေးငွေများ ဖြစ်ပါသည်။

** Myanmar Japan Thilawa Development Limited (MJTD) နှင့် ကုမ္ပဏီတို့ စာချုပ်ချုပ်ဆိုခဲ့သော စာချုပ်အရ စည်ပင်သာယာလမ်း ဆောက်လုပ်ရေးလုပ်ငန်း၏ ဝန်ဆောင်ခများအတွက် MJTD ထံမှ ရရန်ရှိဖြစ်ပါသည်။

## ၁၆။ ကုန်လက်ကျန်များ

ကုန်လက်ကျန်များတွင် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ လူနေအိမ်ယာနှင့် စီးပွားရေးဇရိယာဖွံ့ဖြိုးရေးအတွက် MJTD ထံမှ ဝယ်ယူထားသော မြေတန်ဖိုးနှင့် မြေယာဖော်ထုတ်သည့် ကုန်ကျစရိတ်တို့ ပါဝင်ပါသည်။ ထို့အပြင် မြေပြုပြင်မှုများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လူနေဆိုင်ခန်း (၁၈) ခန်းနှင့် လူနေဆိုင်ခန်းများ ဆောက်လုပ်ခြင်း လုပ်ငန်းများအတွက် ကုန်ကျစရိတ်များ ပါဝင်ပါသည်။

## ၁၇။ ဆောက်လုပ်ရေးကန်ထရိုက်များ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| ဆောင်ရွက်ဆဲဆောက်လုပ်ရေးကန်ထရိုက် | | |
| နှစ်စရှိစာရင်းဖွင့်လက်ကျန် | – | ၁၆,၂၇၀ |
| ကန်ထရိုက်အတွက်ကုန်ကျငွေ | – | ၁၃၆,၄၅၄ |
| အသိအမှတ်ပြုအမြတ်/ အရှုံး | – | (၁၅၂,၇၂၄) |
| နှစ်ကုန်စာရင်းပိတ်လက်ကျန် | – | – |
| မပြည့်စုံသော ဆောက်လုပ်ရေး ကန်ထရိုက်များ၏ | | |
| စုစုပေါင်းကုန်ကျစရိတ်နှင့် အသိအမှတ်ပြု အမြတ်ငွေ | – | ၂၆၃,၄၅၈ |
| ပြီးစီးမှုအတွက်ငွေတောင်းခံလွှာ | – | (၂၃၃,၁၄၁) |
| မတောင်းခံရသေးသောရရန်ရှိ - လက်ရှိဘဏ္ဍာရေးနှစ် | – | ၃၀,၃၁၇ |
| **ကန်ထရိုက်လုပ်ငန်း အပ်နှံသူထံမှ ရရန်ရှိများ (မှတ်စု - ၁၅)** | | |
| တောင်းခံပြီးသောရရန်ရှိ | – | ၂၄,၃၁၅ |
| မတောင်းခံရသေးသောရရန်ရှိ - လက်ရှိဘဏ္ဍာရေးနှစ် | – | ၃၀,၃၁၇ |
| မတောင်းခံရသေးသောရရန်ရှိ - ယခင်ဘဏ္ဍာရေးနှစ် | – | – |
| **နှစ်ကုန်စာရင်းပိတ်လက်ကျန်** | – | ၅၄,၆၃၂ |

## ၁၈။ ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ထုတ်ဝေထားသောသာမန် အစုရှယ်ယာအရေအတွက် | | ထုတ်ဝေပေးသွင်းပြီး ရှယ်ယာရင်းနှီးငွေ | |
|---|---|---|---|---|
| | ၂၀၂၁ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၀ |
| နှစ်စရှိစာရင်းဖွင့်လက်ကျန် | ၃၈,၉၂၉,၁၅၀ | ၃၈,၉၂၉,၁၅၀ | ၃၈,၉၂၉,၁၅၀ | ၃၈,၉၂၉,၁၅၀ |
| အစုရှယ်ယာ ထုတ်ဝေခြင်း | – | – | – | – |
| **နှစ်ကုန်စာရင်းပိတ်လက်ကျန်** | ၃၈,၉၂၉,၁၅၀ | ၃၈,၉၂၉,၁၅၀ | ၃၈,၉၂၉,၁၅၀ | ၃၈,၉၂၉,၁၅၀ |

## ၁၉။ ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| မဆက်နွယ်သောအဖွဲ့အစည်းများသို့ ကုန်သွယ်မှုပေးရန်ရှိများ | **၂၆,၂၀၈** | ၂၉,၇၆၃ |
| ဆောက်လုပ်ရေးကန်ထရိုက်-ကုန်ရောင်းသူသို့ပေးရန်ရှိ | **၁၂၀,၄၁၇** | ၂၈၃,၅၄၂ |
| အခြားပေးရန်ရှိများ | | |
| -ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ | **၉၁,၇၆၄** | ၅၁,၂၅၉ |
| -ဆက်နွယ်မှုမရှိသောအဖွဲ့အစည်းများ | **၁၅၉,၀၀၉** | ၁၁၇,၂၆၉ |
| ရောင်းသူများထံမှ စရန်ရငွေများ | **၁၃,၆၉၇** | ၂၃,၁၅၆ |
| ပေးရန်ရှိအသုံးစရိတ်များ | **၂၁၇,၀၀၇** | ၉၂,၉၄၇ |
| ပေးရန်ရှိအမြတ်ဝေစု | **၁,၄၅၈,၉၇၀** | ၁,၁၉၁,၈၈၃ |
| ရွှေ့ဆိုင်းထားသော ငှားရမ်းခဝင်ငွေ | | |
| -ဆက်နွယ်ပတ်သက်သောအဖွဲ့အစည်းများ | **၂၁၃** | ၇၉၅ |
| -ဆက်နွယ်မှုမရှိသောအဖွဲ့အစည်းများ | **၁၇,၅၃၈** | ၅၄,၀၇၆ |
| ကုန်သွယ်လုပ်ငန်းခွန် | **၁၄,၁၂၃** | ၅,၃၆၈ |
| အခန်းငှားခအတွက် တံဆိပ်ခေါင်းတန်ဖိုး ကြိုတင်ရရှိငွေ | **–** | ၁၂ |
| | **၂,၁၁၈,၉၄၆** | ၁,၈၅၀,၀၇၀ |

## ၂၀။ ဝင်ငွေ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| စီမံခန့်ခွဲမှု အခကြေးငွေ | **၁,၀၃၇,၅၇၉** | ၉၁၄,၄၃၁ |
| ဆောက်လုပ်ရေးလုပ်ငန်းဝင်ငွေ | **–** | ၂၅၄,၆၂၉ |
| ငှားရမ်းခ | **၂၅၄,၂၈၈** | ၃၆၉,၅၃၈ |
| မြေယာရောင်းရငွေ | **၁,၃၇၀,၂၀၀** | – |
| အဆောက်အဦရောင်းရငွေ | **–** | ၆၈၇,၉၅၁ |
| ဆက်သွယ်ရေးမှရရှိသည့် ဝင်ငွေ | **၁၇,၂၂၆** | ၁၈,၄၁၅ |
| ရေ၊ မီး သုံးစွဲမှု၊ ထိန်းသိမ်းမှုအတွက် ဝင်ငွေ | **၂၆၈,၅၁၉** | ၂၄၄,၀၇၅ |
| | **၂,၉၄၇,၈၁၂** | ၂,၄၈၉,၀၃၉ |

### စီမံခန့်ခွဲမှုအခကြေးငွေ

စီမံခန့်ခွဲမှုအခကြေးငွေကို အောက်ပါပုဂ္ဂိုလ်များက MJTD အား စီမံခန့်ခွဲမှုဆောင်ရွက်ပေးခြင်းအတွက် ရရှိခဲ့ပါသည်။

(၁) ဥက္ကဋ္ဌ

(၂) ဒုဥက္ကဋ္ဌ

(၃) ဘဏ္ဍာရေးအရာရှိချုပ်

(၄) စီမံနှင့် လူ့စွမ်းအားအရင်းအမြစ်အရာရှိချုပ်

**ဆောက်လုပ်ရေး လုပ်ငန်းဝင်ငွေ**

ဆောက်လုပ်ရေးဝင်ငွေတွင် အဓိကအားဖြင့် MJTD မှ လမ်းဆောက်လုပ်ရေးကန်ထရိုက်များ နှင့် rental factory B တိုးချဲ့ဆောက်လုပ်ခြင်းများ ပါဝင်ပါသည်။

**ငှားရမ်းခ**

ငှားရမ်းခဝင်ငွေတွင် အခန်းငှားရမ်းခြင်း၊ စားသောက်ဆိုင်နှင့် ဆိုင်ခန်းငှားရမ်းခြင်းများ ပါဝင်ပါသည်။

**မြေယာရောင်းရငွေ**

မြေယာရောင်းရငွေတွင် မက်စ် အင်နာဂျီ ကုမ္ပဏီ လီမိတက်သို့ မြေယာရောင်းချခြင်းများ ပါဝင်ပါသည်။

**အဆောက်အဦရောင်းရငွေ**

အဆောက်အဦရောင်းရငွေတွင် လူနေဆိုင်ခန်းများကို ဦးမောင်မောင်ကြီးသို့ ရောင်းချခြင်းများ ပါဝင်ပါသည်။

**ဆက်သွယ်ရေးမှရရှိသည့် ဝင်ငွေ**

ဆက်သွယ်ရေးမှ ရရှိသည့် ဝင်ငွေတွင် ဖိုင်ဘာအော့(ပ်)တစ်ကေဘယ်လိုင်းကို ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူအား အသုံးပြုခွင့်ပေးခြင်းအတွက် ပုံသေနှုန်းဖြင့် ရရှိခြင်းနှင့် ဝင်ငွေကို ခွဲဝေခြင်းနည်းဖြင့် ရရှိခြင်းတို့ ပါဝင်ပါသည်။

**ရေ၊ မီး သုံးစွဲမှု၊ ထိန်းသိမ်းမှုအတွက် ဝင်ငွေ**

ရေ၊ မီး သုံးစွဲမှု၊ ထိန်းသိမ်းမှုအတွက် ဝင်ငွေတွင် ဘဏ်များ၊ လူနေဆိုင်ခန်းများ၊ ငှားရမ်းထားသောဆိုင်များနှင့် စားသောက်ဆိုင်များမှ ရေ၊ မီးသုံးစွဲမှုနှင့် အများသုံးဧရိယာထိန်းသိမ်းမှုများအတွက် အခကြေးငွေများ ပါဝင်ပါသည်။

၂၁။ **အခြားဝင်ငွေ**

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| အတိုးဝင်ငွေ | **၆၁,၈၈၇** | ၅၆၉,၆၄၀ |
| အထွေထွေဝင်ငွေ | **၁၉,၃၅၉** | ၉၁,၈၄၇ |
| ငှားရမ်းခြင်းမှ အတိုးဝင်ငွေ | **၄၇,၅၆၆** | ၃၇,၉၂၃ |
| | **၁၂၈,၈၁၂** | ၆၉၉,၄၁၀ |

## ၂၂။ အမှန်မပေါ်ပေါက်ခဲ့သော ငွေကြေးလဲလှယ်မှု အမြတ်/ (အရှုံး) များ

အမှန်မပေါ်ပေါက်ခဲ့သော ငွေကြေးလဲလှယ်မှု အမြတ်/ (အရှုံး) များသည် အဓိကအားဖြင့် ဘဏ္ဍာနှစ်ကုန်တွင် ကိုင်ဆောင်ထားသော အမေရိကန်ဒေါ်လာအား ပြန်လည်တန်ဖိုးသင့်ရာတွင် ဖြစ်ပေါ်လာသော နိုင်ငံခြားငွေ အမြတ်/ (အရှုံး) များ ဖြစ်ပါသည်။

## ၂၃။ လုပ်ငန်းစဉ်အလိုက် စရိတ်များ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| မြေယာကုန်ကျစရိတ် | **၄၁၃,၉၄၃** | – |
| ဆောက်လုပ်ရေး ကုန်ကျစရိတ် | **–** | ၁၅၂,၇၂၄ |
| အခန်းငှားရမ်းမှုအတွက်ကုန်ကျစရိတ် | **၁၆၈,၀၆၁** | ၂၃၆,၉၅၂ |
| အဆောက်အဦကုန်ကျစရိတ် - လူနေဆိုင်ခန်း | **–** | ၅၀၃,၂၆၆ |
| ရေ၊ မီး သုံးစွဲမှု၊ ထိန်းသိမ်းခြင်းစရိတ် | **၁၈၆,၀၁၆** | ၁၉၁,၇၆၄ |
| ပုံသေပိုင်ပစ္စည်း ပယ်ဖျက်ခြင်း (မှတ်စု ၆) | **၁,၃၉၇** | ၂၉,၀၃၁ |
| ပုံသေပိုင်ပစ္စည်း တန်ဖိုးလျော့ (မှတ်စု ၆) | **၂၆၂,၀၀၃** | ၃၁၀,၇၇၉ |
| ရင်းနှီးမြှုပ်နှံမှုပစ္စည်း တန်ဖိုးလျော့ (မှတ်စု ၁၀) | **၁၂၈,၉၁၁** | ၁၃၅,၃၄၁ |
| ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်းတန်ဖိုးလျော့ (မှတ်စု ၇) | **၁,၃၅၀** | ၁,၉၇၆ |
| ဝန်ထမ်းအကျိုးအမြတ်စရိတ် (မှတ်စု၂၃-က) | **၅၉၁,၄၅၀** | ၇၄၉,၃၈၈ |
| သဘောချက်ကျသော စီမံအုပ်ချုပ်သူနှင့် ဒါရိုက်တာအခကြေးငွေများ (မှတ်စု-၂၆(ခ)) | **၆၀၃,၄၂၈** | ၇၈၂,၆၁၈ |
| အရောင်း၊ ဈေးကွက်ရှာဖွေရေးနှင့် လုပ်ငန်းဖွံ့ဖြိုးမှုအတွက် ကုန်ကျစရိတ်များ | **၂၉,၂၃၆** | ၄၄,၁၅၂ |
| ငှားရမ်းခစရိတ် | **၁၃,၀၁၀** | ၇၈,၆၈၄ |
| သယ်ယူပို့ဆောင်ရေးစရိတ် | **၁၈,၉၇၅** | ၂၇,၄၅၁ |
| စာရင်းပင်စရိတ် | **၉,၄၇၅** | ၈,၀၉၉ |
| အခြားစရိတ်များ | **၃၆၆,၅၈၄** | ၄၂၃,၄၁၂ |
| မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု | **(၆၃,၄၃၄)** | (၅၂,၃၇၄) |
| | **၂,၇၃၀,၄၀၅** | ၃,၆၂၃,၂၆၃ |

## ၂၃-က။ ဝန်ထမ်းအကျိုးအမြတ်စရိတ်

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| လုပ်ခနှင့် လစာများ | **၄၈၈,၄၅၃** | ၅၆၅,၉၁၀ |
| အခြားအကျိုးအမြတ်များ | **၁၀၂,၉၉၇** | ၁၈၃,၄၇၈ |
| | **၅၉၁,၄၅၀** | ၇၄၉,၃၈၈ |

## ၂၄။ ဝင်ငွေခွန်

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| လက်ရှိအခွန်စရိတ် | ၂၀၂,၉၇၄ | - |
| ရွှေ့ဆိုင်းထားသော ဝင်ငွေခွန် (မှတ်စု ၁၁) | (၂၅,၄၁၃) | ၄၄၄ |
| | ၁၇၇,၅၆၁ | ၄၄၄ |

## ၂၅။ ရှယ်ယာတစ်စုၡ ဝင်ငွေ

### ရှယ်ယာတစ်စုၡ အခြေခံဝင်ငွေ

အခြေခံကျသော ရှယ်ယာတစ်စုၡဝင်ငွေကို ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီ၏အစုရှင်များသို့ ခွဲဝေပေးရသော အမြတ်ကို အချိန်နှင့် ပျမ်းမျှယူထားသော သာမန်အစုရှယ်ယာအရေအတွက်ဖြင့် စားပြီး တွက်ချက်ထားပါသည်။

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| ဘဏ္ဍာရေးနှစ်အတွင်းကုမ္ပဏီ၏အစုရှင်များသို့ ခွဲဝေပေးရသော အသားတင်အမြတ်/(အရှုံး) (မြန်မာကျပ်ငွေထောင်ပေါင်း) | ၈,၄၈၆,၉၁၉ | ၄,၇၀၄,၀၀၉ |
| အချိန်နှင့် ပျမ်းမျှယူထားသော သာမန်အစုရှယ်ယာအရေအတွက် (ရှယ်ယာထောင်ပေါင်း) | ၃၈,၉၂၉ | ၃၈,၉၂၉ |
| အခြေခံကျသောရှယ်ယာတစ်စုၡအမြတ် | ၂၁၈ | ၁၂၁ |
| ရှယ်ယာတစ်စောင်လျှင် ( မြန်မာကျပ်) | ၁,၀၀၀ | ၁,၀၀၀ |

## ၂၆။ ဆက်နွယ်ပတ်သက်သော အဖွဲ့အစည်းများအကြား ဆောင်ရွက်ချက်များ

ဘဏ္ဍာရေးရှင်းတမ်း၏ အခြားနေရာများတွင် ဖော်ပြထားသော အချက်အလက်များအပြင် အောက်ပါလုပ်ငန်း လုပ်ဆောင်ချက်များသည် ကုမ္ပဏီနှင့် ဆက်နွယ်ပတ်သက်နေသော အဖွဲ့အစည်းများအကြားတွင် သဘောတူညီချက် များနှင့်အညီ ပေါ်ပေါက်ခဲ့ပါသည်။

### (က) ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူခြင်းနှင့် ရောင်းချခြင်း

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| MJTD ထံမှ ရရှိခဲ့သော အုပ်ချုပ်မှုအခကြေးငွေ | ၁,၀၃၇,၅၇၉ | ၉၁၄,၄၃၁ |
| MJTD ထံမှ ရရှိခဲ့သော ငှားရမ်းခဝင်ငွေ | ၄၂၀ | - |
| MJTD ထံမှ ရရှိခဲ့သော ဆောက်လုပ်ရေးလုပ်ငန်း ဝင်ငွေ | - | ၂၅၄,၆၂၉ |

အခြားဆက်နွယ်ပတ်သက်နေသော ပုဂ္ဂိုလ်အဖွဲ့အစည်းများသည် အဓိကအားဖြင့် အုပ်စု၏ အဓိကကျသော အုပ်ချုပ်သူများ၏ အထင်ကရ လွှမ်းမိုးခြင်းခံရသော (သို့မဟုတ်) ထိန်းချုပ်ခံရသော ကုမ္ပဏီများဖြစ်ပါသည်။

| အမှတ် | ကုမ္ပဏီအမည် | ဆက်နွယ်နေသော ပုဂ္ဂိုလ်များ | ရာထူး | ၂၀၂၁ (ကျပ်ထောင်ပေါင်း) | ၂၀၂၀ (ကျပ်ထောင်ပေါင်း) |
|---|---|---|---|---|---|
| ၁။ | Shwe Me | ဦးထွန်းလွင် | ဒါရိုက်တာ | **၁၃,၀၅၂** | ၆၁,၄၆၇ |
| ၂။ | Yoma Fleet | ဦးသိမ်းဝေ | ဒုဥက္ကဋ္ဌ | **၁,၂၅၀,၀၀၀** | - |
| ၃။ | Dagon International Limited | ဦးဝင်းအောင် | ဥက္ကဋ္ဌ | **၉,၁၀၉** | - |

ဆက်နွယ်ပက်သက်သောအဖွဲ့အစည်းများ၏ လက်ကျန်စာရင်းများကို မှတ်စု (၁၅) နှင့် (၁၉) တို့တွင် အသီးသီး ဖော်ပြထားပါသည်။

### (ခ) သော့ချက်ကျသော စီမံအုပ်ချုပ်သူနှင့် ဒါရိုက်တာ အခကြေးငွေများ

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | ၂၀၂၁ | ၂၀၂၀ |
|---|---|---|
| ဒါရိုက်တာ အခကြေးငွေ | **၇၀,၀၀၀** | ၇၂,၀၀၀ |
| ဒါရိုက်တာ ဆုကြေး | | |
| - ၂၀၁၉ ခုနှစ်၊ ဧပြီလ မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ | **-** | ၆၃,၈၂၉ |
| - ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ | **-** | ၅၂,၁၂၀ |
| - ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ | **၉၁,၇၆၄** | - |
| သော့ချက်ကျသော စီမံအုပ်ချုပ်သူများအတွက် အခကြေးငွေ | **၄၀၆,၁၀၂** | ၅၁၄,၀၂၁ |
| သော့ချက်ကျသော စီမံအုပ်ချုပ်သူများအတွက် ဆုကြေး | **၃၅,၅၆၂** | ၈၀,၆၄၈ |
| | **၆၀၃,၄၂၈** | ၇၈၂,၆၁၈ |

### (ဂ) ဆက်နွယ်ပက်သက်သော အဖွဲ့အစည်းများအကြား အရေးပါသောသဘောတူညီချက်များ

စီမံခန့်ခွဲမှုအခကြေးငွေ

ကုမ္ပဏီသည် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုများပေးရန်အတွက် မြန်မာဂျပန်သီလဝါ ဒီပလော့မန့် ကုမ္ပဏီလီမိတက်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ သဘောတူညီမှုများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါသဘောတူညီချက်များအရ ကုမ္ပဏီသည် သဘောတူညီချက်တွင် သတ်မှတ်ထားသည့်အတိုင်း စီမံခန့်ခွဲမှုအခကြေးငွေကို ရပိုင်ခွင့်ရှိပါသည်။ ၎င်းသဘောတူညီချက်သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

## ၂၇။ အစီရင်ခံစာတင်ပို့ပြီး လုပ်ဆောင်သောဖြစ်ရပ်များ

ဘုတ်အဖွဲ့သည် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ရှယ်ယာတစ်စောင်လျှင် အမြတ်ဝေစု ၁၀၀ ကျပ် ထုတ်ပေးရန် ဆုံးဖြတ်ခဲ့သည်။

## ၂၈။ ဘဏ္ဍာရေးရှင်းတမ်းအတည်ပြုခြင်း

မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက် နေ့တွင် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်အရ ထုတ်ပြန်ရန် အတည်ပြုခဲ့ပါသည်။

# DIRECTORY



## RESPONSIBLE ENTITY

### MYANMAR THILAWA SEZ HOLDINGS PUBLIC CO., LTD.

Company Registration No. 151830293

SHWE ZABU RIVER VIEW COMPLEX, 23G-1, NO.3B,
TOWER (A), PENTHOUSE- 01 & 02, STRAND ROAD,
AHLIONE TOWNSHIP, YANGON, MYANMAR.

## ASSOCIATE

### MYANMAR JAPAN THILAWA DEVELOPMENT LIMITED

Company Registration No. 103789656

ADMINITRATION BUILDING, MJTD OFFICE,
DAGON THILAWA ROAD, THILAWA SEZ,
THANLYIN TOWNSHIP, YANGON

## SUBSIDIARY

### THILAWA PROPERTY DEVELOPMENT LIMITED

Company Registration No.101952428

TPD OPERATION CENTRE, THILAWA SPECIAL ECONOMIC
ZONE, R&C AREA, ZONE (A), KYAUK TAN TOWNSHIP,
YANGON, MYANMAR

## AUDITOR

### WIN THIN & ASSOCIATES (CERTIFIED PUBLIC ACCOUNTANT)

ROOM (2B/2C), 1ST FLOOR, ROSE CONDOMINIUM,
NO, 182/194, BOTAHTAUNG PAGODA ROAD,
PAZUNDAUNG TOWNSHIP, YANGON

## INVESTOR INQUIRES

### MYANMAR THILAWA SEZ HOLDINGS PUBLIC CO., LTD.

SHWE ZABU RIVER VIEW COMPLEX, 23G-1, NO.3B,
TOWER (A), PENTHOUSE- 01 & 02, STRAND ROAD,
AHLIONE TOWNSHIP, YANGON, MYANMAR

***TEL: +9512301772, 2301773, 2301853***
***WEB: www.mtshmyanmar .com***



## SHWE ZABU RIVER VIEW COMPLEX

23G-1, No.3B, Tower (A), 9th Floor (Penthouse),
Strand Road, Ahlone Township, Yangon, Myanmar.
Tel : +951 2301772, 2301773, 2301853
E-mail : info@mtshmyanmar.com
Website : www.mtshmyanmar.com